

နေလင်း(သွား/ဆေး)စီစဉ်သည်
Cron

CRONY CRONY CRONY CRONY CRONY CRONY CRONY CRONY CRONY

ပုံနှိပ်မှတ်တမ်း
[illegible]

[illegible]

[illegible]
စာပေလောက
[illegible]

ထုတ်ဝေသူ
[illegible] ပန်းမျိုးတစ်ရာစာပေ ([illegible])
[illegible]
[illegible]

တန်ဖိုး - ၁၅၀၀ ကျပ်

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP) ၈၈၈-၁၁

ကလောင်စုံ
ခရိုနီ
ကလောင်စုံ - ရန်ကုန်
ပန်းမျိုးတစ်ရာစာပေ ၊ ၂၀၁၃
၁၄၀-စာ ၊ ၁၂.၇ x ၁၈.၄၂ စင်တီ
(၁) ခရိုနီ

CRONY CRONY CRONY CRONY CRONY CRONY CRONY

နေလင်း၊(သွ၁၊/ဆေး၊)စီစဉ်သည်

# Crony
# ခရိုနီ

မြတ်ဆွေ
ပြည်စိုး
ဒေါက်တာရန်မျိုးသိမ်း
သစ္စာနီ
ချစ်စံဝင်း
သန်းစိုးနိုင်
မင်းခက်ရဲ
ဒေါက်တာခင်မောင်ညို
ဦးဘုန်း(ဓာတု)
သောင်းဝေဦး
ကိုသင်း(ပန်ဆိုင်း)

စိုးစံဝင်း
အော်ပီကျယ်
မြေဇာ
ဘငွေကြည်
ကိုဥာဏ်
CMM
သစ်ထွဏ်း
တော်တီဆွေ
ကျော်သူရိန်

## ဆောင်းပါး


- မြတ်ဆွေ — ကျွန်တော်ကြားဖူးသလိုပြောဆိုပါမည် — ၇
- ပြည်စိုး — ခရိုနီ — ၁၁
- ဒေါက်တာရန်မျိုးသိမ်း — အပျိုရည်ပျက်မှာ ကြောက်သောခရိုနီများနှင့် မြန်လည်ထူထောင်ရေး — ၂၁
- သစ္စာနီ — ခရိုနီဝါဒဘာလဲ — ၃၃
- [illegible]
- ဦးဘုန်း (ဓာတု) — [illegible] — [illegible]
- သောင်းဝေဦး — ကြုံခဲ့ဖူးသောခရိုနီများအကြောင်း — ၁၀၃
- ကိုသင်း(ပန်ဆိုင်း) — မြင်းနိုင်းဆိုတာ ဇက်သတ်ထားနိုင်မှ — ၁၂၅


## ကာတွန်း


- စိုးစံဝင်း — ၇
- အော်ပီကျယ် — ၁၈
- မြေဇာ — ၃၀
- ဘငွေကြည် — ၃၇
- ကိုဥာဏ် — ၅၄
- CMM — ၆၅
- သစ်ထွဏ်း — ၈၁
- တော်တီဆွေ — ၉၄
- ကျော်သူရိန် — ၁၁၀


## မြတ်ဆွေ

ကျွန်တော်ကြားဖူးသလို ပြောဆိုပါမည်
"ခရိုနီ"

ပန်းမျိုးတစ်ရာစာပေ

# ကျွန်တော်ကြားဖူးသလို ပြောဆိုပါမည်
## "ခရိုနီ"

"ခရိုနီ"ဟူသောအသံကို သည်ဘက်ခေတ်မှာ တော်တော်ကြားလာရပါသည်။ သည်ဘက်ခေတ်ဆိုသည်မှာ မဝေးကွာလှပါ။ တပ်မတော်အစိုးရနှင့် ဒီမိုကရေစီဖော်ဆောင်မည့် အစိုးရတို့ ကြားကာလဟုဆိုသော် ရမည်ထင်ပါသည်။

လွန်ခဲ့သော နှစ်လေးငါးဆယ်လောက်ကတော့ ခရိုနီဆိုတာ မကြားရပါ။ သည်ဘက်ခေတ်မှာမှ ဘာကြောင့် ခရိုနီကို ခံတွင်းတွေ့နေကြသလဲဆိုတာ စူးစမ်းလေ့လာမိပါသည်။

ခရိုနီဆိုသည့် အဓိပ္ပာယ် အတိအကျကတော့ သည်လိုဖြစ်ပါ၏။ အင်္ဂလိပ်-မြန်မာအဘိဓာန်ထဲမှာ ကြည့်မိပါသည်။

Crony = မိတ်ကောင်းဆွေကောင်း၊ မိတ်ဆွေရင်း၊ မိတ်ဖက်စသည်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုသည်ကို တွေ့ရပါသည်။ ယခုအခါသုံးစွဲနေကြသော ခရိုနီဆိုသောစကားလုံးကို မည်သူကစတင်သုံးသလဲတော့





မသိပါ။ တိုက်ရိုက်အဓိပ္ပာယ်နှင့်သုံးစွဲခြင်းမဟုတ်ဘဲ သွယ်ဝိုက်သော အဓိပ္ပာယ်ပါနေသည်ဟုယူဆပါသည်။

တစ်ချိန်တုန်းက "ဘူဇွာ" ဟူသော စကားလုံး ခေတ်စားခဲ့ပါ၏။ ယခုတော့ဘူဇွာကိုစိတ်မဝင်စားကြတော့ပါ။ ဤတွင်ခရိုနီစကားလုံး၏ တိုက်ရိုက်အဓိပ္ပာယ်ယူလို့မရ၊ သွယ်ဝိုက်ယူထားပုံရပါသည်။ အချင်းချင်း အပြန်အလှန် အကျိုးပြုနေသော မိတ်ဆွေများ၊ ပုလင်းတူ ဘူးဆို့ဆိုသော ခပ်ပျက်ပျက်စကားလုံးမျိုးဖြစ်ပါသည်။

ခရိုနီဟူသည် တစ်ဦးချင်းငွေကြေးချမ်းသာသူမဟုတ်၊ ဘိုးစဉ်ဘောင်ဆက် ချမ်းသာလာသူမဟုတ်၊ တစ်စုံတစ်ရာ မိတ်ကောင်းဆွေကောင်းတို့၏မစမှုကြောင့် ချမ်းသာကြီးပွားလာသူကို ခရိုနီဟုဆိုလိုသည်။

ဤတွင် ဘယ်လိုမိတ်ကောင်းဆွေကောင်း ရှိလို့လဲဟု မေးစရာရှိပါ၏။

တရားဥပဒေ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်စသည်တို့ မထွန်းကားခင်ကာလများက လုပ်ပိုင်ခွင့်ရှိသူ (ဝါ) အာဏာရှိသူတို့၏ အကူအညီဖြင့်စီးပွားရေးလုပ်ငန်းတွေလုပ်ကြသည်။မြေပေါ်မြေအောက်ရှိ သယံဇာတတွေတူးဖော်ကြ ထုတ်လုပ်ကြ၊ ရောင်းဝယ်ကြနှင့်စီးပွားဖြစ်ထွန်းကြသည်။ ဆောက်လုပ်ရေးလုပ်ငန်းကြီးများ၊ မြေယာလုပ်ငန်းများကိုလည်း လုပ်ပိုင်ခွင့်ရကြသည်။

သည်လိုအကျိုးစီးပွားများရှိသော လုပ်ငန်းအစုံရပ်ကို မိမိတစ်ဦးတည်းလုပ်မရ၊ မိတ်ကောင်းဆွေကောင်းရှိမှ ဖြစ်သည်။ မိတ်ကောင်းဆွေကောင်းမှာလည်း အပြန်ပြန်အလှန်လှန်ဖြစ်သည်။ မြွှဲဆိုရလျှင်တော့ အာဏာရှိသူ မိတ်ကောင်းဆွေကောင်းတို့၏ ကြည့်ရှုမစမှုခံရသူများဟု ဆိုရမည်သာ ဖြစ်သည်။



ခရိုနီဖြစ်လာသော သူများသည် မြေနေရာကောင်းများကိုပိုင်ဆိုင်ကြသည်။ လုပ်ကွင်းလုပ်ကွက်လုပ်ငန်းကြီးမှန်သမျှပိုင်ဆိုင်ကြသည်။ သူတို့အစွမ်းအစတစ်ခုတည်းနှင့်မဟုတ်၊ အပြန်အလှန်သဘော ရှိလေသည်။

အကျိုးဖြစ်ထွန်းလာသော ခရိုနီအမည်ရ လုပ်ငန်းရှင်များကလည်း တိုင်းပြည်အတွက် လိုအပ်သော အလှူဒါနကို တခန့်ပြန်လည်ပြုကြသည်။ သို့ဖြစ်ရာ ခရိုနီဆိုသည်မှာ လူဆိုးများမဟုတ်ပါဟုပြောလို့လည်း ရလေသည်။ မိမိအကျိုးအတွက် စေစားမှုစားလည်း လုပ်တတ်လေသည်။

သို့ဖြစ်ရာ ခရိုနီဟူသောစကားလုံးကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ အဘိဓာန်တစ်ခုတည်းနှင့်မပြီး၊ ခေတ်ကာလ ခေတ်သဘာဝတို့နှင့် ခြင်္ခြံ၍ အဓိပ္ပာယ်ဖော်ရိုလိုသည်။

ကျွန်တော့်အနေဖြင့် ဘယ်သူဘယ်ဝါတွေက ခရိုနီတွေပါဟု မပြောလိုသော်လည်း နံနက်ခင်း လက်ဖက်ရည်ဆိုင်ရောက်သွားလျှင် အပေါင်းအသင်း မိတ်ဆွေအချို့သည် ယနေ့ခေတ်ပေါ်ဂျာနယ်များကို ကိုင်ပြီး ဆွေးနွေးဝေဖန်နေကြသည်ကို တွေ့ရသည်။

သူတို့က ဘယ်ဝန်ကြီးဌာန၊ ဦးစီးဌာနကိုဘယ်လောက်လှူသလဲ၊ သူတို့အကျိုးရှိလို့ လှူနိုင်တာပေါ့၊ သိန်းလေးရာဆိုတာနည်းသလား ....
စသည် စသည်ဖြင့် .....။

ဤတွင် ခရိုနီဆိုသည်မှာ ငွေများစွာရအောင်ရှာတတ်သော ပုဂ္ဂိုလ်များ၊ အများအကျိုးရှိရာရှိကြောင်းလည်း တစ်ဖက်တစ်လမ်းမှပြန်အကျိုးပြုသူများဟု ကျွန်တော်တွေးမိပြန်သည်။

"ခရိုနီတွေကိုမယုံနဲ့၊ သူတို့က လူမှုရေးအဖွဲ့အစည်းတွေထဲကို အတင်းဝင်လာကြပြီ...." ဟူသော အသံများလည်း ကြားရပြန်သည်။ (မကျေမချမ်းသံ)

သူတို့လှူရင်လက်ခံရမှာပဲ၊ တရားဥပဒေက သူတို့ကို ဘယ်လိုမှပြစ်ဒဏ်မပေးဘဲ ကိုယ့်အဆုံးအဖြတ်နဲ့ ပယ်ဖြစ်လို့မရဘူးဆိုသော အသံလည်းထွက်လာသည်။ (ကျေနပ်သံ)

သည်တော့ ခရိုနီဟူသည် လူကောင်းလေလော၊ လူဆိုးလေလော၊ လူဆိုးမဟုတ်သည်ကတော့သေချာသည်။ သူက မိတ်ကောင်းဆွေကောင်းဖြစ်သလိုမိတ်ဆွေရင်းချာများကိုလည်းရှာဖွေစည်းရုံးတတ်သည်ကတော့ အမှန်ပင်ဖြစ်လေသည်။


တစ်ခါတစ်ရံတွင် မိတ်ဆွေအချို့သည်လူပုဂ္ဂိုလ်အမည်နာမဖော်ကာ ခရိုနီတွေပဲဟု ပြောသည်ကိုလည်းကြားဖူးပါသည်။

ဤတွင် ခရိုနီဆိုသူများကား အလွန်လည်ဝယ်သူများ၊ လူမှုရေး စီးပွားရေး၊ နိုင်ငံရေးအထိ ကြေညက်သူများဖြစ်သည်ဟုဤကား ကောက်ချက်ချရမည်သာဖြစ်သည်ဟု ကျွန်တော်ကြားဖူးသလို ပြောဆိုလိုက်ချင်ပါသည်။

သူတို့ကား အာဏာပိုင်ဆိုသူများကိုသင့်တင့်လျောက်ပတ်၊ ရေလိုက်ငါးလိုက်ဆက်ဆံတတ်လေရာ လူညံ့များမဟုတ်သည်ကတော့ သေချာပါ၏။ ခရိုနီ၏အဓိပ္ပာယ်ကို ပြည့်ပြည့်ဝဝဖွင့်ဆိုကြပါကုန်။

မြတ်ဆွေ







# ပြည်စိုး

## ခရိုနီ

ပန်းမျိုးတစ်ရာစာပေ

# ခရိုနီ

မြန်မာနိုင်ငံတွင် အရပ်သားအစိုးရပြောင်းလဲတာဝန်ယူသည့် ကာလနောက်ပိုင်းမှစ၍ ခရိုနီ (Crony) ဆိုသော ဝေါဟာရအသုံးအနှုန်း အတော်လေး ရေပန်းစားလာသည်ကိုတွေ့ရှိနေရ၏။

ဤသို့ဆိုပါက ခရိုနီ၏အဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ရန်ရှိပေသည်။ ယေဘုယျအားဖြင့် ခရိုနီဆိုသည်မှာ အာဏာပိုင်များက မိမိနှင့် ခင်မင်ရင်းနှီးသူများကို ဘက်လိုက်ခြင်း၊ ဦးစားပေးခြင်း၊ အခွင့်အရေးပေးခြင်းတို့ကို ဆိုလိုခြင်းပင်ဖြစ်၏။ ပုဂ္ဂိုလ်၏ အရည်အချင်းကို အလေးအနက်မစဉ်းစားဘဲ လက်သင့်ရာကိုခေါ်၍ အသုံးချခြင်းပင်ဖြစ်၏။ ဤစနစ်သည် အရည်အသွေးပြည့်ဝသောသူများကို စနစ်တကျ ခေါင်းခေါက်ရွေးချယ်သော စနစ် (Meritocracy) နှင့် ဆန့်ကျင်ဘက်ဖြစ်လေသည်။ (ဥပမာ-စင်ကာပူ)

ခရိုနီစနစ်၏ အခြေခံမှာ နှစ်ဦးနှစ်ဖက် အကျိုးရှိမှုသည်သာ အဓိကဖြစ်သည်။ နိုင်ငံရေး ခရိုနီစနစ်၊ စီးပွားရေးခရိုနီစနစ်၊ အရင်းရှင် ခရိုနီစနစ်ဟူ၍ ကျင့်သုံးနေကြသည်ကိုလည်း တွေ့ရှိနေရသည်ဟု ဆိုပါသည်။





ခရိုနီ (Crony) ဆိုသော ဝေါဟာရအသုံးအနှုန်းကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ၁၈ ရာစုကစတင်သုံးနှုန်းခဲ့သည်ဟုဆိုပါသည်။ ဂရိစ်ဘာသာ (Chronos) မှဆင်းသက်ပြီး ရေရှည်ကာလ (Long-term) ဟူ၍ အဓိပ္ပာယ်ရရှိသည်ဟုဆိုပါသည်။

အစိုးရအဖွဲ့များနှင့်ပတ်သက်ပြီး ခရိုနီကိုစွာအစွပ်စွဲခံရဆုံးဖြစ်၏။ အစိုးရဌာနများ၊ ရုံးတွင် ငွေကြေးသုံးစွဲမှုများကို မလွှဲမသွေဖြုလုပ်ရသည်ဖြစ်ရာ များသောအားဖြင့် အုပ်ချုပ်မှုအပိုင်းတွင် ထင်သာမြင်သာ (Administrative Transpavency) မရှိသည်ကို တွေ့ရှိရသည်။ အချို့သော ဌာနများသည် ငွေစာရင်းပြုစုသည့်လုပ်ငန်းနှင့် ကန်ထရိုက်ပေးသည့် လုပ်ငန်းများတွင် အပေးအယူဖြုလုပ်ပေးကြသည်။ ဤသည်မှာ အစိုးရ ခရိုနီစနစ်ပင်ဖြစ်လေသည်။

နိုင်ငံရေးသမားအချို့သည် ယင်းတို့၏ဝန်းကျင်တွင် ယင်းတို့နှင့်နီးစပ်သူများဖြင့် ဝန်းရံထားပြီး ကိုယ်ကျိုးစီးပွားအတွက် ကွန်ယက်ဖွဲ့စည်းထားလေ့ရှိသည်။ အချို့ကို အခွင့်အာဏာရှိသော ရာထူးနေရာများတွင် ခန့်ထားခြင်းပြုသည်။ အချို့ကို ဌာနဆိုင်ရာလုပ်ငန်းများကို ဘက်လိုက်ပြီး ကန်ထရိုက်များ ချပေးတတ်သည်။

မိမိတို့ကိုယ်ကျိုးအတွက်ကိုသာ ကြည့်ပြီး လုပ်ငန်းများ ဆောင်ရွက်သောစနစ်ဖြစ်၍ အစိုးရ၏ အများပြည်သူဆိုင်ရာ လုပ်ငန်းများသည် အရည်အသွေးအလွန်ညံ့ဖျင်းကာ အဆင့်အတန်းနိမ့်ကျသည်ကို တွေ့ရှိရ၏။

ပုဂ္ဂလိကကဏ္ဍတွင် သူ့အပိုင်းနှင့်သူ ခရိုနီစနစ်ကျင့်သုံးကြသည်ကို တွေ့ရှိရ၏။ လုပ်ငန်းရှင်အချင်းချင်း ပူးပေါင်းပြီး လက်ဝါးကြီးအုပ် လုပ်ကိုင်ရန် နီးနှောခြင်းပြုကြသည်။ အခြားနိုင်ငံများတွင် ဤသို့သော စုစည်းခြင်းကို Golden Circle ဟူ၍ ခေါ်ဆိုကြသည်ကို တွေ့ရှိရ၏။ လုပ်ငန်းရှင်အချင်းချင်း ကွန်ယက်ဖြန့်ခြင်းနှင့် ခရိုနီစနစ်ကျင့်သုံးခြင်းကို နယ်ခြားသတ်မှတ်ရန် မလွယ်ဟုဆိုကြသည်။



မည်သို့ပင်ဆိုစေ စီးပွားရေးလုပ်ငန်းပိုင်းတွင် ခရိုနီကျင့်သုံးခြင်းသည် ဈေးကွက်စီးပွားရေးစနစ် (Market Economy) ၏ ကျင့်ဝတ် (Ethics) များကို ဖောက်ဖျက်ခြင်းပင်ဖြစ်သည်ဟု ပြောကြသည်။

အရင်းရှင်စီးပွားရေးစနစ်၏ ခရိုနီအလေ့အထကို အလွန်တော် ပြောင်မြောက်သော တရားရေးစနစ် (Legal System) ဖြင့်သာ ထိန်းကျောင်းနိုင်မည်ဟုဆိုပါသည်။ အချို့သောနိုင်ငံများ၏ တရားရေးစနစ်များမှာ အားနည်းပြီး ယင်းတို့ကိုယ်တိုင်သည်ပင်လျှင် အကျင့်ပျက်နေသူများဖြစ်နေတတ်သည်။

ခရိုနီစနစ်ကို ကျင့်သုံးနေသည်နှင့်အမျှ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဆုံးရှုံးမှုများရှိလေရာ ထိုဆုံးရှုံးမှုများကို ဆိုင်ရာအဖွဲ့အစည်းက သာလျှင် ခါးစည်းခံရလေတော့သည်။ စီးပွားရေးလုပ်ငန်းပိုင်းတွင် အခွင့်အလမ်းများ လျော့ပါးသွားခြင်း၊ ဈေးကွက်အတွင်း ယှဉ်ပြိုင်လုပ်ကိုင်မှု အားနည်းသွားခြင်း၊ စားသုံးကုန်များ၏ ဈေးနှုန်းများမောင်းကြွခြင်း၊ စီးပွားရေး စွမ်းဆောင်ရည်ကျဆင်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုများ ယုတ်လျော့သွားခြင်း၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများအနေဖြင့် လုပ်ချင်ကိုင်ချင်စိတ်လျော့ပါးသွားခြင်းတို့သည် ခရိုနီစနစ်ကြောင့် ရရှိလာသော ရလဒ်များဖြစ်၏။

စီးပွားရေးမျက်နှာစာတစ်ခုလုံးတွင် အာဏာရှိသူများ၏ လက်သပ်မွေးထားသော ပုဂ္ဂိုလ်များကသာလျှင် ဩဇာသက်ရောက်ပြီး စိုးမိုးထားလေတော့သည်။ ပြည်သူပိုင်ကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍတွင် ခရိုနီစနစ်ကို ကျင့်သုံးရင်း ခရိုနီယဉ်ကျေးမှုသည် အမြစ်တွယ်သည်ထက် နှံ့လာလေတော့သည်။

မြန်မာနိုင်ငံတွင်လည်း ခရိုနီစနစ် မကောင်းသဖြင့် ယခုအခါ သတင်းဂျာနယ်နှင့်မီဒီယာများတွင် အတော်လေးပွင့်ပွင့်လင်းလင်း ရေးသားနေကြသည်ကို တွေ့ရှိရ၏။ လွန်ခဲ့သော အစိုးရလက်ထက် နှစ် ၂၀

ခေတ်တွင် စီးပွားရေးလုပ်ငန်းရှင်များသည် အစိုးရအာဏာပိုင်များနှင့် ပူးပေါင်းပြီး ဥစ္စာနေကြွယ်ဝချမ်းသာလာခဲ့သည်ဟုဆိုပါသည်။ ထိုစီးပွားရေးလုပ်ငန်းရှင်များသည် စီးပွားရေးမျက်နှာစာတစ်ခုလုံးလိုလို ထိန်းချုပ်ထားခဲ့ကြသည်။

အစိုးရသစ်တက်လာသည့်အခါ နိုင်ငံရေးနည်းဗျူဟာများလည်း ပြောင်းလဲခဲ့ပြီဖြစ်၏။ ခရိုနီများကလည်း ကစားကွင်းအသစ်နှင့် လိုက်လျောညီထွေပါဝင်နေကြသည်ကို တွေ့ရှိရသည်ဟု ဆိုပါသည်။ အချို့က အစိုးရအဖွဲ့အစည်းများတွင် ပါဝင်ခွင့်ရရှိကြပြီဟုဆိုပါသည်။

နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံသူများကလည်း ရေရှည်အတွက် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေမှုများကို စူးစမ်းလျက်ရှိနေကြကုန်၏။ အချို့ကချက်ချင်းမဝင်ရဲသေး။ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်မည်ဆိုပါက ခရိုနီများ၏ အကူအညီ မလွဲမသွေလိုအပ်လိမ့်မည်ဟု ခံယူထားကြသည်။ ခရိုနီ၏လက်ထဲတွင်သာ စီးပွားရေးလုပ်ငန်းအတွက် လိုအပ်သော မြေ၊ အဆောက်အအုံ ဘဏ်လုပ်ငန်းနှင့် စီးပွားရေး သယံဇာတများရှိနေသည် မဟုတ်ပါလော။ ထို့ပြင် ဆုံးဖြတ်ချက် ချမှတ်ပေးနိုင်သော (Decision Marker) များနှင့် ဆက်သွယ်ပေးနိုင်သူများမှာလည်း ယင်းတို့အများစု လက်ထဲတွင်ရှိနေသည်ဟု ယုံကြည်နေကြသည်။ ခရိုနီများသည် အစိုးရပိုင်းကိုသာမက အလားအလာရှိသော အတိုက်အခံ နိုင်ငံရေးပါတီများကိုပင်လျှင် ချဉ်းကပ်လျက်ရှိနေကြသည်ဟုဆိုပါသည်။

အမေရိကန်အစိုးရပိုင်းကလည်း ခရိုနီများ၏ တန်ခိုးထွားပုံကို သိရှိပြီးဖြစ်သည့်အလျောက် လုပ်နည်းလုပ်ဟန်များပြောင်းလဲသင့်ကြောင်း ဆွေးနွေးလျက်ရှိသည်ဟုဆိုပါသည်။ စီးပွားရေးပိတ်ဆို့မှုများကို ပယ်ဖျက်/ရုပ်သိမ်း/လျှော့ချခြင်းကြောင့် ပြည်သူများ အကျိုးစီးပွားမဖြစ်ထွန်းဘဲ လက်တဆုပ်စာ လူများသာ ကောင်းစားမည်ကို မလိုလားဟုသိရသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ခရိုနီစနစ်သည် မိတ်ဆွေအရင်းအနှီး





များကို ဘက်လိုက်ခြင်းပင်ဖြစ်သည်။ ခရိုနီစနစ်ကျင့်သုံးခြင်းကို နိုင်ငံမရွေး၊ လုပ်ငန်းကဏ္ဍမရွေး တွေ့ရှိနိုင်သည်။ လွတ်လပ်သော နိုင်ငံများတွင်ဖြစ်စေ၊ လွတ်လပ်ခြင်းမရှိသေးသော နိုင်ငံများတွင်ဖြစ်စေ အခွင့်အလမ်းရပါက ကျင့်သုံးကြသည်သာဖြစ်၏။ အထူးသဖြင့် သက်ဦးဆံပိုင်စနစ်ကျင့်သုံးသောနိုင်ငံများတွင် အများဆုံးတွေ့ရှိရတတ်သည်။

အမေရိကန်ပြည်ထောင်စု ထူထောင်ကာ မူလနိုင်ငံခေါင်းဆောင်ကြီး ဂျော့ဝါရှင်တန်သည်ပင်လျှင် ယင်းသမ္မတဖြစ်သည့်အခါ Alexander Hamelton ကို ဘဏ္ဍာရေးဝန်ကြီးခန့်အပ်ခဲ့သဖြင့် ဝေဖန်ခြင်းခံခဲ့ရသည်။ ဂျော့ဝါရှင်တန်သည် အမေရိကန်နိုင်ငံ၏ သူရဲကောင်းဖြစ်သည်။ Alexander Hamelton သည် အမေရိကန်လွတ်လပ်ရေးစစ်ပွဲအတွင်း ဝါရှင်တန်၏ လက်ထောက်အဖြစ် ကြာမြင့်စွာထမ်းဆောင်ခဲ့သူဖြစ်၍ ဤသို့ ဝေဖန်ခံရခြင်းဖြစ်သည်။

ကွန်မြူနစ်နိုင်ငံများဖြစ်သော တရုတ်နိုင်ငံနှင့် ဆိုဗီယက်နိုင်ငံများတွင်လည်း ခရိုနီစနစ် ကျင့်သုံးမှုများကို တွေ့ရှိရသည်ဆို၏။ တရုတ်တို့၏ ယဉ်ကျေးမှုတော်လှန်ရေးကာလနောက်ပိုင်းတွင် အုပ်ချုပ်ရေးပိုင်း၏ အဆင့်မြင့်ရာထူးများတွင် ကွန်မြူနစ်ပါတီခေါင်းဆောင်များနှင့် ရင်းနှီးသူများကို တာဝန်ပေးခန့်အပ်သည်ဆို၏။ ထို့နည်းတူဆိုဗီယက်ရုရှားတွင်လည်း Nomeuk Latura စနစ်ကို ကျင့်ခဲ့သည်ဟုဆိုသည်။ ထိုစနစ်မှာ တရုတ်ကွန်မြူနစ်ပါတီနည်းတူ ဆိုဗီယက်ပါတီအကြီးအကဲများနှင့် နီးစပ်သူများသာ အုပ်ချုပ်ရေးပိုင်းအကြီးအကဲရာထူးများတွင် တာဝန်ပေးခြင်းခံရသည်ဟုဆိုပါသည်။

ခရိုနီစနစ်သည် စီးပွားရေး၊ နိုင်ငံရေး လုပ်ငန်းနယ်ပယ်များတွင် ကူးစက်ပြီး အမြန်အလှန်အထောက်အပံ့ပြုလျက်ရှိ၏။ Asian Financial Crisis ၏ အဓိကတရားခံသည် ခရိုနီစနစ်ဖြစ်သည်ဟုဆိုကြသည်။





စီးပွားရေးကဏ္ဍမှ ပုဂ္ဂိုလ်များ၏ ငွေဖြင့်ပေါက်၍ နိုင်ငံရေးကဏ္ဍမှ ပုဂ္ဂိုလ်များက အာဏာကို ရယူရန် ကြိုးပမ်းကြသည်။ နိုင်ငံရေးကဏ္ဍမှ ပုဂ္ဂိုလ်များက အာဏာရှိရေးကို အသုံးချကြသည်။ ဤနည်းဖြင့် စီးပွားရသည့်ငွေဖြင့် အာဏာရှိရေးကို အသုံးချကြသည်။ ဤနည်းဖြင့် စီးပွားရေးပိုင်းမှ ခရိုနီများသည် အစိုးရပိုင်းတွင် ဩဇာသက်ရောက်မှုကြီးထွားလာလေတော့သည်။

ကဏ္ဍတိုင်းတွင် ပညာရှင်များလက်ခံထားသော အဆင့်အတန်းမြင့်မားသည့် ကျင့်ဝတ် (Ethics) များရှိနေသည်သာဖြစ်၏။ ထိုကျင့်ဝတ်များကို ဖောက်ဖျက်၍ လူသိရှင်ကြားဖြစ်လာသောအခါ သက်ဆိုင်ရာပုဂ္ဂိုလ်သည်လည်းကောင်း၊ အဖွဲ့အစည်းသည်လည်းကောင်း အရှက်တကွဲအကျိုးနည်းဖြစ်ရသည်။ လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားများ အလွန်ကြီးမားသောအကျိုးဆိုးများဖြစ်ပေါ်စေသည်။

ယခုအခါ မီဒီယာလွတ်လပ်ခွင့်၊ လွတ်လပ်စွာပြောဆိုနိုင်ခွင့်တို့အပြင် အင်တာနက်၊ လူမှုရေးမီဒီယာအပိုင်းမှလည်း Facebook စသည်တို့ထွန်းကားလာပြီဖြစ်ရာ ခရိုနီတိုက်ဖျက်ရေးတွင် ထက်မြက်သောကိရိယာများဖြစ်လာတော့သည်။

တရုတ်နိုင်ငံတွင် အင်တာနက်မှတစ်ဆင့် အကျင့်ပျက်မှုများကို အမည်နှင့်တကွ ပြည်ဖုံးစွာဖော်ပြနေရာ အစိုးရက ဆင်ဆာလုပ်ရသည်အထိ အခြေအနေရောက်ရှိခဲ့သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန် မေလ ၂၇ ရက်နေ့က အမေရိကန်ပြည်ထောင်စုသို့ အလုပ်သဘောအလည်အပတ်ရောက်ရှိက် စားပွဲဝိုင်းဆွေးနွေးပွဲတစ်ခုတွင် သမ္မတရုံးသည် လွှတ်တော်နှင့်ပူးပေါင်း၍ နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီမှုအပြင် နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်နေပါကြောင်း၊ လက်ရှိအခြေအနေတွင် ပိုမိုပွင့်လင်းပြီး တာဝန်ခံမှုရှိသော၊ တရားဥပဒေနှင့်အညီ လွတ်လပ်သော၊ ရှင်းလင်းလွယ်ကူသော လုပ်နည်းလုပ်ဟန်များနှင့်



လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးခဲ့သည်ကိုတွေ့ရှိရပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ဗဟိုဘဏ်ဆိုင်ရာ ချိရင်ဆုံးဖြတ်မှုစနစ်ကို နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစွာဆောင်ရွက်နေပါကြောင်းနှင့် နယူးယောက်ပဋိညာဉ်အဖွဲ့ကိုလည်းဝင်ရောက်ရန် ဆောင်ရွက်နေပါကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံလိုသူများအတွက် စိတ်အားတက်စရာဖြစ်ပေလိမ့်မည်။ ခရိုနီစနစ်ကို တိုက်ဖျက်ရာတွင် ကောင်းမွန်သော တရားရေးစနစ်သာမက လူကောင်းလူတော်များကို စိစစ်ရွေးချယ်တာဝန်ပေးနိုင်ရန် လည်း အထူးအရေးကြီးပေသည်။

အစိုးရဌာနအားလုံးမှ တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်အကျိုးကို ဦးထိပ်ထားပြီး နိုင်ငံရေးအသိစိတ်ဓာတ်ရှိရှိဖြင့် ခရိုနီတိုက်ဖျက်ရေးတွင် အဓိကနေရာတွင်ရှိနေသည်ကို သတိချပ်ဖို့လိုအပ်ပါသည်။ ထို့ပြင် အစိုးရ မဟုတ်သောအဖွဲ့အစည်း (NGOs) များနှင့် လူထုအဖွဲ့အစည်း (Civil Society) တစ်ရပ်လုံးကလည်း ကျရာကဏ္ဍမှ ပါဝင်ရန်လိုအပ်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

ပြည်နိုး




# ဒေါက်တာရန်မျိုးသိမ်း

## အပျိုရည်ပျက်မှာကြောက်သော ခရိုနီများနှင့် ပြန်လည်ထူထောင်ရေး



## အပျိုရည်ပျက်မှာကြောက်သော ခရိုနီများနှင့် ပြန်လည်ထူထောင်ရေး

ခရိုနီတို့ အပျိုရည်ပျက်မှာကြောက်သည်ဟုဆိုလျှင် ယုံတမ်းစကားဖြစ်မည်။ ခေတ်ကပြောင်းလာသည့်အလျောက် ခရိုနီတို့သည် ခရိုနီဆိုသော ဝေါဟာရကို စက်ဆုပ်လာကြသည်၊ ရွံမုန်းလာကြသည်။ သူတို့၏ ခေတ်ပြိုင်ဘဝများကို အပျိုရည်ပျက်စေနိုင်မည့်ခရိုနီ တံဆိပ်ကပ်ခြင်းကိုစိုးရိမ်ခြင်းနှင့်အတူ ဆေးကြောတို့အစုံ ကိုရင်တုန်ပန်းတုန် စမ်းသပ်လာခဲ့ကြသည့်အလျောက် ပြည်သူလူထုအပေါ် ကြေးစာတိုက်မကြီးသူတို့ကို ချဉ်းကပ်လျက်၊ အစိုးရကိုနိုလုံ့လျက် သူတော်ကောင်းတရားတို့ကို ကျင့်ကြံအားထုတ်ပြီး ၂၀၁၅ ခုနှစ်ကို မျှော်ကြည့်ခြင်းနှင့်အတူ ကတုန်ကယင်၊ ခြေမကိုင်မိလက်မကိုင်မိအခြေအနေမှ အမြန်ဆုံး ရုန်းထွက်လာနိုင်ဖွယ်ရှိနေသည်။

ခရိုနီတို့သည် ခေတ်ပျက်၊ စနစ်ပျက်၊ မီးကျီးမောင်းပျက်ခေတ်တွင် အုပ်ချုပ်သူ၊ အာဏာပိုင်တို့နှင့်ပေါင်းသင်းနိုးနေလျက် မိမိနှင့်မိမိ မိသားစုအကျိုးအတွက် ပြည်သူလူထု အများစုကြီး၏အကျိုးကို ဖောက်ပြီး

တိုင်းပြည်၏ သယံဇာတ သို့မဟုတ် ဘဏ္ဍာငွေတို့ကို နည်းလမ်းပေါင်းစုံနှင့် ကိုယ်ကျိုးစီးပွားအတွက် စီးပွားရှာခဲ့သူများဖြစ်သည်။ ခရိုနီတို့၏အမြင်မှာ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးမဏ္ဍိုင်နှစ်ရပ်တွင် အရေးပါးအရာရောက်သူများ၊ ဆုံးဖြတ်ချက်ချနိုင်သူများ၊ ပြည်သူလူထုအပေါ်ဩဇာလွှမ်းနိုင်သူများကို ချဉ်းကပ်လျှက် စီးပွားရေးတွင် ဦးစားပေးမှု၊ လက်ဦးမှုတို့ကိုရယူကာ ပြိုင်ဘက်တို့ထက် နှာတစ်ဖျားသာအောင် စီးပွားရှာရေးပင် ဖြစ်သည်။

မြန်မာ့သမိုင်းခေတ်တလျှောက် စီးပွားရေးပတ်ဝန်းကျင်များတွင်လည်း ခရိုနီအဆက်ဆက်တို့ တွင်ကျယ်ခဲ့ကြသည်။ ဆေးပလာခရိုနီ၊ ဒီအက်စ်ဆိုင်ခရိုနီ၊ မဆလခရိုနီ၊ ဦးပိုင်ခရိုနီ၊ တပ်ခရိုနီ၊ အစုပ်ခရိုနီစသဖြင့် အမည်အမျိုးမျိုး၊ အပြားပြားတို့သည် သမိုင်းခေတ်ရှည်တလျှောက် ပြည်သူလူထုအကြားအမည်ပေါက်ရောက်ခဲ့ကြသည်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းကာလများတွင် မြန်မာပြည်သူလူထုသည် ခရိုနီများ၏ အာဏာပိုင်တို့နှင့် လုံးလားထွေးလား၊ ရှန်းရှင်းဆန်ခတ်စီးပွားရှာမှု စတော်လမ်းတွဲများကို နားနှင့်မဆုံအောင် ကြားသိခဲ့ရသည်။ ထို့ကြောင့် ပြည်သူလူထုအများစုကြီးသည် ထိုထိုသော ခရိုနီများကို စက်ဆုပ်ရွံရှာကြသည်။

၂၀၁၁ ခုနှစ်အလွန် မြန်မာနိုင်ငံရေးအပြောင်းအလဲနှင့်အတူ ခရိုနီများသည်လည်း အသွေးအရောင်ပြောင်းလဲမှုအားထုတ်လာကြသည်။ ထို့နောက်ပိုင်း ခရိုနီများသည် ဒေါ်အောင်ဆန်းစုကြည်ကို စိတ်ဝင်စားချဉ်းကပ်လာကြသည်။ ၈၈ မျိုးဆက်အဖွဲ့ကို စိတ်ဝင်စားချဉ်းကပ်လာကြသည်။ မြန်မာနိုင်ငံရေးသမိုင်းတွင် တိုင်းသိပြည်သိခရိုနီကြီးများ၏ အတိုက်အခံနိုင်ငံရေးအင်အားစုများအပေါ် ရှုတ်ခြည်းသဘောထားပြောင်းချဉ်းကပ်လာမှုကို တိုးတက်မှုဟုပင် အချို့ကကောက်ချက်ပြုလာကြသည်။ ခရိုနီကြီးများ၏ ချဉ်းကပ်မှုတွင် သူတို့၏ အကျိုးစီးပွားအများအပြား ပါဝင်မည်မှာမငြင်းနိုင်သောအချက်ဖြစ်သည်။ ပြည်သူလူထုအကြားတွင်



လူရာဝင်လိုသည်။ နိုင်ငံတကာတွင် လူရာဝင်လိုသည်။ ထို့ကြောင့် ပြည်သူလူထုနှင့် နိုင်ငံတကာအပေါ် ဩဇာတိက္ကမကြီးသူများကိုချဉ်းကပ်၊ ထိတွေ့ လှုပ်ရှားနေပေကမ်းသည်။

ဒေါ်အောင်ဆန်းစုကြည်၊ ၈၈ မျိုးဆက်များအပါအဝင်အတိုက်အခံအင်အားစုများဘက်ကလည်း တိုင်းပြည်၏ စီးပွားရေးအများစုကို ထိန်းချုပ်ထားပြီးတိုင်းပြည်၏ ချမ်းသာမှုအများစုကို လက်ဝယ်ရထားသည့် ခရိုနီကြီးများကို တိုင်းပြည်နှင့်ပြည်သူလူထုအတွက် စနစ်တကျပြန်အသုံးချလိုသည့်ဆန္ဒကြီးမားပုံရသည်။ တစ်နည်းအားဖြင့် ခရိုနီပြန်လည်ထူထောင်ရေးကို အတိုက်အခံတို့ကစိတ်အားထက်သန်ကြပုံရသည်။ လက်တွေ့တွင် အတိုက်အခံများဘက်၌ ဗျူဟာ၊ စည်းစနစ်၊ နည်းလမ်းအပိုင်းများတွင် အားနည်းချည့်နဲ့နေသည့်အလျောက် ခရိုနီပြန်လည်ထူထောင်ရေးလုပ်မည်ဆိုလျှင် မည်၍မည်မျှထိရောက်မှုမည်ရှိသည်မှာ မေးခွန်းထုတ်မှုပြဖြစ်သည်။ စီမံချက်၊ ဗျူဟာအားနည်းသော အတိုက်အခံတို့ကို ထိတွေ့ချဉ်းကပ်နေသည့် ခရိုနီကြီးများသည် ဗျူဟာမြောက်စနစ်တကျချဉ်းကပ်နေပုံရပြီး အတိုက်အခံများအကြား အတွင်းလူ၊ အပြင်လူများကိုငွေကြေးဖြင့်မွေးမြူတည်ဆောက်ထိုးဖောက်နိုင်လောက်သည့် အငွေ့အသက်များကိုလည်း တွေ့နေရသည်။

စီးပွားရေးလုပ်ငန်းရှင်တိုင်းသည် ခရိုနီမဟုတ်သည့်အပြင် ခရိုနီတိုင်းသည် အမေရိကန်ပြည်ထောင်စုနှင့်ဥရောပသမဂ္ဂတို့၏ စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုစာရင်းဝင်သူများမဟုတ်ကြပေ။ တစ်နည်းဆိုသော် အမေရိကန်ပြည်ထောင်စုနှင့်ဥရောပသမဂ္ဂ၏ ဒဏ်ခတ်ပိတ်ဆို့မှုတွင်စာရင်းမပေါက်သူများကို ခရိုနီမဟုတ်ဟု တထစ်ချ မသတ်မှတ်နိုင်ပါ။ ခေတ်အဆက်ဆက်အာဏာပိုင်တို့နှင့် လုံးထွေးပေါင်းသင်းပြီး အရိပ်ကိုအကွင်းကြွယ်ဝချမ်းသာလာသူများ(သို့မဟုတ်) ခေတ်ပျက်သူဌေးများသည် ခရိုနီများဖြစ်သည့်အလျောက်ပျက်မှောက်ခေတ်တွင် ကြွယ်ဝကြကျခဲ့သော





လာသော သူဌေးသူကြွယ်ကြီးတိုင်းကို ခရိုနီဟု အကြမ်းဖျင်းအဓိပ္ပာယ်ဖွင့်ဆိုရမည့်ပုံ ပေါက်နေသည်။

ခရိုနီတိုင်းသည် ဆိုးသွမ်းသူများမဟုတ်သော်လည်း သားရေဈေးကို ယဉ်ပါးသူများဖြစ်သည်။ သံမဏိနှင့်တူသူများ၊ ကြမ်းတမ်းခက်ထန်သူများ၊ မာကျောပြင်းထန်သူများကိုပင် အရည်ပျော်အောင် လုပ်နိုင်စွမ်းရှိသည့် ခေတ်သစ်ခရိုနီများ၏ အစွမ်းကို လျှော့တွက်မည်ဆိုလျှင် လျှော့တွက်မိသူသာ သမိုင်းတွင်တရားခံ ဖြစ်လာနိုင်ဖွယ်ရှိသည်ကိုလည်း မမေ့လျော့အပ်ပါ။ မြန်မာနိုင်ငံရှိ ခရိုနီများကို သီးခြားစီအဓိပ္ပာယ်ဖွင့်ဆို၊ အုပ်စုဖွဲ့ရမည်ဖြစ်သည်။ အဆိုပါအုပ်စုဖွဲ့အလိုက်ခြားနားသော လုပ်ငန်းစဉ်များကိုချမှတ်ပြီး ခရိုနီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ပုံဖော်ရမည်ဖြစ်သည်။ ခရိုနီတစ်ဦးချင်းစီအလိုက်ပြုပြင်ပြောင်းလဲရမည့်အစီအစဉ်မှာ ခြားနားနိုင်သည်။

တိုင်းပြည်၏ စီးပွားရေးအများစုသည် ခရိုနီများ၏လက်ထဲတွင်ရှိနေပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအများစုသည် တရားဝင်စာရင်း မပေါက်သေးသောခရိုနီများထံသို့လည်းကောင်း၊ ခရိုနီကြီးများ၏ပုံဖျက်ကုမ္ပဏီများထံသို့လည်းကောင်း စီးဝင်နေသည့်အလျောက် တိုင်းပြည်စီးပွားရေးသည် ခရိုနီအရိပ်အောက်၌လှုပ်ရှားနေရသည့်အသွင်ဆောင်နေသည်။ ခရိုနီကြီးများသည် ရှိရင်းစွဲလုပ်ငန်းများကို လျှော့ချလိုက်လျှင်သော်လည်းကောင်း၊ ခရိုနီကြီးများ၏ ငွေကြေး ပိုင်ဆိုင်မှုများကို နိုင်ငံခြားဘဏ်များသို့ စာရင်းလွှဲပြောင်းအပ်နှံလျှင် သော်လည်းကောင်း၊ တိုင်းပြည်၏စီးပွားရေးသည် ဖရိုဖရဲဖြစ်သွားနိုင်သည်ဟုစိုးရိမ်သုံးသပ်မှုအချို့ရှိသကဲ့သို့ ပြည်တွင်းစီးပွားရေးနယ်ပယ်တွင်လည်း ခရိုနီတို့ကိုယ်လွတ်ရုန်းထွက်ပြေးမည့်အရေးကို ရတက်မအေးကြသူများကလည်း ခုနှံဒေးဖြစ်သည်။ ထို့ကြောင့်ခရိုနီပြုပြင်ပြောင်းလဲရေးသည် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသော အချက်တစ်ချက်ဖြစ်သည်ဟု သုံးသပ်ကြသည်။



ခရိုနီများကို တိုင်းပြည်နှင့်ပြည်သူလူထုအကျိုးရှိအောင် မည်သို့ပြုပြင်ပြောင်းလဲနိုင်မည်ဆိုသော စဉ်းစားချက်မှာ တစ်နေ့ထက်တစ်နေ့ ရှေ့တန်းရောက်လာခဲ့သည်။ နိုင်ငံနှင့်ပြည်သူလူထုသည် တသားတည်းဖြစ်သည်။ ပြည်သူလူထုသည် နိုင်ငံပင်ဖြစ်သည်။ ထို့ကြောင့် ပြည်သူလူထုသည် ပြည်သူလူထုအကျိုးကိုစွမ်းဆောင်နိုင်လျှင် ခရိုနီတို့သည်တိုင်းပြည်အကျိုးကို စွမ်းဆောင်နိုင်ခြင်းပင် ဖြစ်သည်။ သို့သော် ပြည်သူလူထုနှင့် ခရိုနီတို့အကြား ယုံကြည်မှုနှင့်နားလည်မှု ကျိုးပေါက်နေသော အခြေအနေများရှိနေသည်ကို ထည့်သွင်းစဉ်းစားသင့်သည်။ ပြည်သူလူထုသည် အာဏာပိုင်နှင့်ပေါင်း၊ အများပြည်သူလူထုကို အမြတ်ကြီးစားခဲ့သော ခရိုနီများကို နေ့ချင်းညချင်းယုံကြည်နားလည်လာမည်ဆိုလျှင် သဘာဝမကျသော ကောက်ချက်ဖြစ်လိမ့်မည်။ ထို့ကြောင့် ခရိုနီများကို ပြုပြင်ပြောင်းလဲခြင်း (သို့မဟုတ်) ခရိုနီများအမျိုးရည်မပျက်အောင် ထိန်းသိမ်းခြင်းတွင် ပြည်သူလူထု၏ ယုံကြည်မှုနှင့်နားလည်မှုကို မည်သို့မည်ပုံပြန်လည်တည်ဆောက်မည်ဆိုသောအချက်သည် အဓိကအကျဆုံးဖြစ်သည်။ ထိုသို့ ပြန်လည်တည်ဆောက်နိုင်ရန် စဉ်းစားရာတွင် ယုံကြည်မှုနှင့်နားလည်မှု မည်၍မည်မျှကျိုးပေါက်ခဲ့သည် ဆိုသောအချက်ကိုလည်း စနစ်တကျဆန်းစစ်နိုင်ရန်လိုအပ်သည်။ အနာ၏ အတိုင်းအဆကိုသိမှသာ ကိုက်ညီမည့်ဆေးဝါးအဆကို ညွှန်းဆိုနိုင်မည်ဖြစ်သည်ကို သတိချပ်သင့်သည်။

ခရိုနီတို့သည် ခေတ်အဆက်ဆက်ပြည်သူလူထုနှင့်ကင်းကွာ၊ ပြည်သူလူထုကိုကျောခိုင်း၊ အာဏာပိုင်တို့ကိုမျက်နှာမူ၊ အာဏာပိုင်တို့နှင့်နီးစပ်ခဲ့သော၊ သဘောတရားအဟောင်းအဆွေးကို ပြောင်းပြန်လှန်ပစ်ရေးသည် မူအားဖြင့် အဓိကကျကြောင်း ဦးစွာတင်ပြလိုသည်။ ခရိုနီတို့သည် ပြည်သူလူထုကို မျက်နှာမူလျှက် အာဏာပိုင်တို့ကိုကျောခိုင်းနိုင်မည့်သတ္တိစစ်စစ်ကို မွေးကြရမည်ဖြစ်သည်။ မြန်မာပြည်သူလူထုသည်

နှစ်ပေါင်း ၅၀ ကျော် သံသယများ၊ စိုးရိမ်စိတ်များ၊ အကြောက်တရားများ အကြားတွင် လူးလားခေါက်တုံ့ သွားနေရသည့်အလျောက် ခရိုနီများ၊ ကိုယ်ကျိုးရှာစီးပွားရေးသမားများအပေါ် သံသယ၊ စိုးရိမ်စိတ်၊ သတိထားစိတ်တို့မြင့်မားနေဦးမည်မှာ ပကတိတရားပင် ဖြစ်သည့်အလျောက် ပြည်သူလူထု၏ ယုံကြည်မှုနှင့်နားလည်မှုကို ပုံမှန်ပြန်လည်ရရှိနိုင်အောင် အချိန်ယူတည်ဆောက်ရန် ရှိနေသည်။

ခရိုနီတို့သည် ပြည်သူလူထုကို မျက်နှာမူမည်ဆိုလျှင် ပြည်သူလူထု၏ ဆင်းရဲမွဲတေမှုကို လျစ်လျူရှုမနေခြင်း၊ ဆင်းရဲမွဲတေမှု လျှော့ချရေးကို အလေးထားခြင်း၊ ပြည်သူလူထု၏ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များကို နှလုံးသွင်းခြင်းတို့နှင့်စတင်သင့်သည်ဟု ကောက်ချက် ပြုလိုသည်။ ခရိုနီကြီးများသည် ခေတ်အဆက်ဆက် အစိုးရများ၊ အဖွဲ့အစည်းများကို ငွေကြေးလှူဒါန်းခဲ့ကြသည်မှာ မငြင်းဆိုနိုင်သောကိစ္စ ဖြစ်သည်။ တကယ်စင်စစ် ခရိုနီတို့သည် ဖောင်ဒေးရှင်းများ၊ အင်န်ဂျီအိုများ ထူထောင်ပြီးပြည်သူလူထုနှင့်တိုက်ရိုက်ထိတွေ့ကာ ပြည်သူလူထု အတွက် ဆင်းရဲမွဲတေမှုလျှော့ချရေးအစီအမံများကို ခေါင်းကိုင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့ရာတွင် မိမိတို့၏ ဖောင်ဒေးရှင်းများ၊ အင်န်ဂျီအိုများ၏ လုပ်ဆောင်ချက်များကို ပြည်သူလူထုအနေဖြင့် ခရိုနီများ နှမ်းဖြူးသော မရောင်ရာဆီလူးသော လုပ်ဆောင်ချက်များအဖြစ် မမြင်စေ ရန် အထူးလိုအပ်သည်။

ထို့ကြောင့်ခရိုနီတို့သည် ပြည်သူလူထုဆင်းရဲမွဲတေမှု လျှော့ချရေး၊ ပညာရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုအဆင့်မြှင့်တင်ရေးတို့အတွက် သီးသန့်စီမံချက်များကို ပညာရှင်များ၊ ကျွမ်းကျင်သူများအကူအညီဖြင့် တစ်နိုင်တစ်ပိုင်ရေးဆွဲသင့်သည်။ ထို့နောက်မိမိတို့ဖော်ဆောင်မည့် အစီအစဉ်များနှင့် ပတ်သက်၍ အများပြည်သူအကြားပွင့်ပွင့်လင်းလင်း မြင်မြင်သာသာသိရှိနိုင်အောင် ထုတ်ပြန်ရမည်ဖြစ်သည်။ သို့မှသာ ပြည်သူလူထုအနေဖြင့် အပြောနှင့်အလုပ်ညီမညီစောင့်ကြည့်နိုင်ပြီး



ခရိုနီများအပေါ် ယုံကြည်မှုနှင့်နားလည်မှုတို့ ပြန်ပေးနိုင်ရေးအတွက် မှန်းဆ နိုင်မည်ဖြစ်သည်။

ဆင်းရဲမွဲတေမှုမျဉ်းအောက်တွင်အိပ်မောကျနေသော မြန်မာ ပြည်သူလူထုသည် ခရိုနီနှင့်အာဏာပိုင်တို့အကြား ဆက်ဆံရေးကိုလည်း ဆက်လက်စောင့်ကြည့်နေကြဦးမည်ဖြစ်သည်။ ခရိုနီတို့မည်သည် အာဏာပိုင်အစိုးရနှင့်အာဏာပိုင်ဖြစ်ရန် အလားအလာကောင်းသူများဆီ ဦးတည် လမ်းဖောက်၊ တံတားထိုးတတ်ကြသည့်အလျောက် ပြည်သူလူထုသည် လည်း မရိုးမအီနိုင်သော ခရိုနီဇာတ်လမ်းတွဲများတစ်ကျော့ပြန်လာ၊ မလာကို အသေအချာစောင့်ကြည့်လေ့လာနေမည်ဖြစ်သည်။ ခရိုနီအနေဖြင့် အမျိုးရှည်ထိန်းရန်၊ အမည်ပြောင်းလဲနိုင်ရန်နှင့် အမည်အဖတ်ဆည်နိုင်ရန် ပြည်သူလူထုကို မျက်နှာမူရမည့်ထုံးကိုပစ်ပယ်လျက် ငွေအင်အားကို အကြောင်းပြု၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်များကို စီးချင်းထိုး ဝင်ရောက်လာနေမည်ဆိုလျှင် ရေရှည်တွင်များစွာနစ်နာဆုံးရှုံးနိုင်ဖွယ် ရှိသည်ဟု မှတ်ချက်ပြုရမည်ဖြစ်သည်။

ခရိုနီတို့သည် နိုင်ငံရေးခေါင်းဆောင်များ၊ နိုင်ငံရေးသမားများနှင့် ပဟုပလဲဇာတ်ခင်းကာအဆင်ပြေပြီးတို့နှင့်ကုစားရန်တစ်ဖက်ကအားထုတ်သကဲ့သို့ တစ်ဖက်ကလည်းပြည်သူလူထုအများစုကြီး၏ ဆင်းရဲမွဲတေမှုလျှော့ချရေး ကို အစဉ်တစိုက်အားထုတ်သင့်သည်ဟု ကောက်ချက်ပြုနိုင်သည်။ ခရိုနီများသည် ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်ကို စနစ်တကျကျော်ဖြတ်ပြီးပါ ကအချိန်ကာလတစ်ခုအတွင်း အမျိုးသားလုပ်ငန်းရှင်များအဖြစ်ပြန်လည် ပြောင်းလဲလာနိုင်လိမ့်မည်ဟု မျှော်လင့်မိသည်။ ခရိုနီပြုပြင်ပြောင်းလဲရေး တွင် ပွင့်လင်းမြင်သာမှုသည်လည်း အရေးကြီးသည့်အလျောက် ခရိုနီတို့ သည် မိမိတို့၏ပိုင်ဆိုင်မှု၊ လုပ်ငန်းများ၊ ဝင်ငွေထွက်ငွေ၊ အခွန်ငွေစသည့် အရေးကိစ္စများကို အမြင့်မားဆုံးပွင့်လင်းမြင်သာနိုင်ရန် အားထုတ်သင့် သည်။ တစ်နည်းဆိုသော် ခရိုနီတို့သည် အာဏာပိုင်နှင့် ဥပဒေပိုင်တို့ထံ



ပွင့်လင်းမြင်သာမှုအရပ်ရပ်ကို စီးဆင်းစေနိုင်သည့်နည်းတူ ပြည်သူလူထု ထံသို့လည်း ပွင့်လင်းမြင်သာမှု တိုက်ရိုက်စီးဆင်းနိုင်ရန် အထူးလိုအပ် သည်။

ခရိုနီများအနေဖြင့် ပြည်သူလူထုအကြား ပွင့်လင်းမြင်သာမှုကို မြှင့်တင်ရာတွင် မိမိတို့ပိုင်ဆိုင်မှုနှင့် ကြွယ်ဝချမ်းသာမှုများကို စနစ်တကျ တင်ပြနိုင်မည်ဆိုလျှင် အလွန်ကောင်း မွန်သည်ဟု မှတ်ချက်ပြုနိုင်သည်။ ခရိုနီများ၏ ပိုင်ဆိုင်မှုများသည် တရားဝင်၊ စာရင်းဝင်ပိုင်ဆိုင်မှုများဖြစ်ရန်၊ အစိုးရအဖွဲ့ဝင်များကဲ့သို့ မိမိတို့ပိုင်ဆိုင်မှုများကို ထုတ်ပြန်ကြေညာသင့် သည်။ အသိပေးရမည်မှာ ပြည်သူလူထုအများစုကြီးကိုဖြစ်သည်။ ထို့အတူ ခရိုနီများ၏ ပြည်သူလူထု အများစုကြီးအတွက် စီမံချက်ထားဆောင်ရွက် မည့် ဆင်းရဲမွဲတေမှုလျှော့ချ ရေးအစီအစဉ်ကိုလည်း တပါတည်းအသိပေး သင့်သည်။ အများပြည်သူ နှင့်ထိတွေ့ဆက်ဆံရေး တစ်နည်းအားဖြင့် ပြည်သူ့ဆက်ဆံရေးကို ခရိုနီများ၏ စီးပွားရေးလုပ်ငန်းကြီးများတွင် စနစ်တကျတည်ဆောက်မြှင့် တင်နိုင်ရန်လည်း အထူးလိုအပ်သည်။ အဆိုပါပြည်သူ့ဆက်ဆံရေး လမ်းကြောင်းမှတစ်ဆင့် ခရိုနီများသည် ပြည်သူလူထုအကြား ရှင်းလင်းအသိပေးလိုသည်များကို စနစ်တကျ ပေးပို့နိုင်သည့်အပြင် ပြည်သူလူထုအကြား ယုံကြည်မှုနှင့်နားလည်မှု တည်ဆောက်ရာတွင်လည်း အရေးကြီးဆုံးဒေါက်တိုင်မှာ ပြည်သူ့ ဆက်ဆံရေးဌာနပင်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော ခရိုနီများသည် ပြည်သူလူထုကို စနစ်တကျလျော်ကြေးပေးခြင်းနှင့်အတူ ပြည်သူလူထုအကြား ပျက်ယွင်းနေ သည့်ယုံကြည်မှုနှင့်နားလည်မှုတို့ကို ပြန်လည် တည်ဆောက်ရမည်ဖြစ် သည်။ သို့မှသာ ခရိုနီတို့အတွက် စီးပွားရေးအမျိုးရှည်ပျက်ခြင်းကို ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ပြီး ခရိုနီတို့၏ ကြွယ်ဝချမ်းသာမှုများကို လည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အကျိုးရှိရှိအသုံးပြုနိုင်



မည်ဖြစ်သည်။ ပြည်သူလူထုကို လှည့်စားသည့်အသွင်၊ ဖြားယောင်း သည့်အသွင်၊ ခရိုနီတို့၏ အလှူအတန်းများသည် မရောင်ရာဆီလူးသည့် အသွင်မဆောင်ရန် အထူးလိုအပ်သည်။ ထို့ကြောင့် ခရိုနီပြန်လည် ထူထောင်ရေးကို စဉ်းစားမည်ဆိုလျှင် ပြည်သူလူထုကို မျက်နှာမူလျက် ပြည်သူလူထု၏ ဆင်းရဲမွဲတေမှုလျှော့ချရေးကို စနစ်တကျချဉ်းကပ် လုပ်ဆောင်ခြင်းမှတစ်ပါး အခြားမရှိကြောင်း မီးမောင်းထိုးဆော်ပြ လိုက်ရပါသည်။

ဒေါက်တာရန်မျိုးသိမ်း

WEEKLY ELEVEN 27.5.2013



# သစ္စာနီ

## ခရိုနီဝါဒ ဘာလဲ

## ခရိုနီဝါဒ ဘာလဲ

မကြာမီနှစ်ကာလ၊ အနည်းငယ်အတွင်းမှစတင်ကာ ခရိုနီဆိုသော စကား မြန်မာလူ့အဖွဲ့အစည်းတွင် ခေတ်စားလူပြောများလာသည်။ Crony ဆိုသော ဝေါဟာရမှာ ၁၈ ရာစုတွင် လန်ဒန်၌ပေါ်ထွန်းလာသော စကား ဖြစ်သည်။ မူရင်းမှာ ဂရိဘာသာစကား Xpovioc (Chronios) ဖြစ်ကာ၊ တိုက်ရိုက် အဓိပ္ပာယ်မှာ ကာလရှည်ကြာသောဟုအဓိပ္ပာယ်ရသည်။ ဒီတုန်းက မိတ်ဟောင်းဆွေဟောင်းတွေ စုပေါင်းကာ တစ်ယောက်အကြိုက် တစ်ယောက်ကကြည့်ရှုကြသည်။ The Old Boys Club သို့မဟုတ် The Golden Circle ဟုခေါ်ကြသည်။ သို့ဖြင့် အစိုးရဌာနများတွင် ရာထူးကြီးကြီးမားမားရရှိထားသူတွေက မိတ်ဆွေတွေကို စီးပွားရေးနှင့် ပတ်သက်၍ အထူးအခွင့်အရေးပေးရာမှ ခရိုနီဝါဒ (Cronyism) ဟူ၍ဖြစ်ထွန်းလာသည်။ Collins အင်္ဂလိပ်အဘိဓာန်တွင် Cronyism ဆိုသော ဝေါဟာရအား

The practice of appointing friend to high-level posts political posts regardless of their suitability.

ပန်းမျိုးတစ်ရာစာပေ

ဟုဖွင့်ဆိုပြထားသည်။ တချို့က လက်သင့်ရာအားပေးသော
ခေါ်သောဝါဒ (govermental faxouritism) ဟုလည်းဖွင့်ဆိုကြသည်။
အထူးသဖြင့် အစိုးရကစီးပွားရေးနှင့်လူမှုရေးကိုချုပ်ကိုင်ထားသော
dirigisme တိုင်းပြည်များတွင် သူတို့သည် အခွင့်ထူးခံလုပ်ငန်းစား
များဖြစ်လာသည်။ ကြီးမားသောစီးပွားရေး လုပ်ငန်းကြီးများကိုတရားဝင်
ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရကြသည်။ အခွန်ကင်းလွတ်ခွင့်ရကြသည်။
ဒါမှမဟုတ် အင်မတန်နည်းပါးသောအခွန်သာဆောင်ကြရသည်။ တစ်ခု
တော့ရှိသည်။ အမြတ်အစွန်းကို သူတို့နှင့် ပူးပေါင်းလုပ်ဆိုင်သောအာဏာပိုင်များ
ခွဲဝေပေးရသည်။ သို့ဖြင့်ခေတ်အဆက်ဆက် ခရိုနီများသည် လူနည်းစုသာ
များဖြစ်ခဲ့ကြသည်။ (ပါးနပ်တဲ့လူချမ်းသာတာပြောတာ) တိုင်းပြည်၏
သယံဇာတမျိုးစုံ နှင့်ဘဏ္ဍာငွေများကို ကိုယ်ကျိုးအတွက်အသုံးပြုနေသော
အာဏာပိုင်များနှင့် ကြံရာပါများဖြစ်ကြသည်။ အဖွဲ့တွဲများဖြစ်ကြသည်။
အနိုင်နိုင်ငံတွင် သူတို့သည် တကယ့်စီးပွားရေးအရှင်သခင်ကြီးများဖြစ်
သဖြင့် ခရိုနီအရင်းရှင်ဝါဒ (Crony Capitalism) ဟုပင်ခေါ်ကြသည်။
သူတို့သည်မည်သည့် နိုင်ငံတွင်မဆို Free and not so free state ရှိနေသည်။
အစိုးရအရင်းရှင် စနစ်ဟုဆိုနိုင်သော ကွန်မြူနစ်နိုင်ငံများတွင်လည်းရှိသည်။
ခရိုနီဆို ရှယ်လစ်ဇင်းဒါမှမဟုတ် Red capitalismတရုတ်တွင်လည်းရှိ
သည်။ အိန္ဒိယ တွင်လည်းရှိသည်။ ယနေ့ကမ္ဘာပေါ်တွင် သန်းကြွယ်သူဌေး
အပေါ်များဆုံး နိုင်ငံများမှာ ထိုနိုင်ငံများဖြစ်နေတာတွေ့ရမည်။ ဆင်ရိုးများ
မလေးရှား၊ အာဂျင်တီးနားနှင့် ဘရာဇီးမှာရှိသည်။ အရှေ့၊ ရုရှားနဲ့
အမေရိကားမှာရှိသည်။ မကြာခင်က အမေရိကန်တွင်ဖြစ်ပေါ်ခဲ့သော
"ဝေါစထရိကို သိမ်းပိုက်ကြ" လှုပ်ရှားမှုမှာ အမေရိကန်ခရိုနီတွေကို
ဆန့်ကျင်သောပြည်သူတွေ၏သာဓကတစ်ခုဖြစ်သည်။ အာဖရိကတွင်
အာဏာရှိသူတွေသာအလွန်အမင်းကြွယ်ဝချမ်းသာ နေသဖြင့်(rule by
wealth) plutocracy ဟုဆိုကြသည်။ တချို့ကတော့ Kleptocracy (rule
... ဟုဆိုကြသည်။ ဘယ်လိုပြောပြော အမှန်ပါပဲ။



ခရိုနီအရင်းရှင်ဝါဒနဲ့ပြိုလာရင်ဘာတွေဖြစ်မလဲ လက်တစ်ဆုပ်စာခရိုနီတစ်စုနှင့် ဝါးစားအာဏာပိုင်တစ်စုသာသုံးမကုန် ဖြုန်းမကုန်ကြွယ်ဝချမ်းသာပြီး တိုင်းပြည်ကတော့ ချွတ်ခြုံကျကာ ဒေဝါလီခံရတော့သည်။ အခွန်တိမ်းရှောင်မှု၊ လာဘ်စားမှုတွေ ကြောက်မက်ဖွယ်ရာကြီးထွားမည်။ ငွေကြေးအကျပ်အတည်းကပ်ဆိုက်မည်။ (Helen Hughs ၏ Crony capitalism and the East Asian Currency and financial crvise, 1999 စာအုပ်ရှုပါ) ဒီးလစ်ဒယ်ဒီးယားက ဘာသာမဲ့ အမေရိကန် ၁၂ ရာစု ဒဿနိကဆရာ Noun chomsky က အရင်းရှင်ဝါဒအကြောင်းထုတ်ဖော်ရှင်းလင်းတဲ့နေရာမှာ "ခရိုနီ" ဆိုတာ မလိုလားအပ်တဲ့ဝေါဟာ တစ်လုံးဖြစ်လိမ့်မယ်ဟုပြောခဲ့၏။

ဈေးကွက်စီးပွားရေး ရုတ်တရက် ကူးပြောင်းတဲ့နေရာမှာ ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ Wu Jinglin က –

It faces two starkly controsting futwre a market cronmy under the rule of law or crony capitalism

ဟုပြောခဲ့သည်။ ကျွန်တော်တို့နိုင်ငံမှာရော၊ ဈေးကွက်စီးပွားရေးဟုကြွေးကြော်ပါသည်။ ခေတ်အဆက်ဆက်ကျင့်သုံးလာခဲ့ရာ ခရိုနီဝါဒ Cronysim ကိုမဖယ်ရှားနိုင်လျှင် crony capitalism ခရိုနီအရင်းရှင်စနစ်ဖြစ်ကာ လက်တစ်ဆုပ်စာ လူတစ်စုကသာကောင်းစားမြဲကောင်းစားနေပေမည်။ နိုင်ငံရေးတွင်လည်း တင်းပြည့်ဒီမိုကရေစီမဟုတ်၊ ကန့်သတ်ထားသောဒီမိုကရေစီ (Limited Democracy) သာ ရှိနေသည်ကိုဂရုပြုရမည်။

တော်လှန်ရေးကောင်စီခေတ်နှင့် မ-ဆ-လ ခေတ်လုံးတွင် စီးပွားရေးလောကမှာခေတ်စားခဲ့သောစကားလုံးတစ်လုံးရှိ၏။ အဆက်အသွယ်(connection) ဟူသောစကားဖြစ်၏။ ယနေ့ထင်ရှားသောမြန်မာနိုင်ငံ၏ ခရိုနီကြီးတစ်ချို့မှာ မ-ဆ-လ ခေတ်ကပင် ထိုအဆက်အသွယ်ကိုအမှီပြု၍ကြီးပွားချမ်းသာနေသူများဖြစ်သည်။ သူတို့ဆီတွင် carpet bag-





ger ဟူသောစကားရှိ၏။ ခေတ်ပျက်သူဌေးများကိုခေါ်ခြင်းဖြစ်သည်။ တိုင်းပြည်ဒုက္ခရောက်နေတာကို အခွင့်ကောင်းယူကာ စီးပွားရှာသူများပင်ဖြစ်သည်။ အမေရိကန်တွင်စစ်ဖြစ်သောအခါတောမှာချင်သူတစ်သိုက်က မြောက်ပိုင်းကနေ၍ တောင်ပိုင်းသို့သွားကာ စီးပွားရှာကြသည်။ (သူတို့ယူဆောင်သွားသော ကော်ဇောနှင့်ချုပ်ထားသော ခရီးဆောင်အိတ် (Carpet bag )ကိုအစွဲပြုကာ Carpet bagger ဟုခေါ်ခြင်းဖြစ်သည်။

ကျွန်တော်တို့နိုင်ငံဒီမိုကရေစီအသွင်ကူးပြောင်းသောအခါ ကြိုတင်လာဘ်မြင်သော ခရိုနီတစ်စုသည် "ပေးကမ်းခြင်းသည်ဆောင်မြင်ရာ၏" ဟူသောစကားကိုလက်ကိုင်ပြုကာ ထင်ရှားအာဏာရှိသည့် နိုင်ငံရေးအဖွဲ့အစည်းများ ကျောင်းသားအဖွဲ့အစည်းများကို ချဉ်းကပ်သိမ်းသွင်းလာကြသည်။ ပြည်ပမှလောင်းကစားပိုင်းများတွင် တစ်ညတည်းခေါ်လာသိန်းချီရှုံးဆောင်ကစားနေသူတွေကာ ထောင်မြင်ရာစွန့်လုပ်လာသော မဖြစ်စလောက်ငွေကြေးလေးကိုကြည့်၍၊ ဒီဘက်ကသဘောထားမှားကြမှိုလိုလာသည်။ နှစ်ပေါင်းများစွာ တိုင်းပြည်၏သယံဇာတနှင့် ဘဏ္ဍာငွေများကို အလွဲသုံးစားပြုကာ တိုင်းပြည်ဆင်းရဲတွင်းနက်အောင်ဖန်တီးခဲ့ရာ၌ သူတို့သည်အဓိကပါဝင်ခဲ့သည်ကိုမေ့ပျောက်မထားသင့်။ ဒီအတွက် ဒီလူတွေ ဘယ်လောက် တာဝန်ယူမည်နည်း။ ငွေနဲ့လာတော့ ငွေစည့်သည်၊ ရွှေနဲ့လာတော့ ရွှေစည့်သည်သဘောထားနေရင်တော့ သိပ်ဟန်မကျဟုထင်ပါသည်။ ကျွန်တော်တို့ အကျိုးအတွက် မပါပါဘူး နိုင်ငံအကျိုးအတွက်ပါဟု သူတို့ပြောလာလျှင်လည်း ကျွန်တော်ကတော့ နီးသီးစားပြောရင်တောင်မယုံချင်။ ခရိုနီတွေကို လူတွေလိုကြည့်မြင်၍မရပေ။ အဘယ်ကြောင့်ဆိုသော် ခရိုနီဆိုသည်မှာ ဝါဒတစ်ခုဖြစ်နေသောကြောင့်ဖြစ်လေသည်။

သစ္စာနီ





# ဒေါက်တာခါစ်စံ (ခါစ်စံဝင်း)

## ခရိုနီ၊ ခရိုဖြူ၊ ခရိုပြာ၊ ခရိုနက် ကယ်

## ဖမ်းခက်လုလေး

## ခရိုနီ၊ ခရိုဖြူ၊ ခရိုပြာ၊ ခရိုနက် ကယ်

## ဖမ်းခက်လုလေး

သမ္မတကြီး ဦးသိန်းစိန် အစိုးရအသစ်နှင့်အတူ ပေါက်ဖွားလာသော စကားတစ်ရပ်သည် **ခရိုနီ** ဟူသော စကားရပ်ဖြစ်သည်။

ခရိုနီဆိုသောစကားရပ်သည် သမ္မတကြီးဦးသိန်းစိန် အစိုးရသစ်လက်ထက်တွင်မှ ရေပန်းစားလာသော်လည်း ထိုလူတန်းစားသည် ၈၈ နောက်ပိုင်းအစိုးရလက်ထက်ကာလများထဲက ပေါ်ပေါက်ရှင်သန်နေတာဖြစ်၏။

ခရိုနီလူတန်းစားသည် ဗိုလ်ချုပ်ကြီးစောမောင်ခေတ်ကာလ (နဝတ) လက်ထက်တွင် သန္ဓေတည်လာ၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေလက်ထက်တွင် အကောင်ဖြစ်လာကြသူများဖြစ်သည်။ ဒီဘက်ကာလတွင်တော့ ယင်းတို့သည် စုဆောင်းရရှိသော ဥစ္စာနေတို့ဖြင့် သူဌေးဖြစ်လာကြသည်။ လမ်းစဉ်ပါတီခေတ်၊ တော်လှန်ရေးကောင်စီခေတ်များက ခရိုနီလူတန်းစား မွေးဖွားရှင်သန်ပေါ်ပေါက်ခြင်း မရှိပါ။

ပန်းမျိုးတစ်ရာစာပေ

ခရိုနီဆိုသည်မှာ အာဏာလက်ဝယ်ရရှိထားသော အာဏာပိုင်တို့နှင့်အကျိုးတူပူးပေါင်း၍ အာဏာပိုင်တို့ကို ခြေဆုပ်လက်နယ်ပြုကာနိုင်ငံပိုင်စီးပွားရေးကဏ္ဍ အရပ်ရပ်အတွင်းသို့ ဝင်ရောက်မောင်ပိုင်စီးပြီး လက်တဆုံး နှိုက်ယူပြီး ကိုယ်ကိုတက်ကြီးပွားချမ်းသာလာသူတို့ကို ခရိုနီဟု၍ အကြမ်းဖျင်းခေါ်ဆိုသမုတ်၍ အမည်နာမ ထုတ်ဖော်အပ်နှင်းခြင်းခံရသူတို့သည် ခရိုနီများပင်ဖြစ်သည်။

ဆိုရှယ်လစ်စီးပွားရေးကာလများတွင် ခရိုနီလူတန်းစား မပေါ်ထွန်းနိုင်ခဲ့၊ ပေါ်ထွန်းရန်အခွင့်အလမ်းလည်းမရှိခဲ့၊ ဈေးကွက်စီးပွားရေးစနစ်ပြောင်းလဲကျင့်သုံးလာသောအခါ ဈေးကွက်အတွင်းသို့ နိုင်ငံခြားသားအရင်းရှင်များလက်ဝါးကြီးအုပ်ဝင်ရောက်၍ စားဖားမလုပ်နိုင်ဘဲ စားချင်းစား တိုင်းရင်းသားအရင်းရှင်များ ကြီးပွားထွန်းကားစေရန် တိုင်းရင်းသားအရင်းရှင်များကို အားပေးရမည်ဟုဆိုသော အယူအဆတစ်ရပ်ရှိလာခဲ့သည်။

တိုင်းရင်းသားအရင်းရှင်ဆိုသည် တိုင်းရင်းသားများထဲမှ ငွေကြေးအရင်းအနှီး၊ မြေကြီးအရင်းအနှီး၊ ဉာဏ်ပညာအရင်းအနှီး၊ အပေါင်းအသင်းများကို အရင်းပြု၍ လုံ့လ၊ ဝီရိယ၊ ဇွဲ တို့ကို စိုက်ထုတ်ကာ တရားဥပဒေဘောင်အတွင်းမှ ကြီးပွားချမ်းသာလာကြသူများကို တိုင်းရင်းသားအရင်းရှင်များဟုခေါ်ဆိုနိုင်ကြပါ၏။ ဟင်္သာတဦးမြ၊ အရိုးတောင်ဦးကျော်သိန်း၊ ကျားပွဲဦးအုန်းမောင် အစရှိသော ပုဂ္ဂိုလ်ကြီးများသည် တိုင်းရင်းသားအရင်းရှင်ကြီးများဖြစ်သည်။ ယခင်ကာလက တိုင်းရင်းသားအရင်းရှင်ကြီးများကို ကြီးထွားအောင်အားပေးရမည်ဆိုသော အယူအဆပင်ရှိသည်။

တိုင်းရင်းသားအရင်းရှင်ကြီးများ၏ လက္ခဏာတို့မှာ-

၁။ တိုင်းရင်းသားများဖြစ်ကြသည်။

၂။ စီးပွားရေးကို တရားသဖြင့် ရိုးသားစွာလုပ်ကိုင်ကြသူများဖြစ်သည်။



၃။ လုံ့လ ဝီရိယ ဇွဲအရင်းတည်ကာ ကြီးပွားချမ်းသာသူများဖြစ်ကြသည်။

၄။ နိုင်ငံတော်က သတ်မှတ်ထားရှိသော အခွန်အခ၊ အဖိုးသားနား စသည်တို့ကို ကျေပွန်စွာထမ်းဆောင်ကြသည်။

၅။ အမျိုးသားရေး စရိုက်လက္ခဏာများရှိသည်။

၆။ အစဉ်အလာလည်း ရှိတတ်ကြသည်။

၇။ ဘာသာ သာသနာကို ထောက်ပံ့ကြသည်။

၈။ တပည့်တပန်းလုပ်သားတို့အပေါ် သားသမီးသဖွယ်ထားရှိဆက်ဆံကြသည်။

၉။ ကောင်းသတင်းဖြင့် ကျော်ကြားကြသည်။

၁၀။ အောင်မြင်မှု၊ မအောင်မြင်မှုကို ကုသိုလ်ကံအကျိုးပေး၏ အဆုံးအဖြတ်ကိုလည်း ခံယူကြသည်။

လူအချို့သည် တိုင်းရင်းသားအရင်းရှင်၊ သူဌေးသူကြွယ်ဘဝကို ခံယူလိုကြသည်။ သို့သော် ယင်းပုဂ္ဂိုလ်ကြီးများကဲ့သို့ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ ကုသိုလ် အကုသိုလ်၏ အကျိုးပေးကို ခံယူခြင်း၊ ဇွဲလုံ့လဝီရိယ စိုက်ထုတ်ရခြင်း စသောကိစ္စများကို စိတ်မရှည်သည်းမခံနိုင်ကြဘဲ ဖြတ်လမ်းက ချမ်းသာလိုကြသောအခါ ယင်းတို့သည် အာဏာပိုင်တို့ဖြင့် ပုလင်းတူဘူးဆို၊ အပြီးစားဘက် ခေါင်းစားဘက်၊ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား ပေါင်းသင်းကာ စီးပွားရေးလုပ်ဆောင်လာကြ၏။

အာဏာပိုင်ရှိသူ၏ လက်ထဲတွင် အခွင့်အာဏာများ၊ လုပ်ပိုင်ခွင့်များ၊ အမိန့်အာဏာများ၊ စီးပွားရေးလုပ်ကွင်းလုပ်ကွက်များရှိသည်။ ထိုလုပ်ကွင်းလုပ်ကွက်များသည် ဆိုရှယ်လစ်စီးပွားရေးခေတ်ကာလက နိုင်ငံပိုင်၊ ပြည်သူပိုင်၊ အများပိုင်ဖြစ်သည်။ ပြည်သူပိုင်၊ နိုင်ငံပိုင်စီးပွားရေးစနစ်တွင် စီးပွားရေးလုပ်ငန်းအရပ်ရပ်၊ လုပ်ပိုင်ခွင့်အရပ်ရပ်တို့ကို အာဏာရှိသူတို့က ပိုင်ကြသည်။ ဆိုရှယ်လစ်စီးပွားရေးထူထောင်မှု



ကာလတွင် လာဘ်ပေး လာဘ်ယူမှု၊ အလွဲသုံးစားမှုစသည်တို့ကို တိတိကျကျပြတ်ပြတ်သားသား နှိပ်ကွပ်ထားသည်၊ အရက်တစ်ပုလင်း၊ စီးကရက်တစ်ဗူး၊ 7 o' clock ဘလိတ်ဓားတစ်ထုပ်၊ နို့ဆီဘူးတစ်လုံး အလွဲသုံးစားလုပ်သည်နှင့် အလုပ်ဖြုတ်၊ အရေးယူ၊ ထောင်ချသည်အထိ နှိပ်ကွပ်ထားသည်။

၈၈ အရေးခင်း အပြီးကာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေလည်း မရှိ၊ တစ်ဦး တစ်ယောက် တစ်အာဏာဖြင့် အုပ်စိုးလာသောအခါ ယင်းကော်မတီများနှင့် အုပ်ချုပ်သော အခွင့်နေရာများတွင် အာဏာရှိသူတစ်ဦးတည်းစီမံအုပ်ချုပ်လာသောအခါ ထိုသူတစ်ဦးတည်း၏ လက်ဝယ်၌ ကြီးမားသော လုပ်ပိုင်ခွင့်များ၊ များပြားသောလုပ်ပိုင်ခွင့်များ၊ နိုင်ငံပိုင်စက်ရုံအလုပ်ရုံကြီးများ၊ နိုင်ငံတကာနှင့် ဆက်ဆံနိုင်ခွင့်များ၊ ကျောက်မျက်ရတနာလုပ်ကွက်များ၊ နေရာထိုင်ခင်းများ ရောက်ရှိလာသည်။ ယင်းကာလတွင် လာဘ်ပေးလာဘ်ယူမှုကိစ္စ နှိပ်ကွပ်မှုကလည်း မရှိသလောက် ဖြစ်လာသည်။

ထိုအခါဝန်ထမ်းအများစု စားဝတ်နေရေးဖူလုံမှု မရှိလာသောအခါ ဝန်ထမ်းများသည် နေ့တိုင်း သူတို့နှင့် ဆက်ဆံလာသော ပြည်သူများထံမှ မေတ္တာဖြင့် ပေးကမ်းမှုများကို လက်ခံလာသည်။ ထို့နောက်တော့ မေတ္တာနှင့် ပေးကမ်းခြင်းကို ထုံးစံပြုလာကြသည်။ ပြည်သူလူထုကလည်း ထုံးစံအဖြစ် ပေးလာရာမှ ဝန်ထမ်းလောကအတွင်း လာဘ်ပေးလာဘ်ယူ ပြုလာသည်။ ဝန်ထမ်းလောကအတွင်း လာဘ်ပေးလာဘ်ယူမှုက နည်းနည်းအကန့်အသတ်နှင့်ဖြစ်သော်လည်း ဝန်ထမ်းအကြီးအကဲအာဏာရှိသူများ၏ လက်တွင် အများပိုင် ပြည်သူပိုင်ပစ္စည်း၊ စက်ရုံအလုပ်ရုံ၊ လုပ်ငန်းဌာန လုပ်ပိုင်ခွင့်များက အလွန်များပြားသည်။ နိုင်ငံတော်အတိုင်းအတာအထိ များပြားသည်။



အာဏာရှိသူများထဲတွင် နိုင်ငံချစ်၊ လူမျိုးချစ်၊ မျိုးချစ်ပုဂ္ဂိုလ်များလည်းပါကြသည်။ ထိုသူများက သူတို့ရရှိသောလုပ်ပိုင်ခွင့်များကို မိမိတို့၏ လုံ့လဝီရိယစိုက်ထုတ်ကာ တတ်နိုင်သမျှ မျိုးချစ်စိတ်ကိုအရင်းတည်၍ လုပ်ဆောင်ကြသူများလည်းရှိပါသည်။ သို့သော် ထိုလူမျိုးကအရေအတွက်နည်းသည်။

သို့သော်အများက မိမိတို့လက်ဝယ်သို့ရောက်ရှိလာသော လုပ်ပိုင်ခွင့်များနှင့်အခွင့်အာဏာများကို မိမိတို့အတွက်လည်း ဝေစုယူလာကြသည်။ သို့သော်လည်း အစပိုင်းတွင်ရဲရဲဝံ့ဝံ့မလုပ်ဝံ့ကြပေ။ သို့သော် နောက်ပိုင်းတွင်ရဲတင်းလာကြသည်။ မိမိတို့အား ဝေစုပေးသူ၊ အမြတ်ခွဲဝေပေးသူတို့ကိုသာ လုပ်ပိုင်ခွင့်များချပေးသော ကိစ္စကို တိတ်တိတ်တစ်မျိုး၊ နောက်ဖေးပေါက်မှတစ်မျိုး၊ ပြောင်ပြောင်တင်းတင်းတစ်ဖုံ အာဏာရှိသူ၊ လုပ်ပိုင်ခွင့်ရှိသူတို့က ပြုလုပ်လာခဲ့ကြသည်။

လုပ်ပိုင်ခွင့်ရှိသူများထံ ချဉ်းကပ်၍ နိုင်ငံတော်အဆင့်လုပ်ပိုင်ခွင့်များ၊ မြေယာများ၊ စက်ရုံအလုပ်ရုံများ၊ သယံဇာတများကိုအပေးအယူပြု၍ရယူသူများပေါ်လာသည်။ အချို့ကမိမိအတွက်လည်းလုပ်၊ အများအတွက်လည်းလုပ်၊ အချို့ကမိမိအတွက်ချည်း သာသာထိုးထိုး လုပ်လာကြသည်။ မလုပ်သူများလည်းရှိသည်။ အာဏာရှိသူများနှင့် ပုလင်းတူဘူးဆို့လုပ်သူတို့သည် စည်းဝါးကိုက်လာကြသည်။ ထိုမှအပေးအယူကိစ္စများသည် နိုင်ငံတော်အဆင့်အထိကြီးထွားလာသည်။ အာဏာပိုင်၊ ရာထူးရှိသူများနှင့် စည်းဝါးရိုက်လုပ်ငန်းလုပ်သူများကို ခရိုနီဟုခေါ်ကြသည်။ ခရိုနီများနှင့် အာဏာပိုင်များသည် ကမ္ဘောဒီးယားနိုင်ငံတွင် သမီးပေး သားယူကိစ္စများအထိ လုပ်လာကြသည်ဟုဆိုသည်။ မြန်မာနိုင်ငံတွင်လည်း သမီးပေးသားယူလုပ်ဆောင်သူတို့ စီးပွားရေးလုပ်ဆောင်မှုလုပ်ငန်းကိစ္စ များကပို၍ ညက်ညောလာသည်။

အာဏာလက်ဝယ်ရှိသူတို့ကလည်း သူတို့ကိုယ်သူတို့ ဖြေရှင်းပေးသရာစ်များအလားထင်မှတ်လာသည်။ သူတို့ရရှိသောအခွင့်အာဏာသည် သူတို့၏ဘုန်းတန်ခိုးကြောင့် ရရှိလာတာဟုထင်မှတ်ကာ ဖြေရှင်းပေးသရာစ်များအလားကျင့်သုံးလာကြသည်။ သူတို့၏အခွင့်အာဏာများကို သားသမီးမြေး မယားတို့ကလည်း ဝင်ရောက်အသုံးပြုလာကြသည်။ ရှေးအခါ မြန်မာတရားစီရင်ထုံးတွင် ရှိုင်ရယ်စလု (Royal Slute) အရက်တစ်လုံးကြောင့် ထောင်တန်းကျခံရမှုရှိခဲ့သော်လည်း တစ်နေ့လျှင် VV sop နဂိုလီယံကွန်ညက်တစ်လုံးကုန်အောင်သောက်သော အာဏာပိုင်များပေါ်ပေါက်လာသည်။ အရက်ကြိုက်သူက အရက်၊ ဝက် (ပိုက်ဆံ)ကြိုက်သူကဝက်၊ စိန်ရွှေကျောက်မျက်ရတနာ၊ ဓါက်ဆက်၊ မော်တော်ကားတို့ကိုပေးအပ်၍ ခရိုနီများက အာဏာပိုင်များထံမှ လုပ်ပိုင်ခွင့်များကိုရယူကြသည်။ အာဏာပိုင်တို့နှင့် ခရိုနီတို့သည် အာဏာပိုင်က မြောက်ချီး ခုနစ်ချီး၊ ခရိုနီက သုံးချီး လေးချီးသာရယူ၍ ခွဲဝေသောစနစ်အထိ ရှိလာသည်။ ထိုစနစ်သည် ပြောဆိုရှေးညှိစရာမလို၊ ထုံးစံဖြစ်လာသည်။ အာဏာပိုင်တို့သည် နန်းတော်တမျှကြီးမားသောတိုက်ကြီးများ ဆောက်လုပ်နေထိုင်လာခဲ့ကြသည်။

ခရိုနီဆိုသည်မှာ ဖော်ပြပါတိုင်းရင်းသားအရင်းရှင်ကြီးများနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ တိုင်းရင်းသားအရင်းရှင်ဆိုသည် တိုင်းရင်းသားရှည်းများဖြစ်ကြသည်။ ခရိုနီများတွင် မြန်မာရော တရုတ်နှင့်အိန္ဒိယအမျိုးသားများ၊ ကပြားများပင် ပါကြသည်။

တိုင်းရင်းသားအရင်းရှင်တို့က စီးပွားရေးကို လုံ့လ ဝီရိယ၊ မိုးသားမှု၊ ငြိုးငြံချေတာမှုများကို အရင်းတည်၍ လုပ်ကြသူများဖြစ်သည်။ ခရိုနီများက ဖွဲ လုံ့လ ဝီရိယ အသုံးပြုရန်မလို၊ ငြိုးငြံချေတာရန်မလိုဘဲ နိုင်ငံပိုင်ပစ္စည်း၊ နိုင်ငံပိုင် ဥစ္စာတို့ကို လက်တဆုံးနှိုက်ယူသုံးစွဲခွင့်ရကြသူများဖြစ်သည်။ မြန်မာတို့၏ ကျောက်စိမ်းရတနာမြေဖြစ်သော ဖားကန့်တွင်



ကျောက်စိမ်းတောင်ကြီးများကို တောင်ခြေ၊ တောင်အမြစ်မှ တူးဖော်ပစ်လိုက်ကြသည်။ ဒီနေ့မိုးလင်းချိန်တွင် ထီးထီးမားမားမြင်ရသော ကျောက်စိမ်းတောင်ကြီးသည် နောက်တစ်ရက်တွင် ပျောက်ကွယ်သွားကာ ထိုတောင်ကြီးနေရာတွင် ချောက်ကြီး၊ ကန်ကြီး၊ တွင်းကြီး၊ ချိုင့်ကြီးများ ပေါ်လာသည်။ ခေတ်မီစက်ကိရိယာများကို အသုံးပြု၍ သယံဇာတဟူသမျှကို အရင်းအမြစ်မှတူးကာ ဆန်ကာဖြင့် စစ်၍ယူကြသည်။ ထင်ရှား၍ အိုးထိုက် အိုးတန်ဖြစ်သော ဥရုမြစ်သည် နွံနွံ နွံနစ်တို့ဖြင့် ပိတ်ဆို့ကာ ဖားကန့်မြို့ အစိတ်အပိုင်းရှိ အိမ်များသည် ကျောက်စိမ်းတူးဖော်ရာမှ ထွက်ပေါ်လာသော နွံနစ်များက အိမ်ခေါင်မိုးမြှုပ်သည်အထိ စီးဆင်းပိတ်ဆို့လာသည်ကို မည်သူမျှ တိုင်ခွင့်တောခွင့်မရှိ၊ တားဆီးမှု ပိတ်ပင်မှုမရှိကြပါ။ တိုင်ရမှန်း၊ တောရမှန်းမသိ၊ ဆိုရှယ်လစ်စီးပွားရေးစနစ်အကောင်အထည်ဖော်ရာတွင် မအောင်မြင်ခဲ့သော်လည်း အရှိသော သစ်တောများ၊ သယံဇာတပစ္စည်းများ မြေပေါ်မြေအောက်၌ကျန်ရစ်ခဲ့သော်လည်း ၈၈ နောက်ပိုင်းတွင် ခရိုနီ စီးပွားရေးစနစ် အကောင်အထည်ဖော်ရာတွင် နိုင်ငံသည် ချို့နဲ့သားရည်သာကျန်ရစ်တော့သည်၊ ခရိုနီတို့သည် နိုင်ငံတော်၏ စီးပွားရေးနယ်ပယ် အရပ်ရပ်တွင် လုပ်ကွက်အားလုံးကို သိမ်းဆည်းလိုက်ကြသည်။

တိုင်းရင်းသားအရင်းရှင်ကြီးများသည် နိုင်ငံတော်ကပေးအပ်သော အခွန်အခများကို ကျေပွန်စွာပေးဆောင်ခဲ့ကြသော်လည်း အာဏာပိုင်ပုဂ္ဂိုလ်တို့နှင့် တစ်ကိုယ်တည်းတစ်ဉာဏ်တည်းဖြစ်သော ခရိုနီတို့သည် အခွန်အခအရပ်ရပ်ကို မည်မျှသာထမ်းဆောင်၍ မည်သို့ အခွန်အခရှောင်ကြသည်ကို စစ်ဆေးမှုပြုပါမှ သိနိုင်ကြပါသည်။ နိုင်ငံတော်သည် အခွန်အခ မဖြစ်စလောက်ရကြပြီး နိုင်ငံတော်၏ သယံဇာတများ အများအပြား ဆုံးရှုံးမှုခံကြရသည်။



ခရိုနီများသည် အာဏာပိုင်များထံမှ လုပ်ပိုင်ခွင့်များကို အရင်းအနှီးနည်းပါးစွာဖြင့်သာရရှိတတ်ကြသည်ချည်းဖြစ်၏။ ထို့ကြောင့်လည်း ယင်းတို့သည် အချိန်တိုအတွင်း လုံ့လ ဝီရိယအလွန်နည်းပါးစွာဖြင့် ကြွယ်ဝချမ်းသာလာကြသည်။ ထိုသို့ကြွယ်ဝလာသော်လည်း ခရိုနီလူတန်းစားသည် အားရတင်းတိမ်မှုမရှိဘဲ နိုင်ငံ့စီးပွားရေးကို ရလေလိုလေအိုတဏ္ဍှာထိုဖြစ်လာကြသည်။

ခရိုနီလူတန်းစားပေါ်ပေါက်လာမှုသည် နိုင်ငံတွင်လာဘ်ပေးလာဘ်ယူမှုကြီးထွားလာရသည်။ ပေါ်ပေါ်ထင်ထင် လာဘ်ပေး လာဘ်ယူမှုများရှိလာသည်။ ၈၈ နောက်ပိုင်းကာလတွင်က နိုင်ငံ၌လာဘ်ပေးလာဘ်ယူမှုကြီးထွားပါသော်လည်း တရားစီရင်ရေးမျက်နှာစာတွင် လာဘ်ပေးလာဘ်ယူမှုကို ရုံးတင်တရားစွဲဆိုမှု မရှိသလောက်ရှားပါးသည်။

ခရိုနီဖြစ်ပေါ်မှုသည် နိုင်ငံအားအကြီးအကျယ်ထိခိုက်စေပါ၏။ နိုင်ငံ၏ စက်မှုစီးပွားရေး လုပ်ငန်းအရပ်ရပ်သည် စက်မှုဆိုင်ရာပညာရှင်များ၊ နည်းပညာတတ်မြောက်သူများ၏ အကြံအစည်၊ အစီအမံဖြင့်သာ တည်ဆောက်ထူထောက်သင့်ပါသော်လည်း ယင်းကိစ္စအရပ်ရပ်သည် ခရိုနီတို့၏ လက်တွင်းသို့ ရောက်ရှိသွားသောကြောင့် နိုင်ငံတွင်ပညာရှင်များသည် ခရိုနီတို့၏ လက်ဝေခံဘဝ၊ လက်အောက်ခံဘဝသို့ကျရောက်ကာ နိုင်ငံတွင် ပညာဉာဏ်ရည် အညွန့်တုံးမှုများ ဖြစ်ပေါ်လာရသည်။

ခရိုနီများသည် နိုင်ငံတော်မှ လုပ်ပိုင်ခွင့်များကို အရင်းအနှီးသက်သာစွာဖြင့် တရားဝင်ရရှိကြသည်။ ထိုလုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ရာတွင် သူတို့လုပ်ချင်သလိုလုပ်နိုင်ရန် နိုင်ငံတော်မှပင် သူတို့အားအကာအကွယ်ပေးကြသည်။ တရားရုံးများတွင်လည်း ခရိုနီများက အနည်းနှင့်အများ မျက်နှာသာရကြသည်။ အာဏာပိုင်တို့၏ ပွဲထုတ်မှုကြောင့် ခရိုနီများသည် နိုင်ငံတော်၏မျက်နှာစာ၌ပင် နေရာရလာကြသည်။ အာဏာရှိသူများနှင့် တစ်ယောက်တစ်ဝက် စေစားမှုစားလုပ်ဆောင်ခွင့်



ရသောကြောင့် ၁၉၈၈ ခုနှစ်မှစ၍ ယနေ့ကာလများတိုင် ခရိုနီတို့သည် မြန်မာ့စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနယ်ပယ်များအတွင်းသို့ပါ ဝင်ရောက်ချယ်လှယ်နိုင်မှုသည် အတော်သတ်၍မရတော့ဘဲရှိသည်။ မြန်မာ့စီးပွားရေးကဏ္ဍအသီးသီး၊ လုပ်ငန်းအရပ်ရပ်ကို ယင်းတို့သည် မောင်ပိုင်စီးခွင့်ရကြသည်။ မြန်မာစကား မောင်ပိုင်စီးသည်ဆိုသည်မှာ တန်ရာတန်ကြေးမဟုတ်၊ ဝီရိယလှုံ့လရင်းရမည့်နေရာတွင် ဝီရိယမရင်းရဘဲ၊ တန်ဖိုးသင့်ပေးရမည့်အရာတွင်လည်း တန်ဖိုးအတိုင်းမပေးဘဲ မိုးကျရွှေကိုယ်ပမာ သက်သက်သာသာအချောင်ရရှိခြင်းမျိုး အလစ်သုတ်ခွင့်ရခြင်းကိုမောင်ပိုင်စီးသည် ဟုဆိုကြသည်။ အချို့က မောင်ပိုင်သည် အသက်ကြီးလာတော့ ဦးပိုင်ဖြစ် သွားသည်ဟုဆိုပါသည်။

မြန်မာနိုင်ငံတွင် ခရိုနီအုတ်မြစ်သည် အခိုင်အမာဖြစ်တည်လျက်ရှိသည်။ ခရိုနီတို့သည် စီးပွားရေးနယ်ပယ်တွင်သာမက နိုင်ငံရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်စသည့် နယ်ပယ်များသို့လည်း ဝင်ရောက်ထိုးဖောက်လျက်ရှိသည်။ ခရိုနီများကို မြန်မာ့လူ့ဘောင်အဖွဲ့အစည်းမှ ဖယ်ရှားရန်မလွယ်ကူတော့သည်သဘောရှိလာ၏။ ခရိုနီသည် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ တစ်စိတ်တစ်ဒေသပေလောဟု ထင်မှတ်စရာရှိလာသည်။ ခရိုနီသည် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ တစ်စိတ်တစ်ဒေသဖြစ်ပါက မြန်မာလူ့ဘောင်သည် အရုပ်ဆိုး အကျည်းတန်လေပြီဖြစ်ပါ၏။

ခရိုနီတို့က မိမိတို့၏ ကြွယ်ဝမှုသည် ဘဝပေးကုသိုလ်ကံကြောင့်၊ မိမိတို့၏ ဉာဏ်ပညာနှင့်လုံ့လ ဝီရိယကြောင့်ဟု သူတို့ကိုယ်သူတို့ ထင်မှတ်လာကြသူများရှိလာကြသည်။ ကုသိုလ်ကံကြောင့် လည်းကောင်း၊ ဉာဏ်ပညာ ဝီရိယကြောင့်သော်လည်းကောင်း ချမ်းသာကြွယ်ဝမှုကို ရရှိသူဟူသမျှသည် ခရိုနီမဟုတ်။ ခရိုနီဟူသည် ဉာဏ်ပညာ၊ ဝီရိယနှင့် ကုသိုလ်ကံအကျိုးပေးကို ပစ်ပယ်ကာ အပေးအယူလုပ်၍ ရသာခိ ချမ်းသာကြသူများ၊ အချောင်ချမ်းသာကြွယ်ဝသူများ၊ လူလည်လုပ်၍

ကြွယ်ဝကြသူများ၊ ဥပဒေစည်းကမ်းကိုတိမ်းရှောင်၍ ချမ်းသာကြသူများ သည်သာ ခရိုနီများဖြစ်ကြသည်။

## မြန်မာပြည်မှာ ခရိုနီတွေကများ

မြန်မာနိုင်ငံတွင် ယခုအခါ ခရိုနီတွေကများလှသည်။ ခရိုနီသာမက ခရိုဖြူ၊ ခရိုနက်၊ ခရိုပြာ၊ ခရိုစိမ်း၊ ခရိုနွယ် ဟူ၍အမျိုးမျိုး ရှိလာကြသည်။

အာဏာရှိသူများသည် ခရိုနီများနှင့်ပေါင်း၍ ချမ်းသာလာကြသည်၊ ကြွယ်ဝလာကြသည်။ နန်းတော်တမျှ အိမ်ကြီးများကို မျက်နှာပြောင်တိုက် ဆောက်နေကြသည်။ ထို့မှနှင့် အားမရနိုင်ဘဲ သူတို့ကိုယ်တိုင်ကလည်း ခရိုနီဖြစ်လိုကြသည်။ ခရိုနီတို့ကိုပေးမစားတော့ဘဲ သူတို့ကိုယ်တိုင် ခရိုနီဖြစ်အောင် ကြိုးပမ်းလာသောအခါနှင့် သူတို့၏ သားသမီးများကို ခရိုနီဖြစ်အောင် လုပ်ဆောင်လာရာမှ ခရိုနီဖြစ်လာသူ သားသမီးများနှင့် ခရိုနီ ဆွေမျိုးတို့ကို **ခရိုနွယ်** ဟုခေါ်ကြသည်။

ခရိုနီများ၏ စီးပွားရေးကို အထောက်အကူပြု၍ ခရိုနီများ၏ အနားတွင် ပျာယာခတ်နေသူတို့ကို **ခရိုပြာ** ဟုခေါ်ကြသည်။

မျက်မှန်နက်တပ်ကာ မိမိတို့၏ လုပ်ပိုင်ခွင့်များကို ခရိုနီများနှင့် မှရွေးချယ်လုပ်ဆောင်သည်ကို နှစ်သက်သဘောကျသူ အာဏာပိုင်တို့ကို **ခရိုနက်** ဟုခေါ်ကြသည်။

ခရိုနီစီးပွားရေးလောကကြီးတွင် နောက်ကျကျန်ရစ်ပြီး ယခု ခရိုနီလောကထဲသို့ဝင်ရောက်ရန် ကြိုးစားသူများကို **ခရိုစိမ်း** ဟုခေါ်ကြသည်။ ခရိုနီလောကတွင် စားသောက်ပြီးသည်နှင့် ဝစီးလာပြီးဖြစ်၍ ကာ မိမိ၏ ဩဇာတိက္ကမကို နိုင်ငံရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်တို့၌ထိုး ဖောက်ကြိုးစားနေရာယူသူတို့ကို **ခရိုဖြူ** ဟုခေါ်ကြသည်။

ဆရာ ဒေါက်တာခင်မောင်ညိုကတော့ သူသည် ခရိုညိုဖြစ် သည်ဟုဆိုပါ၏။ အဘယ်ကြောင့်ဆိုသော ခရိုနီ၊ ခရိုဖြူ၊ ခရိုနက်တို့



ပြိုင်ပြင်ဆောင်ဆောင်းပါးများရေးပြီး အပြီးအပြင်ခံရသောကြောင့် သူက ခရိုညိုဟုခေါ်ပါသည်။

ခရိုနီ စီးပွားရေးစနစ်ဖြင့် မြန်မာလူ့ဘောင်သည် ပြောင်းလဲလာနိုင်စရာအကြောင်းမရှိပါ။ ခရိုနီစနစ်သည် မှောင်ခိုစနစ်ပင်ဖြစ်ပါသည်။ ခရိုနီစနစ်သည် အလွန်ကြီးကျယ်သော လာဘ်ပေးလာဘ်ယူမှုကို အခြေခံ၍ ထူထောင်ထားရှိသော အပေးအယူစနစ်ဖြစ်သည်။ လောင်းကစားခြင်းကို မပြုလုပ်ကြရန် လူကြီးသူမ ဆရာသမားတို့က တားမြစ်ကြသည်။ ခရိုနီစနစ်သည် ရိုးရိုးသားသား လောင်းကစားမှုမဟုတ်၊ စည်းဝါးကိုက်၍ ဖဲလိမ်ရိုက်သည့်အမှုမျိုးဖြစ်သည်။ ခုစရိုက်နှစ်ထပ်ကွမ်းလုပ်ဆောင်မှုဖြစ်သည်။ လာဘ်ပေးလာဘ်ယူမှုပေါ်တွင် အုတ်မြစ်ချ၍ အလုပ်လုပ်သော ကိစ္စဖြစ်သည်။

ခရိုနီစနစ်သည် အကြီးစားလာဘ်ပေးလာဘ်ယူမှု၊ နိုင်ငံတော်အဆင့်လာဘ်ပေးလာဘ်ယူမှုဖြစ်သောကြောင့် ခရိုနီစနစ်ဖြင့် မည်သည့် အရည်အသွေး တည်ဆောက်မှုကိုမှ မလုပ်ဆောင်နိုင်။ ခရိုနီတို့သည် အာဏာပိုင်တို့အား ပေးအပ်ရမည့်အစိတ်အပိုင်းများကို မိမိထဲမှ၊ မိမိရရှိသော အမြတ်အစွန်းထဲမှ ခွဲဝေပေးခြင်းမဟုတ်ဘဲ အရည်အသွေးတည်ဆောက်မှုစရိတ်ထဲမှ ပေးသောကြောင့် ခရိုနီလုပ်ဆောင်မှု အရပ်ရပ်သည် အရည်အသွေးနိမ့်ကျရသည်။ ခရိုနီတို့က ပေးကမ်းထားသောကြောင့် အာဏာပိုင်တို့သည် လုပ်ငန်းနှင့်ပတ်သက်သော စည်းကမ်းသတ်မှတ်ချက်၊ အချိန်သတ်မှတ်ချက်များကို လျှော့ပေးကြရသည်။ ထိုသို့ လျှော့ပေးရမှုများကြောင့် နိုင်ငံအနေနှင့် နစ်နာမှု ဆုံးရှုံးမှုတို့ဖြစ်ရသည်။ ထိုနစ်နာမှုများကို ပြည်သူတို့သာ ခံကြရပါသည်။

ထို့ကြောင့် နိုင်ငံတော်ကို ခေတ်သစ်စနစ်သစ်ဖြင့်တည်ဆောက်လိုပါက ခရိုနီစနစ်ကို ဖယ်ရှားရမည်ဖြစ်သည်။ ခရိုနီစနစ်သည် တစ်နွယ်ငင်တစ်စင်ပါ ဖြစ်နေ၍ ဖယ်ရှားဖို့ ခဲယဉ်းသည်။ တစ်နွယ်မဟုတ်



တစ်စင်လုံးကို ဖျက်ဆီးပစ်ရမည်ဖြစ်ပါ၏။ ထိုကိစ္စကလည်း ကြောင်ကို ချူဆွဲရသည့်အလုပ်ထက် ခက်သည်။

ခရိုနီစနစ်ကိုဖယ်ရှားရန် ခရိုနီစနစ်၏ ဆိုးကျိုးများကို နိုင်ငံခေါင်းဆောင်များသိအောင် မီဒီယာအသီးသီး၊ သတင်းဂျာနယ် အသီးသီးတို့က ရေးသားကြရမည်ဖြစ်ပါသည်။ ထို့ပြင် ပြည်သူတို့ကိုလည်း အသိပေးကြရမည်ဖြစ်သည်။ ယခုထွက်ပေါ်နေသော ကြပ်ပြေး၊ မင်းသင်ရဲ သက်ခိုင် အစရှိသော စာအုပ်များထဲမှ လာဘ်ပေးလာဘ်ယူဖြစ်ရပ်များကို အရေးယူနိုင်က အရေးယူ၊ အရေးမယူနိုင်ပါက နှုတ်ချကြရမည်ဖြစ်သည်။ ခရိုနီများကို လူထုက ဝိုင်းပယ်နှုတ်ချဖြစ်တင်ကြရမည်ဖြစ်သည်။ ခရိုနီဖြစ်ရသည်ကို လူ့အသိုင်းအဝိုင်းအတွင်းသိမ်ငယ်မှုဖြစ်ရအောင်လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

ခရိုနီစနစ်သည် လူတစ်စုကိုကြီးတက်ချမ်းသာ၍ လူထုစွက်ခွက်လန်အောင် မွဲစေသောစနစ်ဆိုးဖြစ်သည်။ မြန်မာနိုင်ငံတွင် ခရိုနီအကြီးစားဟူ၍ ကရုဏာတော်ခံရသူ ဆယ်ဦးမပြည့်သော်လည်း ပြည်သူသန်းပေါင်းများစွာတို့သည် ထိုစနစ်ကြောင့် ဆင်းရဲမွဲတေနေကြ၍ နိုင်ငံ၏ မရေမတွက်နိုင်သော ငွေကြေးပမာဏတို့သည် ဆုံးရှုံးနေကြသည်။

ခရိုနီများသည် ခေတ်မျက်သူဌေးများလည်းဖြစ်ကြသည်။ သူတို့သည် ခေတ်ကြီးပြောင်းလာသော်လည်း ပန်းပန်လျက်ပင်ရှိသည်။ ဆိုရှယ်လစ်စနစ်မှ ဈေးကွက်စီးပွားရေးသို့ပင် ပြောင်း ပြောင်း၊ ဗဟိုဦးစီးစနစ်မှ ဒီမိုကရေစီစနစ်ပင် ပြောင်း ပြောင်း ခရိုနီစနစ်လုပ်ရပ်က ပြောင်းရန်မလို။ ဒီကုလားထိုင်ပေါ်သို့ ရောက်ရှိလာသူများကို ကျားလာလျှင်အမဲသားကျွေးမည်၊ နွားလာလျှင် မြက်ကျွေးမည်၊ ဆင်လာလျှင် ကြံကျွေးမည်ဟုဆိုကာ စောင့်နေကြသည်ဖြစ်၍ ပြည်သူ့ကိုယ်စားလှယ်ကြီးများသည်ပင် မည်မျှအထိ ကြံ့ကြံ့ခံနိုင်ကြမည်နည်း။



ခရိုနီစနစ်သက်ဆိုးရှည်နေသမျှ တိုင်းနိုင်ငံပြည်သူတို့ ဆင်းရဲနေကြမည်သာဖြစ်သည်။

နီဖြူ၊ နီပြာနက်ကာယ် ဖမ်းခက်ရသလို

ခရိုနီ၊ ခရိုဖြူ၊ ခရိုဖြူ၊ ခရိုပြာနက်ကာယ် ဖမ်းခက်လှမည့် အခြေအနေတွင် ရှိနေပါသေးသည်တကား။ ။

ဒေါက်တာချစ်စံ(ချစ်စံဝင်း)




# သန်းစိုးနိုင်

## မြန်မာ့စီးပွားရေးတက်လမ်းနှင့် ခရိုနီတို့၏ အခန်းကဏ္ဍ

### မြန်မာ့စီးပွားရေးတက်လမ်းနှင့် ခရိုနီတို့၏ အခန်းကဏ္ဍ

ယခုအခါ မြန်မာ့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်ကြိုးပမ်းမှုတို့အပေါ် တစ်ချိန်က ကြီးစိုးလွှမ်းမိုးထားခဲ့ကြသည့် နိုင်ငံတကာ၏ သံသယဝင်မိမှုတို့သည် အနောက် လေချိုသွေးလာသည်နှင့်အမျှ အဝေးသို့လွင့်ပါးသွားခဲ့ကြပြီဖြစ်သည်။ အနောက် နေခြည်အောက်တွင်ရွှေမြန်မာတို့၏ ရွှေရောင်အနာဂတ်မှာ လင်းလက် တောက်ပလာတော့မည်ဟုတစ်ကမ္ဘာလုံးကပင် မျှော်လင့်ယုံကြည်နေကြပုံရပါသည်။ နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့ (IMF)ကြီးက ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်း ၆.၇ ရာခိုင်နှုန်းခန့်အထိ မြင့်မားလာလိမ့်မည်ဟု မှန်းဆထားခဲ့၏။ ထို့ပြင် မြန်မာနိုင်ငံအတွင်းသို့ တိုက်ရိုက် ပြည်ပရင်းနှီးမြှုပ်နှံမှု (FDI)အနေဖြင့် ၄၀ ရာခိုင်နှုန်းမျှ မြင့်တက်လာနိုင်ပြီး စုစုပေါင်း ဒေါ်လာ လေးဘီလီယံ နီးပါးမျှအထိ ရှိလာနိုင်သည်ဟု တွက်ဆထားခဲ့ကြသည်။ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလဆန်းပိုင်းအထိ ကတိကဝတ်ပြုထားပြီးဖြစ်သည့် ထောက်ပံ့ကူညီမည့်

## ခရိုနီဘာလဲ

မည်သို့ပင်ဖြစ်စေ၊ သမ္မတအိုဘားမားခရီးစဉ်က မီးစိမ်းပြလိုသည့် နောက်ပိုင်းမှစ၍ "လသာတုန်း ဗိုင်းငင်" ကြမည့် အနောက်တိုင်းနိုင်ငံစုံ၊ လုပ်ငန်းစုံ ကုမ္ပဏီများမှ လုပ်ငန်းရှင်ကြီးများ၊ CEO ကြီးများမြန်မာနိုင်ငံသို့ အပြေးအလွှားဝင်ရောက်လာကြပေတော့မည်။ ယခုအခါ Shell, BP,BG Group , Conoco Phillip. Chevron စသည့် နိုင်ငံစုံရေနံနှင့်ဓာတ်ငွေ့ ကုမ္ပဏီကြီးများက မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံရန် အထူးစိတ်အား ထက်သန်နေကြ၏၊ အမေရိကန် ရေနံကုမ္ပဏီများက ကုန်းတွင်းပိုင်းမှာထက် ကမ်းလွန်ရေနံရှာဖွေရေးတွင် ထက်သန်တက်ကြွနေကြသည်။ အလားတူ ဗီယက်နမ်မှ Vietsovpetrov, ထိုင်းနိုင်ငံမှ PTTEP စသည့် အိမ်နီးချင်းနိုင်ငံ များမှ နိုင်ငံစုံကုမ္ပဏီကြီးများကလည်း ခွဲတမ်းရယူရန်ဝင်ရောက်တိုးဝှေ့ ပြိုင်ဆိုင်နေကြ၏။ အလားတူ ဂျပန်၊ စင်ကာပူနှင့်ထိုင်းတို့ကလည်းသီလဝါ၊ ထားဝယ် ရေနက်ဆိပ်ကမ်းတို့တွင် တရုတ်တို့နှင့်အပြိုင် ရင်းနှီးမြှုပ်နှံနေ ကြ၏။ ထို့ပြင် မြန်မာပြည်သားတို့ အမြန်စားသုံးအစားအစာ (Fast Food) နှင့်အမေရိကန်အချိုရည်များလည်း ပြန်လည်သုံးဆောင်ရပေတော့ မည်။ ယခုအခါမြန်မာပြည်နှင့် နှစ်ပေါင်း ၆၀ မျှ ကင်းကွာနေခဲ့သော Coca-Cola နှင့် နှစ်ပေါင်း ၁၅ နှစ်မျှ ခွဲခွာနေခဲ့ရသည့် Pepsi တို့ ပြန်ရောက်လာခဲ့ကြပြီး ဖြစ်သည်။ တစ်ချိန်တည်းတွင် မြန်မာအိမ်ရှင် တို့လိုအပ်သည့် အသုံးအဆောင်မှန်သမျှ One Stop Service ပေးသည့် ကမ္ဘာကျော် WALMART ကုန်တိုက်ကြီးများ မကြာမီ ဝင်ရောက်လာကြ ပေတော့မည်။ ဆိုခဲ့ပါ နိုင်ငံစုံလုပ်ငန်းစုံကုမ္ပဏီကြီး (Conglomerates) များလုပ်ငန်းနယ်ပယ်ပေါင်းစုံတွင် ဝင်ရောက်လုပ်ကိုင် နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးမည့် Myanmar Conglomerates ကြီးများကလည်း ယခုအခါအသင့်ပြင်ဆင် စောင့်ကြိုနေကြပြီး ဖြစ်သည်။



## ခရိုနီတွေကို ဘယ်လို

ခြုံပြောကြရလျှင် နဝတ၊ နအဖ ခေတ်လွန် မြန်မာ့စီးပွားရေးဘဝ တွင် လွတ်လပ်သောဈေးကွက်ပြိုင်ဆိုင်မှုအတွင်းမှ ထွက်ပေါ်လာခဲ့သည့် တိုင်းရင်းသားနေရှင်လုပ်ငန်းစားဆိုသည်ကား မရှိသလောက်ပင် ရှားပါးလှ ပေသည်။။ နဝတ၊ နအဖခေတ်တွင် အပ်နှင်းထားသည့် အာဏာဖြင့် ပြဋ္ဌာန်းထားသည့် လုပ်ပိုင်ခွင့်အရ ရှင်သန်လှုပ်ရှားနေရသည့် စီးပွားရေး ဘဝတွင် ခရိုနီစီးပွားရေးသာ ရှင်သန်အားကောင်းခဲ့ပေသည်။ ခရိုနီ စီးပွားရေးဆိုင်ရာတွင်လည်း အာဏာဖြင့် ဓနကို ဖန်တီးသည့် မိသားစုခရိုနီ နှင့် ဓနပိုင်ဆိုင်မှုကို အာဏာလုပ်ပိုင်ခွင့်တို့ဖြင့် ပူးပေါင်းထားသည့် လက်ဝေခံ ခရိုနီဟူ၍ နှစ်မျိုးသာရှိတတ်ပေသည်။ ဆိုရလျှင် ဆန္ဒရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ လုပ်ပိုင်ခွင့်၊ နည်းပညာ၊ အရင်းအနှီး၊ လုပ်ခင်း ကိုင်ခင်း အလုံးစုံတို့သည် ခရိုနီတို့၏ ပိုင်ဆိုင်မှုနယ်ပယ်တွင်းသာအများစု ရှိနေခဲ့ကြပေသည်။ ထို့ကြောင့် ခရိုနီအားလုံးကို မြန်မာ့စီးပွားရေးဘဝထဲ တွင် တွန်းဖယ်လိုက်လျှင် မြန်မာ့စီးပွားရေးအားလည်းတုံ့ဆိုင်းသွားနိုင်ပေ သည်။ အကယ်၍ ခရိုနီများကို လွှတ်ထားလိုက်ပြန်လျှင်လည်း အမျိုးသား စီးပွားရေး ဘဝတစ်ခုလုံးကို ယင်းတို့ကလက်ဝါးကြီးအုပ် ဝါးမျိုသွားကြ မည်သာဖြစ်၏။ သို့ဖြစ်သောကြောင့် မတူညီသော ခရိုနီများကို မတူသော သဘောထား၊ မတူသောနည်းများ၊ မတူသောမူဝါဒများဖြင့် ချဉ်းကပ် ဖြေရှင်းအပ်ပေသည်။ ယေဘုယျအားဖြင့်ဆိုရလျှင် မိသားစုခရိုနီတို့၏ အာဏာဖြင့် ဖန်တီးထားသည့် လုပ်ပိုင်ခွင့်နှင့် ပိုင်ဆိုင်မှုများကို သင့်လျော် သော နည်းလမ်းဖြင့် လျှော့ချကာ တဖြည်းဖြည်းရုပ်သိမ်းသွားသင့်ပေ သည်။ တစ်ချိန်တည်းတွင်လက်ဝေခံခရိုနီတို့၏ လုပ်ပိုင်ခွင့်နှင့် ပိုင်ဆိုင်မှု တို့ကို လက်ဝါးကြီး အုပ်အနေအထားသို့ ရောက်ရှိမသွားအောင် ကြီးကြပ် ထိန်းချုပ်ရင်းဖြင့် အမျိုးသားစီးပွားရေးဘဝအတွင်းသို့ သွတ်သွင်းပါဝင် စေခြင်းက တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းဖွယ်ရာအကြောင်း ရှိပါ



သည်။ သို့ဖြင့် အာဏာပိုင်မိသားစုခရိုနီမဟုတ်သည့် လက်ဝေခံ ခရိုနီများ၏ လုပ်ပိုင်ခွင့်နှင့် ပိုင်ဆိုင်မှု ပြဿနာကို ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာနည်းဖြင့် ချဉ်းကပ်ဖြေရှင်းခြင်းက အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုအကျိုးပြုစေရာရှိလိမ့်မည်ဟု ယုံကြည်မျှော်လင့် မိပါသည်။

**သန်းစိုးနိုင်**

အမှတ်(၅၁)၊ မတ်လ၊ ၂၀၁၃-ခုနှစ် - ရန်ကုန်သစ်မဂ္ဂဇင်း





# မင်းခက်ရဲ

## ခရိုနီကောက်ကြောင်း

## ခရိုနီကောက်ကြောင်း

ဒီအက်ဆေးမှာ ခရိုနီစီးပွားရေးလုပ်ငန်းကြီးထွားနေခြင်းဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေကြောင်းနဲ့ ခရိုနီ စီးပွားရေးရဲ့ သဘောသဘာဝတွေကို အနည်းငယ် အကျဉ်းချုံး တို့ထိထားတဲ့ အက်ဆေးပါပဲ။ ခရိုနီစီးပွားရေးလုပ်ငန်းဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ စီးပွားရေးစနစ်ကို ထိရောက်အောင် မလုပ်ပေးနိုင်ဘူးဆိုတာ အထူးပြောဖို့ မလိုဘူး။ ခရိုနီစီးပွားရေးရဲ့ သွင်ပြင်တွေအပေါ်မှာ နားလည်ထားမှသာလျှင် ကျွန်တော်တို့ဟာ စီးပွားရေးလုပ်ငန်းတွေအပေါ်မှာ ဝေဖန်ပိုင်းခြားနိုင်၊ ရှောင်ရှားနိုင်မှာ ဖြစ်တယ်။ ခရိုနီစီးပွားရေးလုပ်ငန်းရဲ့ သွင်ပြင်ဆိုတာကို နားလည်ဖို့က-

- ခရိုနီစီးပွားရေး ဘာကြောင့် အသက်ဝင်လာရသလဲ။
- ဘာကြောင့် ခရိုနီစီးပွားရေးဟာ စီးပွားရေးဖွံ့ဖြိုးတိုး တက်မှုကို နှောင့်နှေးစေသလဲ။
- တကယ်လို့ ခရိုနီစီးပွားရေးဟာ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို နှောင့်နှေးစေပါတယ်ဆိုရင် ဘာကြောင့် ခရိုနီ စီးပွားရေးဟာ အချိန်ကာလကြာမြင့်စွာ တည်ရှိနေရသလဲ။

- နောက်ဆုံး ဘယ်လို အခြေအနေမျိုးတွေမှာ ခရိုနီစီးပွားရေး ပုံသဏ္ဍာန် ပြန်လည်ဖွံ့ဖြိုးပြီး နေရာယူလာနိုင်သလဲဆိုတာ တွေအပေါ် နားလည်ထားဖို့လိုမယ်။

ယေဘုယျအားဖြင့် ခရိုနီစီးပွားရေးဆိုတာ ပေါ်လစီတွေကို ပုံဖော်နေတဲ့ နိုင်ငံရေးအာဏာပိုင်တွေနဲ့ ရင်းနှီးသူတွေက စီးပွားရေး တန်ဖိုးကြီးတွေကို အာဏာပိုင်တွေရဲ့ မျက်နှာသာပေးမှုနဲ့ လက်ခံရရှိနေတဲ့ စနစ်တစ်ခုပဲ။ မျက်နှာသာ အပေးခံရတဲ့ သူတွေဘက်ကလည်း သူတို့ အပေါ် မျက်နှာသာပေးခဲ့သူတွေထံကို စီးပွားရေးအကျိုးအမြတ်တွေ ပြန်ပေးရတယ်။ ဈေးကွက်မှာ ထုတ်လုပ်မှုကို လွှမ်းမိုးနိုင်အောင်လုပ်ထား ပြီး စီးပွားရေးအခန်းကဏ္ဍတော်တော်များများကို အစိုးရအကျိုးအမြတ်တွေ အတွက် ချုပ်ကိုင်ထားရမယ်။ ဒီနေရာမှာ နောက်ထပ်ထွက်လာတဲ့ မေးခွန်းတစ်ခုက အစိုးရကရော ဘာကြောင့် ခရိုနီတွေကို မျက်နှာသာ ပေးရတာလဲဆိုတဲ့ မေးခွန်းပဲ။ ပုဂ္ဂိုလ်ရေး အကျိုးအမြတ်လို အကြောင်း တရားအမျိုးမျိုးရှိနိုင်ပေမယ့် အစိုးရဟာ ခရိုနီစီးပွားရေးစနစ်ကို တည် ထောင်ခြင်းအားဖြင့် သူတို့ရင်ဆိုင်နေရတဲ့ နိုင်ငံရေးနဲ့ စီးပွားရေး ပြဿနာ တွေကို ရင်ဆိုင်တဲ့နေရာမှာ အသင့်တော်ဆုံးရယ်လို့ ထင်မှတ်မှားနေကြ တဲ့အတွက်ပဲ။ အစိုးရအနေနဲ့ သူတို့ရဲ့တွေးပုံခေါ်ပုံက တကယ်လို့ အစိုးရက သူတို့ကိုယ်တိုင်စီးပွားရေးမှာ ဝင်ရောက်လုပ်ကိုင်ခြယ်လှယ်နေတဲ့ ပုံစံ ပေါက်ရင် လိုအပ်တဲ့ အက်ဆက်တွေ (ဝါ) အသုံးကျတဲ့ အရည်အသွေး၊ လူပုဂ္ဂိုလ်တွေကို ကိုင်ဆောင်ထားသူတွေ၊ အဖွဲ့အစည်းတွေက နိုင်ငံအတွင်း ဝင်ရောက်လုပ်ကိုင်မှာမဟုတ်ဘူး။ အက်ဆက်ရှိသူတွေ မရှိဘူးဆိုရင် ရင်းနှီးမြှုပ်နှံမှုလည်း ဝင်ရောက်လာမှာ မဟုတ်ဘူး။ ရင်းနှီးမြှုပ်နှံမှု မလာရင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှာလည်းမဟုတ်ဘူး။ ဒါကြောင့် အာဏာရှင်အစိုးရတွေဟာ သူတို့အနေနဲ့စီးပွားရေးလုပ်တာမျိုးမဖြစ် ရလေအောင် တစ်ဖက်လှည့်နဲ့ တခြားသူတွေ (ဝါ) ခရိုနီတွေကို



မျက်နှာသာပေး လုပ်နိုင်းခြင်းအားဖြင့် သူတို့လည်း အကျိုးအမြတ်ဖြစ်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလည်း ဖြစ်ပေါ်လိမ့်မယ်လို့ မြင်ကြတဲ့ အတွက်ပဲ။ တကယ့်တကယ်တမ်းမှာတော့ သုတေသန ကိန်းဂဏန်းတွေ ကနေ ညွှန်ပြနေတာကတော့ ဒီလို မမှန်ကန်တဲ့ လိမ်လည်လှည့်ဖျားမှု တစ်ရပ်ဟာ သူတို့ အကျိုးအမြတ်သာရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေတယ် ဆိုတာကို ပြနေတယ်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ကောင်းမွန်တဲ့ဖြန့်ဝေမှုဆိုတဲ့ ရှုထောင့်ကနေကြည့်ရင် ခရိုနီစီးပွားရေးဟာ စီးပွားရေးကိုနောက်ပြန်ဆွဲ သွားစေတဲ့ အချက်သုံးချက်ရှိတယ်။ ပထမအချက်က ခရိုနီစီးပွားရေးက အရင်းအမြစ်တွေကို နေရာမှားချထားတယ်။ အစိုးရဟာ သူတို့ရဲ့ စီးပွားရေး ပေါ်လစီတွေကို ချမှတ်တဲ့နေရာမှာ အက်ဆက်တွေကို ကိုင်ဆောင်ထားတဲ့ ခရိုနီ (ဝါ) စီးပွားရေးအခွင့်ထူးခံတွေကိုသာ ပေးအပ်တဲ့အတွက် အရင်း အမြစ်တွေဟာ နိုင်ငံသားတွေရဲ့ ဘဝလုံခြုံမှုဆီကို ပျံ့နှံ့မသွားဘဲ ခရိုနီနဲ့ အစိုးရမိသားစုတွေဆီကိုသာ အများဆုံးရောက်ရှိသွားတယ်။ ဒုတိယ အချက်ကတော့ ခရိုနီစနစ်က အခွင့်ထူးခံ အက်ဆက်ကိုင်ဆောင်သူတွေနဲ့ အစိုးရကြားထဲက ပုဂ္ဂိုလ်ရေးဆက်သွယ်ချက်တွေကို မှီခိုနေရတဲ့အချက်ပဲ။ ဒီအချက်ကြောင့် ပုဂ္ဂိုလ်ရေးဆက်သွယ်ချက်ရှိတဲ့ အစိုးရအကြီးအကဲ အာဏာရနေချိန်မှာသာလျှင် အလုပ်ဖြစ်ပြီး သူတို့အာဏာမရှိတဲ့ အချိန် မှာတော့ စီးပွားရေးဆိုင်ရာ ခံဆောင်မှုတွေပျက်စီးသွားနိုင်တယ်။ ဒါကြောင့် ခရိုနီစီးပွားရေးစနစ်ထဲက စီးပွားရေးအောင်ရှင့်တွေရဲ့ သက်တမ်းဟာ ရှိတ်မရှည်ဘူး။ ဒါကိုသိတဲ့ ခရိုနီတွေက ရနေတဲ့သက်တမ်းအတွင်း အကျိုး အမြတ်အများဆုံး လောဘစောတိုက်တောင်းယူတယ်။ နိုင်ငံရဲ့ စီးပွားရေး အကျိုးအမြတ်ထက် သက်တမ်းတိုကြောင့် အလွန်အကျွံအမြတ်ရှာဖွေမှု ဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးစေရတဲ့ အချက်တွေထဲက တစ်ချက်ပဲ။ ပြီးရင် သူတို့ကြောင့်ဖြစ်လာတဲ့ စီးပွားရေး ရှင့်ကျက်မှုဟာ



လည်း အချိန်တိုကာလကြောင့် တိုင်းပြည်အတွက် ရှိသင့်တဲ့ ရင့်ကျက်မှု မျိုးမရှိဘဲ နောင်ဒီမိုကရေစီအစိုးရအတွက်၊ နိုင်ငံအတွက် အထောက်အကူ မဖြစ်လှဘူး။ တတိယအချက်ကတော့ ခရိုနီစနစ်ကြောင့် ဆိုးဝါးတဲ့ နောက်ဆက်တွဲအကျိုးဆက်တွေဖြစ်တတ်ပြီး ဝင်ငွေခွဲဝေဖြန့်ဖြူးမှုမှာလည်း မညီမျှဖြစ်နေတယ်။

ခရိုနီတွေကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနည်းပါးတဲ့ အချက် တွေထဲက နောက်ထပ်တစ်ခုကတော့ ခရိုနီတွေဟာ သူတို့ရဲ့ ကုန်ကျစရိတ် တွေကို ထုတ်ဖော်ပြောလေ့မရှိဘဲ လျှို့ဝှက်ထားလေ့ရှိတယ်။ အကြောင်း ကတော့ ခရိုနီရဲ့ ကုန်ကျစရိတ်ဆိုတာ ခရိုနီတွေရဲ့ အကျိုးအမြတ်ဖြစ်နေ လို့ပဲ။ ဒါကြောင့်လည်း ခရိုနီစီးပွားရေးလုပ်ငန်းတွေအတွက် နိုင်ငံတော်က ပွင့်လင်းမြင်သာမှုရှိမှာ မဟုတ်ဘူး။ ခရိုနီရယ်လို့ စတင်ဖြစ်ပေါ်လာတဲ့ နယ်ပယ်ကတော့ အများအားဖြင့် ကုန်သွယ်ရေးနယ်ပယ်ဖြစ်ပြီး သွင်းကုန် လိုင်စင်ကို မျက်နှာသာပေးရရှိခြင်းကနေ စတင်တာကိုလည်း တွေ့ရမယ်။ နောက်ထပ်တစ်နေရာကတော့ ပြည်တွင်းက ဈေးကြီးတဲ့အရာတွေကို တင်ပို့နိုင်ခွင့်ပဲ။

**ခရိုနီတွေဘာကြောင့် ရေရှည်ခံနေရသလဲ**

အပြောကတော့ အစိုးရတစ်ခုနဲ့တစ်ခု ပြောင်းသွားပေမယ့်လည်း ခရိုနီတွေကြာရှည်ခံနေရတဲ့အကြောင်းက အစိုးရတစ်ရပ်ဟာ သူ့ရှေ့က အစိုးရ ရင်ဆိုင်ခဲ့ရတဲ့ ပြဿနာကို ပြန်ရင်ဆိုင်ကြရလို့ပဲ။ ဒါကြောင့် ခရိုနီတွေက ဆက်ရှိနေဆဲပဲ။ ဒီမိုကရက်တစ်အစိုးရမျိုး ဒါမှမဟုတ် အကန့် အသတ်ရှိတဲ့ အစိုးရမျိုးပေါ်ပေါက်လာတဲ့အချိန်မှာ ကောင်းမွန်တဲ့ စီးပွားရေးနဲ့ နိုင်ငံရေးတည်ငြိမ်မှုကို မရှာဖွေနိုင်သေးခင်အထိရှိနေတဲ့ သဘာဝကလည်းရှိတယ်။ အစိုးရအနေနဲ့ ခက်ခဲတဲ့ အခြေအနေကို မကျော်လွှားနိုင်ဘူးဆိုရင်တော့ ဘယ်လိုပုံသဏ္ဍာန်နဲ့ အစိုးရမျိုးပဲဖြစ်ဖြစ် ယခင်အစိုးရကြုံတွေ့ရတဲ့ အကျပ်အတည်းကို ရင်ဆိုင်ရမှာဖြစ်တယ်။



သဘောကတော့ အက်ဆက်ရှိသူတွေကို မရွေးချယ်နိုင်ဘူးဆိုရင် ရင်းနှီး မြှုပ်နှံမှုတွေဝင်ရောက်လာမှာ မဟုတ်ဘူးဆိုတဲ့ အတွေးအခေါ်ကြီးလုံးနဲ့ ဆက်အနက်ခံရဦးမှာပဲ။ အက်ဆက်ရှိသူမရှိရင် ရင်းနှီးမြှုပ်နှံမှုမရှိ၊ ရင်းနှီးမြှုပ်နှံမှုမရှိရင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးပြီး အစိုးရ အကြီးလည်းပတ်အလုပ်လုပ်အောင် အားဖြည့်ပေးမယ့် အခွန်ကောက်ခံမှု မှာပါ ပြဿနာတက်မှာဖြစ်တယ်။

ဒီမိုကရေစီအစိုးရမဟုတ်ရင်တော့ တော်လှန်ရေးနဲ့ ပြန်တက် လာတဲ့ အစိုးရတိုင်းမှာ ယခင်ရှေ့က အစိုးရဖန်တီးခဲ့တဲ့ ခရိုနီစီးပွားရေး ပုံစံကို ပြန်ဖန်တီးရတဲ့သဘောတွေရှိနေတယ်။ ဒီသဘောကို ဟာဘာနဲ့ နိုယ်မိုရာကနေ မက္ကဆီကိုတော်လှန်ရေးကို အခြေခံပြီး လေ့လာပြခဲ့ တာတွေရှိတယ်။ သူတို့က ခရိုနီစနစ်ရဲ့ အနက်ရှိုင်းဆုံးအပိုင်းကို လေ့လာ ပြတာ၊ တစ်နည်းအားဖြင့် အာဏာရှင်စနစ်ကနေ ကောင်းမွန်နိုင်မှာတဲ့ ဒီမိုကရေစီအုပ်ချုပ်ရေးပုံစံမဟုတ်တဲ့ တခြားသော အုပ်ချုပ်မှုပုံစံတစ်မျိုးမျိုး ကို ပြောင်းလဲသွားတဲ့အခါ ခရိုနီစနစ်ဟာ ပုံစံတစ်မျိုးနဲ့ အသစ်ပြန်လည် ဖွဲ့စည်းဖို့ကြိုးစားတတ်တာကို ဖော်ထုတ်ပြခဲ့တာဖြစ်တယ်။ မက္ကဆီကို အာဏာရှင် ပေါ်ဖီရီယို ဒိုင်းယက်ဇ် (၁၈၇၆-၁၉၁၀) လက်ထက်မှာ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာဖို့ရာ လိုအပ်တဲ့ "သူဟာတော့ဖြင့် ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်မှုဆိုတာကို ယုံယုံကြည်ကြည် အကာအကွယ်ပေး နေပါတယ်" လို့ ပြချင်တဲ့အတွက် အက်ဆက်ကိုင်ဆောင်ထားတဲ့ အုပ်စု ငယ်လေးတွေကို စီးပွားရေးအခွင့်အလမ်းတွေ ပေးအပ်ချီးမြှောက်ပြခဲ့တာ။ နောက်တော့ ဒိုင်းယက်ဇ်ပြုတ်ကျသွားပြီး အစိုးရသစ်တစ်ရပ် အာဏာ ရလာတဲ့အခါမှာလည်း ဒီအုပ်စုလေးတွေဟာ အသစ်ပြန်လည်ဖွဲ့စည်းနိုင်ခဲ့ တယ်။ ဒိုင်းယက်ဇ်ကို မနှစ်မြို့ကြတော့တဲ့အတွက် တော်လှန်ရေး ဆင်နွှဲပြီး ဖြုတ်ချခဲ့ကြပြီးတဲ့အခါ နောက်တက်လာတဲ့ အစိုးရကလည်း ဒိုင်းယက်ဇ်

အိုင်ဒီယိုလော်ဂျီကို ကိုင်စွဲထားကြတာ။ နောက်တော်လှန်ရေးကြောင့် တက်လာတဲ့ အစိုးရကလည်း ဒိုင်းယက်စ်မှာရှိခဲ့တဲ့ ခရိုနီစနစ်ကိုပဲ ပြန်ကျင့်သုံးသွားခဲ့ရတယ်ဆိုတာကိုတွေ့ရမယ်။ ပြီးတော့ ယခင်က ခရိုနီတွေနဲ့ နောက်အစိုးရ ခရိုနီတွေကလည်း အတူတူပဲဆိုတာကို တွေ့လာရတယ်။

ခရိုနီစီးပွားရေးစနစ်ဆိုတာမှာ စီးပွားရေးသွင်ပြင်လက္ခဏာ သက်သက်ကိုသာ မတွေ့ရဘူး။ နိုင်ငံရေးအရ တံခါးပိတ်မှုကြောင့် ဖြစ်ပေါ်လာတဲ့ သွင်ပြင်လက္ခဏာကိုသာလျှင် အများဆုံးတွေ့ရမယ်။ ပြီးရင် နိုင်ငံရေးအရ အပြုသဘောမဆောင်တဲ့ အကျိုးသက်ရောက်မှုတွေကိုသာလျှင် တိုင်းပြည်က ခံစားလိုက်ရတယ်။ ခရိုနီစနစ်မှာ တူညီတဲ့ အခွင့်အလမ်းရပိုင်ခွင့်ဆိုတဲ့ ဒီမိုကရက်တစ်တန်ဖိုးစံမရှိဘူး။ ခရိုနီစနစ် ဖြစ်ပေါ်လာဖို့ အဓိကအချက်က အစိုးရအနေနဲ့ အထူးစီးပွားရေးအခွင့်အလမ်းတွေကို အက်ဆက်ကိုင်ဆောင်ထားတဲ့ လူနည်းစုတချို့ကို ပေးအပ်နေဖို့ပဲ။ အဲဒီလိုမျိုး မရှိတော့ဘဲ စီးပွားရေးအခွင့်အလမ်းတွေကို လူတိုင်းညီမျှစွာ ချဉ်းကပ်နိုင်အောင်ဖြစ်လာပြီဆိုရင် ခရိုနီစနစ် ကျဆုံးသွားမယ်ဆိုတာကလည်း မြင်သာတဲ့အချက်ပါပဲ။ ဒါကြောင့် ရွေးကောက်တင်မြှောက်တဲ့ ဒီမိုကရေစီဟာ ခရိုနီစနစ်ကို တဖြည်းဖြည်း တိုက်စားပစ်တယ်။ ခရိုနီတွေကလည်း ရတဲ့နည်းပေါင်းစုံနဲ့ သူတို့ရဲ့ အကျိုးအမြတ်ကို ကာကွယ်မှာပဲ။ တက်လာနိုင်မယ့် ဒီမိုကရေစီအစိုးရကို စောစောစီးစီး ပြေးပေါင်းမယ်။ ဘဏ္ဍာငွေ မလုံမလောက်ဖြစ်နေတဲ့အချိန် မက်လောက်စရာကောင်းအောင် အထောက်အပံ့ပေးမယ်။ သူတို့သာလျှင် တိုင်းပြည်ရဲ့ အက်ဆက်ကိုင်ဆောင်သူတွေဖြစ်ပြီး သူတို့ရဲ့အကူအညီ မပါဘဲနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ လွယ်လွယ်ကူကူနဲ့ မရနိုင်ဘူး ဆိုတာကို အစိုးရရဲ့ ပြည်သူလူထုအပေါ် နည်းမျိုးစုံနဲ့ ကျဲသွင်းမယ်။ ဒီထက်ပိုဆိုးပြီး အစိုးရအနေနဲ့ သူတို့ရဲ့ အကျိုးစီးပွားကို ထိခိုက်အောင် လုပ်မယ်ဆိုရင်တော့



စီးပွားရေးမှန်သမျှ ချုံးချုံးကျအောင် လုပ်ပစ်မယ် ဆိုတဲ့အထိ ထွင်လုံးတွေ ပေးတတ်တယ်။ တကယ်တော့ ဒီလိုလုပ်နိုင်မယ် ဆိုရင်တောင် ဒါဟာ အနိုက်အတန့်ပဲ။ သေချာတဲ့ သူတောသနတွေက နောင်တက်လာမယ့် ဒီမိုကရေစီအစိုးရဟာ ခရိုနီတွေကို ဆက်လက်ထိန်းသိမ်းထားမယ်ဆိုရင် ဒါဟာ ကိုယ့်နိုင်ငံရဲ့ အချက်မျိုးနေကို ကိုယ့်ဘာသာကိုယ် ပြန်ချုပ်တာ နေတယ်။ ပြီးတော့ ကိုယ့်အကျိုးအမြတ်ကို အသေအလဲ ကာကွယ်နေတဲ့ ခရိုနီစနစ်မှာ အစိုးရရဲ့စီးပွားရေးဆိုင်ရာ ဆွေးနွေးချက်တွေမှာ လူထု မြင်သာမှုမရှိတဲ့ အခြေအနေ၊ လူထုသဘောတူမှုမရှိတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်ရမှာတော့ အမှန်ပဲ။ အဆင့်မြင့်မားတဲ့ ဒီမိုကရေစီရှိမှသာ ခရိုနီစနစ်ဟာ လုံးဝကျဆုံးသွားမှာဖြစ်တယ်။ တစ်ဖက်ကလည်း အာဏာပိုင်စနစ်ကို ပိုကျင့်သုံးလေ၊ ခရိုနီစနစ်ပိုထိထိရောက်ရောက် အလုပ်လုပ်လေပါပဲ။

**ခရိုနီအခိုမှာယ်ဖွင့် ဆိုချက်အကျဉ်း**

ခရိုနီနဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်က နိုင်ငံရေးအာဏာပိုင်သူတွေထံကနေ ကြီးမားတဲ့ စီးပွားရေးတန်ဖိုးတွေအတွက် မျက်နှာသာပေးခံရသူလို့ ဆိုနိုင်တယ်။ သို့ပြီး ရှုပ်ရှုပ်ထွေးထွေးမရှိလှဘူး။ အများအားဖြင့် အဲဒီလို မျက်နှာသာပေးခံရသူတွေက မှင့်လင်းမြင်သာမှုရှိရှိနဲ့ ဓနဉစ္စာလွှဲပြောင်းပေးလိုက်တဲ့သဘောတော့မရှိဘူး။ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းတွေ ပေးလိုက်ခြင်းပဲ။ ဒီအခွင့်အလမ်းတွေက ပုံစံအမျိုးမျိုးရှိတယ်။ ဒါပေမဲ့ အမြင်သာဆုံးအရာတစ်ခုကတော့ ပိုင်ဆိုင်မှုရယူလိုက်ခြင်း (Ownership) ဆိုတာကို အာရှစီးပွားပျက်ကပ်ကြောင့်တွေ့ရမှာဖြစ်တယ်။ အထူးသဖြင့် ခရိုနီတွေရဲ့ အခွင့်အလမ်းထဲမှာ နိုင်ငံတော်ပိုင်ဆိုင်တဲ့ စီးပွားရေးလုပ်ငန်းနဲ့ လည်ပတ်အလုပ်လုပ်ပုံတွေကို ပုဂ္ဂလိကလုပ်ငန်းတွေ လွှဲပေးလိုက်တဲ့ ပုံစံအနေနဲ့ ခရိုနီတွေက ရယူသွားတယ်။ နောက်ထပ်အရေးတကြီး သတိထားရမယ့်အချက်က ရင်းနှီးမြှုပ်နှံမှုဖြစ်ပေါ်လာဖို့ရာ အချက်အချာကျတဲ့



ဘဏ်စနစ်ကို ခရိုနီတွေချုပ်ကိုင်ထားခြင်းပဲ။ ပြည်တွင်း ရောက်ဒခစ်လုပ်ငန်းကို ချဲ့ထွင်ခြင်းနဲ့ ပြည်တွင်း ခရိုနီဘဏ်စနစ်ကို တည်ထောင်ထားခြင်းဟာ နောက်တက်လာမယ့် အစိုးရအနေနဲ့ အထူးအခက်အခဲကြုံတွေ့နိုင်တဲ့ အနေအထားတစ်ရပ် ဆိုတာကိုလည်း တွေ့ရမယ်။

**ခရိုနီစနစ် ဘယ်အချိန် ကြီးထွားလာမလဲ**

အာဏာပိုင် အုပ်ချုပ်ရေး ဒါမှမဟုတ် အာဏာရှင်အုပ်ချုပ်ရေးတွေမှာ ခရိုနီစနစ်အားကောင်းလာတတ်တာ မှန်တာပါပဲ။ အဲဒီလို စနစ်တွေကနေ ဒီမိုကရေစီစနစ်အပြောင်းအလဲမှာ ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ သူတို့ရဲ့ အကျိုးအမြတ်ကာကွယ်မှုတွေနဲ့ ရင်ဆိုင်ရပြီး ခရိုနီစနစ်ကို ဆက်လက်သယ်ဆောင်လာနိုင်ပါတယ်။ ဒါကို အကျဉ်းချုံးပြီးဆိုရရင်တော့ နိုင်ငံရေးမတည်ငြိမ်မှုရှိတဲ့ အချိန်မှာ ခရိုနီစနစ်ကြီးထွားလာမှာဖြစ်တယ်။ ဒီတော့ ကျွန်တော်တို့အနေနဲ့ နိုင်ငံရေးမတည်ငြိမ်မှုဆိုတာ ဘာလဲ၊ နိုင်ငံရေးတည်ငြိမ်မှုဆိုတာဘာလဲဆိုတာကို သိထားဖို့လည်းလိုတယ်။ နိုင်ငံရေးမတည်ငြိမ်မှုဆိုတာကို သိဖို့ ပိုပြီးသေချာရေရာမှုရှိတဲ့၊ အလွယ်တကူ ပိုတွက်ချက်နိုင်တဲ့ နိုင်ငံရေးတည်ငြိမ်မှုဆိုတာဘာလဲကနေစတင်သင့်တယ်။

**(က) နိုင်ငံရေးတည်ငြိမ်မှုဆိုတာ ဘာလဲ**

နိုင်ငံရေးတည်ငြိမ်မှုဟာ ကောင်းမွန်နိုင်မာတဲ့ နိုင်ငံရေးစနစ်အပေါ်ကို မှီတည်ပြီးဖြစ်ပေါ်နေရတာ။ နိုင်ငံရေးစနစ်ဆိုတာ နိုင်ငံရေးအကျိုးအမြတ်တွေကို စုစည်းပေး၊ မျှဝေပေးတဲ့ အင်စတီကျူးရှင်းအစုအဝေးပဲ။ အထူးသဖြင့် နိုင်ငံရေးစနစ်ဆိုတာ လူ့အဖွဲ့အစည်းအတွင်း အဓိကအရင်းအမြစ်တွေဖြစ်တဲ့ ဥပဒေအရ တရားဝင်ခွင့်ပြုပေးထားတဲ့ စည်းမျဉ်းစည်းကမ်းနဲ့ အင်စတီကျူးရှင်းတွေကို ခေါ်တယ်။ နိုင်ငံရေးစနစ်ရဲ့ အဓိကရည်ရွယ်ချက်က နိုင်ငံရေးပြောင်းလဲမှုပုံစံနှစ်ရပ်နဲ့ ပတ်သက်ပြီး မသေချာမရေရာမှုတွေကို လျှော့ချတယ်။ ပထမပြောင်းလဲမှုက အစိုးရအတွင်းပြောင်းလဲမှုပဲ၊ ဒီပြောင်းလဲမှုတွေက အစိုးရတစ်ခု အာဏာတိုးဝင်



ရောက်လာဖို့ရာ လုပ်ပေးတဲ့ ယန္တရားတွေကို ချုပ်ကိုင်ထားတဲ့ အင်စတီကျူးရှင်းတွေအတွင်းကနေ ဖြစ်ပေါ်တယ်။ ဥပမာ ရွေးကောက်ပွဲ ဥပဒေလို အစိုးရအပြောင်းအလဲယန္တရားကို ချုပ်ကိုင်ထားတဲ့ အင်စတီကျူးရှင်းမျိုးပဲ။ ဒုတိယပြောင်းလဲမှုကတော့ နိုင်ငံရေးစနစ်ရဲ့ အခြေခံအဆောက်အအုံတွေမှာတည်ရှိနေတဲ့ အခြေခံကျတဲ့ ပြောင်းလဲမှုတွေပဲ။ နိုင်ငံရေးစနစ်တွေ တဖြည်းဖြည်းဖြစ်ထွန်းပြောင်းလဲသွားဖို့ရာ လုပ်ပေးမယ် အတွင်းစည်းမျဉ်းစည်းကမ်းတွေ ပြောင်းလဲသွားတဲ့သဘောပဲ။

တစ်နည်းအားဖြင့် နိုင်ငံရေးစနစ်ဆိုတာ လူမှုရေးဆိုင်ရာ တောင်းဆိုမှုတွေကြောင့် ဖြစ်လာမယ့်ပဋိပက္ခတွေကို ဖြေရှင်းပေးတာ၊ လူမှုရေးဆိုင်ရာ အပြန်အလှန်ဆက်ဆံမှုပုံစံမျိုးစုံကို စီးမိုးမယ့် စည်းမျဉ်းစည်းကမ်းတွေကို ထုတ်ပေးတာတွေလုပ်တယ်။ ပြီးတော့ နိုင်ငံရေးနယ်ပယ်ကို ချဲ့ထွင်ပေးတယ်။ ဒီအလုပ်အရ နိုင်ငံရေးမှာဆိုရင်တော့ လုပ်အားခွဲဝေပေးတာ၊ လူ့အဖွဲ့အစည်းကို အုပ်ချုပ်ဖို့ရာ နိုင်ငံရေးအဖွဲ့အစည်းတွေရဲ့ အခြေခံစည်းမျဉ်းတွေကို ရေးဆွဲပေးတာတွေလုပ်တယ်။ စီးပွားရေးအပိုင်းမှာ ဆိုရင်တော့ နိုင်ငံရေးစနစ်ကို ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်ခွင့်ကို အဓိပ္ပာယ်ဖွင့်ဆိုပေးတာ၊ စီးပွားရေးဆိုင်ရာအပြုအမူတွေကို ကန့်သတ်မယ့်၊ လမ်းညွှန်မယ့် အင်စတီကျူးရှင်းတွေကိုလည်း ပေးအပ်တယ်။ နိုင်ငံရေးစနစ် လည်ပတ်အလုပ်လုပ်ပြီဆိုတာနဲ့ သူနဲ့ဆက်စပ်နေတဲ့ အင်စတီကျူးရှင်း တွေက သူ့အပေါ်အားဖြည့် လည်ပတ်ပေးတယ်။

ဘယ်လိုအခြေအနေမျိုးမှာမဆို နိုင်ငံရေးစနစ်တည်ငြိမ်ရတဲ့ အကြောင်းအရင်းက-

- လူထုက အစိုးရရဲ့ လက်ရွေးစင်ယန္တရားတွေဟာ စည်းမျဉ်းစည်းကမ်းတွေအတွင်း နိုင်ငံရေးဆိုင်ရာ အပြုအမူတွေကို ထိန်းကျောင်းနိုင်တယ်လို့ ယုံကြည်ထားရင်၊

- နိုင်ငံရေးစနစ် ကိုယ်ဘာသာကိုယ် အားဖြည့်သွားနိုင်မယ့် အင်စတီကျူးရှင်းဆိုင်ရာ အစီအစဉ်ရှိမယ်ဆိုရင် နိုင်ငံရေး တည်ငြိမ်မှု ရှိမှာဖြစ်တယ်။

တနည်းအားဖြင့် နိုင်ငံသားတွေဟာ တည်ရှိဆဲ နိုင်ငံရေးအားမှုခြေကနေ သွေဖည်မသွားဘူးဆိုရင် နိုင်ငံရေးတည်ငြိမ်မှုရှိမယ်။ စနစ်တစ်ခု တည်ငြိမ်မှုဟာ လက်ရှိနိုင်ငံရေးစနစ်ကို ပျက်ပြားစေနိုင်တဲ့ အနာဂတ်ကာလတွေမှာ ပဋိပက္ခဖြစ်လာမယ့် ရည်မှန်းချက်ပန်းတိုင်တွေကို ရှောင်ရှားနိုင်မယ်လို့ ဘုံသဘောတူညီချက်ရှိရင်လည်း နိုင်ငံရေး တည်ငြိမ်မှုဖြစ်တယ်။

## (ခ) နိုင်ငံရေး မတည်ငြိမ်မှု

နိုင်ငံရေးတည်ငြိမ်မှုကို ရေရှည်ထိန်းသိမ်းမထားနိုင်တော့ဘူးဆိုတာမျိုးဖြစ်လာတဲ့အချိန်မှာ နိုင်ငံရေး မတည်ငြိမ်မှုဖြစ်ပေါ်လာတယ်။ နိုင်ငံရေးမတည်ငြိမ်မှုတွေထဲက အကြောင်းတရားတစ်ခုက နိုင်ငံရေးစနစ်အပေါ် ဘုံသဘောတူညီမှု ပျောက်ဆုံးသွားတာကြောင့်ပဲ။ အဲဒီလိုအချိန်အခါမျိုးကို အားနည်းတဲ့တည်ငြိမ်မှုလို့လည်း ခေါ်ကြတယ်။ အားနည်းတဲ့တည်ငြိမ်မှုက နိုင်ငံရေးစနစ်ရဲ့ အနာဂတ်ကာလနဲ့ ပတ်သက်ပြီး မသေချာမရေရာမှုသဘောကို မိတ်ဆက်ပေးတယ်၊ အကြောင်းကတော့ ကွဲပြားခြားနားတဲ့ စေ့ဆော်ချက်တွေက ကွဲပြားခြားနားတဲ့ အင်စတီကျူးရှင်း ပတ်ဝန်းကျင်မျိုးကို ရင်ဆိုင်လာရတဲ့အတွက်ပဲ။ တစ်နည်းအားဖြင့်ဆိုရရင် မြောက်မြားစွာသော နိုင်ငံရေးစနစ်တွေက လူ့အဖွဲ့အစည်းမှာ အုပ်ချုပ်မှုအတွက် အပြိုင်အဆိုင်ဖြစ်နေတဲ့သဘောပဲ။ ဒီလိုဖြစ်လာပြီဆိုရင် နိုင်ငံသားတွေရဲ့ နိုင်ငံရေးနဲ့ လူမှုရေးဘဝမှာ တည်ရှိဆဲနိုင်ငံရေးစနစ်ကနေ ရှုပ်ထွေးလိုက်တဲ့ ဆုံးဖြတ်ချက်တွေမှာ ပဋိပက္ခတွေဖြစ်လာပြီလို့ဆိုရမယ်။

တကယ်လို့ စနစ်တစ်ခုဟာ သူ့ဘာသာသူအားဖြည့်လည်ပတ်နိုင်တဲ့ အရည်အသွေးဆုံးရှုံးသွားပြီဆိုရင် ဒါဟာ အတော်ကလေး မတည်





ငြိမ်ဖြစ်နေပြီလို့ဆိုရမယ်။ အကြောင်းကတော့ နိုင်ငံရေးရှောင်တွေ ပေါ်ပေါက်လာပြီး နိုင်ငံရေးစနစ်အပေါ် ယုံကြည်ကိုးစားမှုတွေ ဆုတ်ယုတ်မှုဖြစ်ပေါ်လာပြီး နိုင်ငံရေးစနစ်အပေါ် ယုံကြည်ကိုးစားမှုတွေ ကို ပြိုကွဲမြောက်လာပြီဖြစ်တဲ့အတွက်ပဲ။ အစိုးရရဲ့ နိုင်ငံသားတွေကြားထဲ ရှင်သန်နေတဲ့ လူမှုပဋိညာဉ်လည်း ပြိုကျသွားတဲ့အတွက်ပဲ။ ဒီ ပြိုပျက်မှုတွေက အင်စတီကျူးရှင်း ပြောင်းလဲမှုတွေဟာ နိုင်ငံရေး စနစ်ကို အားဖြည့်မပေးနိုင်တော့တဲ့ အခြေအနေကို ဆွဲခေါ်သွားခဲ့တယ်။ တည်ငြိမ်မှုကို လိုချင်ရင် နိုင်ငံရေးအားမှုခြေအသစ်ယူဆောင်လာမှပဲ ဖြစ်တော့မယ့် အခြေအနေကို ဆိုက်ရောက်သွားတယ်။

အထက်ပါနိုင်ငံရေးမတည်ငြိမ်မှုတွေက စီးပွားရေးစွမ်းဆောင်ရည် ကို အကျိုးသက်ရောက်မှုရှိတယ်။ အဲဒီလို စီးပွားရေး စွမ်းဆောင်ရည်တွေ အပေါ် အကျိုးသက်ရောက်ပြီး ဖြစ်လာတဲ့ စီးပွားရေးဆိုင်ရာ ဆိုးကျိုးတွေ ထဲမှာ ခရီးစနစ်ကို ပိုကြီးထွားလာစေတယ်။ စီးပွားရေးစွမ်းဆောင်ရည် အပေါ် အကျိုးသက်ရောက်မှုတွေကို ကြည့်ရင် သိနိုင်တယ်။

နိုင်ငံရေးမတည်ငြိမ်မှုက ဒေသတွင်း ပစ္စည်းဥစ္စာပိုင်ဆိုင်မှုတွေကို မလုံမခြုံဖြစ်လာစေတယ်။ အကြောင်းက မတည်ငြိမ်မှုကြောင့် လူထုဥစ္စာတွေကို ကျင့်သုံးဖို့အတွက် လွတ်ဟာသွားတဲ့အတွက်ပဲ။ ဒေသတွင်း ပုဂ္ဂလိကပစ္စည်းဥစ္စာအပေါ် မလုံမခြုံဖြစ်လာစေခြင်းက ရေရှည် ရင်းနှီးမြှုပ်နှံမှုတွေကို ရပ်တန့်သွားစေတယ်။ ဒါကြောင့် အစိုးရအနေနဲ့ ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုရဲ့ လုံခြုံမှုရှိပါတယ်လို့ သက်သေပြနိုင်ဖို့ အက်ဆက်နိုင်တဲ့ လူနည်းစုကို မျက်နှာသာပေးစီးပွားရေး လုပ်စေခြင်းအားဖြင့် ခရိုနီစနစ် ကြီးထွားလာတယ်။

တစ်ခုတည်းသော နိုင်ငံရေးစနစ်ဆိုတာ မရှိတော့ဘဲနဲ့ နောင်ထွက်ပေါ်လာမယ့် အစိုးရပုံစံကို မှန်းဆရခက်တာ၊ နိုင်ငံရေးအင်စတီကျူးရှင်းတွေရဲ့ ပြောင်းလဲမှု အလားအလာကို ခန့်မှန်းရခက်တာတွေဖြစ်ပေါ်လာစေတယ်။ ဒီအချက်က ရင်းနှီးမြှုပ်နှံသူတွေ သူတို့ရဲ့ အရင်းတွေကို





ပိုပြီးလုံခြုံမှုရှိတဲ့နေရာတွေကို ရွှေ့ပြောင်းသွားစေတယ်။ အင်စတီကျူးရှင်း အရ နိုင်မာတဲ့ နေရာတွေကိုလည်း ရွှေ့ပြောင်းကြတယ်။

နိုင်ငံရေးမတည်ငြိမ်မှုက တစ်ဦးပုဂ္ဂလလူသားကို ရာထူးအခွင့်အလမ်းရှိသူတွေနဲ့ ချိတ်ဆက်ခြင်းကို ရှာဖွေလာအောင် တွန်းအားပေးတယ်။ ဒါကြောင့် အရင်းအမြစ်တွေကို ထုတ်လုပ်မှုနဲ့ မဆိုင်တဲ့ နေရာတွေဆီ ရွှေ့လျားသွားတယ်။ ဒါမျိုးက အစိုးရပိုင်းမှာပိုအဖြစ်များတယ်။ နိုင်ငံရေး မတည်ငြိမ်မှုကြောင့် သူတို့ရထားတဲ့နေရာတွေဟာ ယာယီမျှသာ ဖြစ်တယ်လို့ သိတဲ့အခါ အစိုးရအရာရှိတွေဟာ ရာထူးတည်မြဲမယ့်နေရာနဲ့ အခွင့်အလမ်းတွေကို ရှာဖွေတယ်။ တခြားသောအလုပ်ထက် သူတို့ရဲ့ အတွင်းပိုင်းမှာ ရာထူးရှာဖွေခြင်းအလုပ်နဲ့ စီးပွားရေးအခွင့်အလမ်းကို ရှာဖွေတယ်။ ဒါကြောင့် ခရိုနီတွေနဲ့ ပေါင်းဖက်တာ၊ ချိတ်ဆက်တာမျိုး ပိုပြီးဖြစ်လာတယ်။

မင်းခေတ်ရဲ

ကျမ်းကိုး


Haber, Stephen ed- Crony Capitalism and Economic Growth in Latin America

Kang, David-Crony Capitalism

Schweizer, Peter-All Them Throw Out, How Politician and Their Friends Get Rich off Insider Tips, Land Deals, and Cronyism That Would Send the Rest of Us to Prison






# ဒေါက်တာခင်မောင်ညို

## Cronyism, Crony Capitalism and Cronies
## ခရိုနီဝါဒ၊ ခရိုနီအရင်းရှင်ဝါဒနှင့် ခရိုနီများ

Cronyism, Crony Capitalism and Cronies
ခရိုနီဝါဒ၊ ခရိုနီအရင်းရှင်ဝါဒနှင့် ခရိုနီများ

ဒီနေ့သားကျောင်းကပြန်လာတော့ ကိုဘသစ်အိမ်တွင်ရှိနေသည်။ သားကြီးနှစ်တန်း ရောက်ပြီပဲ။

"ဟာ ဖေကြီး ဘယ်တုန်းကပြန်ရောက်တာလဲ"

"နေ့လယ်က၊ ဒီနေ့ညစာ အပြင်မှာသွားစားကြမလို့၊ သား မြင်ထားလိုက်နော်"

သားသည် အထဲဝင်လွယ်အိတ်ချကာ ကိုဘသစ်ရှေ့လာထိုင်သည်။

"သားကြီးလာရင် ဘာလုပ်မလဲ"

"သားကြီးလာတဲ့အခါ ခရိုနီကြီး ဖြစ်ချင်တယ်၊ ဒီတော့မှ ဖေကြီးတို့ကို လုပ်ကျွေးနိုင်မှာပေါ့"

"ဟော မင်းခရိုနီဖြစ်ချင်တယ် ဟုတ်လား"

"ဟုတ်တယ်ဖေကြီး၊ ဒီနေ့ သားတို့အတန်းထဲကို ကျော်ကျော် ဇော်လင်းရဲ့ အဖေလာတယ်"

"အင်း"

ပန်းမျိုးတစ်ရာစာပေ

"သားတို့အားလုံးကို ရွှေကလက်တစ်ထောင့်စီပေးသွားတယ်၊ ပြီးတော့ ဟီရုပ်တစ်ထည်စီလည်း ပေးသွားတယ်"

"အားလုံးကိုလား"

"သားတို့ 'ဆေ'ခန်းက ကျောင်းသားအားလုံးကိုပေးတာ"

"ကောင်းတာပေါ့၊ ဒါနဲ့ သားကဘာလို့ ခရိုနီဖြစ်ချင်ရတာလဲ"

"ကျော်ကျော်တို့ အဖေ ဦးစော်လင်းဟာ ခရိုနီတဲ့ မေကြီး"

"ဟေ"

"ခရိုနီဆိုတာ ချမ်းသာတဲ့ လူကြီးပေါ့"

ကိုဘသစ် ခေါင်းကုတ်လိုက်မိသည်။

**ချမ်းသာတဲ့သူ**

ကိုဘသစ်တို့ငယ်ငယ်တုန်းကချမ်းသာတဲ့လူတွေကို မြေရှင်၊ ငွေရှင်၊ ပဒေသရာဇ် စသဖြင့်ခေါ်ကြသည်။ နောက်တော့အရင်းရှင်ဟူသော စကားကို ရေရေလည်လည်သုံးကြသည်။

ကားလ်မာ့က်စ်ရဲ့ ကွန်မြူနစ်စာပေတွေဖတ်ကာ အရင်းရှင်ဆိုတာကို အရင်ရှင်းရမည်ဟု ကြွေးကြော်ကြသည်။

ပိုက်ဆံရှိသော မိဘများမှ ပေါက်ဖွားလာသော သူငယ်ချင်းတွေ ဆင်းရဲသားမိဘမှ ဆင်းသက်လာသူတွေအကြား မျက်နှာငယ်ကြသည်။ ကံအားလျော်စွာ ကိုဘသစ်တို့ခေင်သည် စက်ဘီးစုတ်တစ်စီးသာရှိသော မူလတန်းကျောင်းဆရာဖြစ်သောကြောင့် သက်သာရာရခဲ့သည်။ ခေင်က အမွေရသော လယ် ၁၀ ဧကကိုတော့ ကိုဘသစ်ဘယ်သူ့ကိုမှမပြောပြပေ။ ချမ်းသာသူများကို ဆင်းရဲသားနင်းပြားတွေက ခေါင်းပုံဖြတ်၊ ကုပ်သွေးစုပ်ကြသူများဟု ယူဆကြသည်။

၁၉၆၄ ခုနှစ်ဝန်းကျင်တွင် ကွမ်းယာဆိုင်ကအစ ပြည်သူပိုင်သိမ်းကြရာ ဝမ်းသာသူအများက ကောင်းချီးသြဘာပေးကာ ထောက်ခံကြသည်။



သို့နှင့် လွတ်လပ်ရေးရပြီး ၁၆ နှစ်အတွင်း၌ တိုင်းပြည်မွဲပြာကျခဲ့သည်။ ကံကောင်းထောက်မတာကတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်သည် အတော့်ကိုကြင်နာတတ်သည်။ သူသည် ဆိုဗီယက်မှ စတာလင်လို လူသန်းချီသတ်ခြင်း၊ ကမ္ဘောဒီးယားက ပေါလ်ပေါ့တို့ကဲ့သို့လည်းကောင်း လူသန်းပေါင်းများစွာကို မသတ်ပါ။

မြန်မာပြည်ကွန်မြူနစ်ပါတီကသာ ဖြုတ်ထုတ်သတ်တွေလုပ်ကြသည်။ ကွန်မြူနစ်ပါတီတစ်ခုက ဆင်ရွယ်ရွာတစ်ရွာလုံးကျွတ်သတ်ခဲ့သည်။ ချမ်းသာတာကိုအပြစ်ဟု ယူဆသောတိုခေတ်ကို သတိရမိသည်။

**သူခိုးအားပေး**

တစ်ချိန်ကလည်း သူခိုးတောက်ပြားကို ကိုဘသစ်တို့တတွေ အားပေးခဲ့ကြပါသည်။ စဉ်းစားကြည့်လေ၊ သူကချမ်းသာသူတွေဆီကမှ ခိုးသည်။ ဘုရင်က ဖမ်းမိတော့ "မသတ်မီဘာလိုချင်သလဲ" လို့မေးတော့ "တော့ဥမှာကိုလိုချင်သည်" ဟုပြောသွားခဲ့သည်။ တော့ဥမှာသည် ဘုရင်၏ ချစ်လှစွာသောမိဖုရားဖြစ်သည်။

"သစ္စာရှိလိုက်တာ"ဟူ၍ တောက်ပြားကို သဘောကျသည်။ နောက်နည်းနည်းကြီးလာတော့ မဟာဆွေ၏ "တောရသက်ပြင်း" နှင့် "တောလက်ခံ" တို့ကို သဘောကျသည်။ ထိုသူခိုးများသည် တောက်ပြားလိုပင်ဖြစ်သည်။ စိန်ဘာဘူကုလားများကိုလိမ်သည်။ အင်္ဂလိပ်အစိုးရ အရာရှိများကို အကွက်ဆင်ကာ ချောက်တွန်းသည်။

ကိုဘသစ်တို့ အတော်သဘောကျသည်။

လူယ်ရင်သူကြွယ်တောင် ခိုးသေးသတဲ့၊ သူဌေးတွေခိုးတတ်တယ်ဟု မောင်ဘသစ် ယူဆထားသည်။

တစ်ကမ္ဘာလုံး၏ ချမ်းသာမှုတစ်ဝက်သည် လူတစ်ထောင်၏ လက်ထဲတွင်ရှိသည်။ ထိုစာမျိုးကို ဖတ်ရတော့ ကိုဘသစ်အရမ်းကို တုန်လှုပ်သွားသည်။ ဆင်းရဲတဲ့လူတွေကို ကိုယ်ချင်းမစာကြပါလား၊ သူတို့အားလုံး သူခိုးတွေပဲဟုယူဆသည်။



ဒီသူခိုးမျိုးကိုတော့အားမပေးချင်ပါ။ ကဗျာဆရာတစ်ယောက်ရေးဖူးသည်၊ နောက်ဖေးလမ်းကြားတွင် ထမီအဝတ်သုတ်တဲ့သူခိုးရှိသလို အခန်းထဲကပန်ကာအောက်တွင် စိမ်ယစ်နေတဲ့သူခိုးလည်းရှိပါသည်။

**ဘာလို့ ချမ်းသာချင်ကြတာလဲ**

ကိုဘသစ် ၁၀ တန်းအောင်တော့ တက္ကသိုလ်တက်ဖို့ များစွာ အခက်အခဲရှိသည်။ အဖေနှင့် အမေတို့က အလုပ်လုပ်စေချင်သည်။ သို့သော် ကိုဘသစ်က တက္ကသိုလ်တက်ချင်သည်။

ဒီတော့မှ "ပိုက်ဆံ" အရေးပါမှန်း ကိုဘသစ်သိလာသည်။ ကျောင်းလခက ၁၅ ကျပ်၊ အဆောင်ကြေးက ၅၇ ကျပ်၊ တစ်လတစ်ရာရှိရင် တက္ကသိုလ်ကောင်းကောင်းတက်နိုင်သည်။

ပညာရွှေအိုးလူမနိုးတဲ့၊ သို့သော်ရွှေအိုးရှိမှပညာရပါကလား။ အမေနဲ့အမေတို့ အစီအမံဖြင့် တက္ကသိုလ်တက်ခွင့်ရလာသည်။

အဆောင်တော့မနေနိုင်ခဲ့ပါ။ အမျိုးတွေအိမ်မှာနေရသည်။ သို့သော် ညဖက်အိမ်ပြန်အိပ်သည့်မှလွဲ၍ အဆောင်တွင်သာအနေများသည်။ ကိုဘသစ်စာတတ်ပေတတ်ပညာတတ်ဖြစ်ချင်သည်။ တစ်ဖက်ကလည်း အလုပ်ကောင်းကောင်း၊ ဝင်ငွေကောင်းကောင်းရချင်သည်။ ကိုဘသစ်စာကြည့်တိုက်များတွင်စာဖတ်ရင်း ပညာဟူသည်ကိုရှာခဲ့သည်။ ထို့ကြောင့်လည်း ကိုဘသစ်တက္ကသိုလ်ဆရာဖြစ်လာခဲ့သည်။ တက္ကသိုလ်ဆရာဖြစ်လာတော့ကွန်မြူနစ်စိတ်ဓာတ်အတော်ပျောက်သွားသည်။ အရင်းရှင်ဖြစ်လိုသည့်စိတ်တော့ မရှိခဲ့ပါ။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကိုလည်း ကိုဘသစ်လက်မခံပါ။ လူတွေဆင်းရဲသည်။ အားထုတ်ချင်စိတ်မရှိကြ၊ ဘယ်သူမှ မကြိုးစားကြပါ ကြိုးစားလိုစိတ်နည်းကြသည်။

"လူဆိုတာဒီလိုပဲကွ အိပ်လည်းဒီလခ၊ မအိပ်လည်းဒီလခ ဆိုရင်ဘယ်သူအလုပ်လုပ်တော့မလဲ၊ အိပ်ချည်းနေမှာပေါ့" ဟု မိတ်ဆွေတစ်ယောက်ပြောဖူးသည်။



"လူတွေမှာ 'ရယူချင်တဲ့ဆန္ဒ' ရှိတယ်၊ သူတို့လုပ်သမျှအကျိုးရှိမှသာကို သိရင် သူတို့လုပ်ကြတယ်"

ကိုဘသစ်လီကွမ်ယူးအကြောင်းကိုဖတ်ဖူးပါသည်။ သူသည် ငါးဖမ်းရွာလေးများမှခွဲထွက်ပြီး နိုင်ငံသစ်တည်ထောင်သည်။ ဘယ်လိုနိုင်ငံမျိုးတည်ထောင်မလဲ၊ သောက်ရေသုံးရေတောင် မလုံလောက်သော ဒီကျွန်းကလေးကို ကမ္ဘာ့အဆင့်မီနိုင်ငံကြီးတည်ထောင်ဖို့ သူအိပ်မက်မက်ခဲ့သည်။

"ကွန်မြူနစ်နိုင်ငံတည်ထောင်မည်" သူစိတ်ကူးသည်။ လူတိုင်း တန်းတူရည်တူ အကျိုးခံစားရမည်၊ အားလုံးတူမည်။ ဘယ်နေရာမှာ တူမလဲ၊ ဆင်းရဲတာတွေတူနေမည်။

လီကွမ်ယူးက ဆင်းရဲသောနိုင်ငံမထူထောင်လိုပါ၊ ချမ်းသာသော နိုင်ငံထူထောင်လိုသည်။

လူတိုင်းအတွက် အခွင့်အလမ်းတွေဖွင့်ထားပေးသည်။ လူတိုင်း လူတိုင်းအိပ်မက်တွေမက်ခွင့်ရသည်။

အကြွေးစနစ်ဖြင့် ဈေးဝယ်နိုင်သည်။ အိမ်ဝယ်လို့ရသည်။ ကားဝယ်လို့ရသည်။ သို့သော် ထိုသူတွင်အလုပ်တော့ရှိရမည်။

အလုပ်ကိုကြိုးစားကြသည်။ အလုပ်ပြုတ်လျှင် အိမ်တွေ၊ ကားတွေ၊ အိပ်မက်တွေပျက်စီးသွားတော့မည်။

ဒီလိုနှင့် ဘာသာယံစာတာအရင်းအမြစ်မှမရှိသော စင်ကာပူ အာရှကျားဖြစ်လာသည်။

ချမ်းသာချင်သည်မှာကောင်း၏ဟု ကိုဘသစ်ခံယူလာသည်။

**သားတို့ဖြစ်ချင်တဲ့ခရိုနီ**

ယခု သား ကျောင်းက စကားတစ်လုံး တတ်လာသည်။ ခရိုနီတဲ့ သူတောင်ခရိုနီဖြစ်ချင်သတဲ့၊ ခရိုနီဆိုတာ ဘာလဲ၊ သူသေသေချာချာသိရဲ့လား။

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

Crony ၏ မူလအဓိပ္ပာယ်မှာ မိတ်ကောင်းဆွေကောင်း၊ မိတ်ဟောင်းဆွေဟောင်းပါပဲ။

ရှေးခေတ် Dictionary အတော်များများမှာတော့ Crony ၏ အဓိပ္ပာယ်ကို ရိုးရိုးစင်းစင်းသာ ဖော်ပြကြပါသည်။

(Crony: Close friend : a close friend of someone especially one of long standing)

အနီးကပ်မိတ်ဆွေ၊ ရှေးကတည်းက ခင်မင်သော မိတ်ဆွေကောင်း၊ မိတ်ဟောင်းဆွေဟောင်းဟူ၍။

သို့သော် ခေတ်သစ်ကို ရောက်လာသည့်အခါ စကားလုံး၏ အဓိပ္ပာယ်ဟာလည်းပြောင်းလာသည်။ Merriam Webster Dictionary မှာ Crony ဆိုသည် အာဏာရှိသူများနှင့်ပေါင်းစားနေကြသူ စီးပွားရေးသမားများ ဟုဆိုထားပါသည်။

ဥပမာ ဝန်ကြီးချုပ်သည် ရွေးကောက်တင်မြှောက်ခံပြီးတဲ့နောက် သူ၏အပေါင်းအသင်းCronies များကို ပိုက်ဆံရသော နေရာကောင်းတွေကို ချီးမြှောက်လေသည်။

အရည်အချင်းထက် ခင်ရာမင်ရာကို ပ စားပေးတာမျိုးဖြစ်သည်။ ကျွန်တော်တို့ဆီမှာလည်းပြောတတ်သည့် ဟာသလေးရှိသည်။

"ဟို ညွှန်ချုပ်ရာထူး လွတ်နေတယ်ဆို"

"မလွတ်တော့ဘူး"

"ဟင် ဘယ်သူ့ကိုပေးလိုက်လဲ"

"မောင်ညစ်ကို"

"ဟုတ်လား၊ အဲဒီရာထူးကို မောင်ညစ်ကို ဘာလို့ပေးလဲ"

"သူ တော်လို့ပေါ့"

"ဘယ်နေရာမှာ တော်လဲ"



"ဆွေမျိုးတော်တာလေ" ဆိုတာမျိုးဖြစ်သည်။

အမေရိကန်သမ္မတ ရူးစဗဲ့လက်ထက်တွင် ပြည်ထဲရေးဝန်ကြီးဖြစ်ခဲ့သော Harold L.Ickes သည် သမ္မတထရူးမင်းလက်ထက်တွင် အနားယူသည်။

အကြောင်းပြချက်ကတော့ "ကျွန်တော်သည် ခရိုနီကြောင့် အစိုးရကိုဆန့်ကျင်သည်" ဟူ၍ဖြစ်သည်။

I am against government by crony. Harold L. Ickes (1874-1952) ဟူ၍မှတ်တမ်းရှိသည်။

အတော်လေးစောသည့် ခရိုနီအသုံးဖြစ်သည်။

ထိုခေတ်တွင် အစိုးရကို အမှီပြုကာ အကျိုးစီးပွားဖြစ်ထွန်းသူများရှိကြောင်းထင်ရှား၏။ အမှန်စင်စစ် မင်းခယောက်ျား ကမ်းနားသစ်ပင်ဟုဆိုသော်လည်းခေတ်အဆက်ဆက်တွင် မင်းအပါးတွင်နေ၍ကြီးပွားသူများစွာရှိသည်။ အာဏာရှိသူနှင့်ပေါင်းကာ ကြီးပွားတိုးတက်သော စနစ်ကို Cronyism ဟုခေါ်သည်။ အရည်အသွေးအလိုက် ရာထူးရသည်မဟုတ်၊ အလုပ်အကိုင်အခွင့်အလမ်းရသည်မဟုတ်။ ထို့ကြောင့်သည် meritocracy နှင့် ဆန့်ကျင်သည်ဟုဆိုသည်။

**နိုင်ငံအတွက်ထိခိုက်မှု**

Cronyism သည် နိုင်ငံအတွက် ထိခိုက်ပါသည်။ ဥပမာ ရေနံတူးဖော်ရေးလုပ်ငန်းစီးပွားရေးဖွင့်ပေးလိုက်သည်ဆိုပါက Cronies များသည် အစိုးရနှင့်ပေါင်းကာ တရားဝင်အလုပ်များကိုလုပ်သလို တရားမဝင်အလုပ်များကိုလုပ်နိုင်သည်။ အလုပ်သမားများကိုခေါင်းပုံဖြတ်နိုင်သည်၊ လုပ်ခများကို လျှော့ချပေးနိုင်သည်။ တိုင်းပြည်အခွန်ကို အပြည့်အဝမပေးပဲ သူ့ကိုကြည့်ရှုစောင့်ရှောက်သောအခွင့်အာဏာရှိသူများကိုပေးလေ့ရှိသည်။ ထို့အတွက် ပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အသုံးစရိတ်များကျဆင်းသလို နိုင်ငံတော်လည်းဆုံးရှုံးပါသည်။





ခရိုနီများသည် မိမိကိုသစ္စာခံသော လူ့ကိုလိုက်များကို ဦးစားပေး၍ ထိုသူများနှင့်ဖွဲ့စည်းထားသော ကော်ပိုရေးရှင်းများ၊ ကုမ္ပဏီများကို တည်ထောင်ကြသည်။

ရုရှတွင် ဒီမိုကရေစီအသွင်ကူးပြောင်းသည့်ပုံစံကို Crony Capitalism ဟုခေါ်သည်။ ၁၉၉၀ ပြည့်နှစ်များတွင် ရုရှသည် အစိုးရပိုင်များကိုပုဂ္ဂလိကပိုင်များအဖြစ် ပြောင်းလဲသည်။ ဒါကို Privatization ဟုခေါ်ပါသည်။ အဆောက်အအုံများ၊ ယာဉ်များ၊ လုပ်ငန်းများ စသည်တို့ကို ဈေးကွက်ရှိပေါက်ဈေးများထက် များစွာလျှော့ရောင်းပါသည်။ ထိုသို့ ရောင်းချရာတွင်လက်ဝယ်ရရှိကာ အလွန်အမင်းချမ်းသာသွားသူများကို Cronies များဟုခေါ်ပြီးစနစ်ကို Crony Capitalism ဟုခေါ်သည်။ ရုရှတွင် ထိုသူများကို New Russian များဟုခေါ်သည်။ ထို Cronies ထဲမှ တစ်ယောက်တွင်နောက် ငါးနှစ်ရုရှရွေးကောက်ပွဲတွင်ပါဝင်၍ နိုင်းပြိုင်းနေပြီဖြစ်သည်။ သူသည် အမေရိကန် Football အသင်းတစ်ခုကိုလည်း ပိုင်ဆိုင်သည်။

ဖိလစ်ပိုင်ရှိ Marcos ၏ ဇနီးသည် ထိုပုံစံမျိုးဖြင့် ချမ်းသာအောင် ဆောင်ရွက်သွားသည်။ ယနေ့သူမသည် ရွေးကောက်ပွဲဝင်ဦးမည်။ တစ်ချိန်က ထိုင်းဝန်ကြီးချုပ်ဖြစ်သူ သက်ဆင်ရှီနာဝပ် (ယခု ဝန်ကြီးချုပ်ရင်လတ်အစ်ကို) သည် "Crony capitalism" နှင့် အကျုံးဝင်သူဟုဆိုကြသည်၊ သူသည်လည်း မန်ချက်စတာစီးတီး ဘောလုံးအသင်းကို ပိုင်ခဲ့ဖူးသည်။

**နိဂုံး**

တကယ်တော့ Cronyism မှာ အခွင့်အာဏာရထားသူ (appointer) နှင့် အကျိုးခံစားခွင့်ရရှိသူ (beneficiary) တို့တွင် လူမှုရေးအပေးအယူ (social contact) ရှိကြသည်။ တစ်ခါတစ်ခါ အာဏာရရှိထားသည့် မိမိနေရာ(ရာထူး)အတွက် အရည်အသွေး မပြည့်သူ ဖြစ်နေသည့်အခါ မိမိကိုဒုက္ခမပေးသူတွေကိုသာ (အရည်အသွေးကိုအဓိကမထားပဲ)



ရာထူးများနေရာကော ပုံပိုးပေးသည်။ ထိုသူများကလည်း မိမိအားစောင့်ထားရှောက်ကော်ရောက်နိုင်တော့သည်။ ထိုဖြစ်ရပ်တွေကို နိုင်ငံရေးတွင် Cronyism ဟု သုံးထားပါသည်။ နိုင်ငံရေးသည် ရှုပ်ပါသည်။ မဆလခေတ်ကဟာသတစ်ခုရှိသည်။

ဦးနေဝင်းလက်ထက်က သူ၏သူငယ်ချင်းများနှင့် ရွာတွင်ဖြစ်ခဲ့သည်။

"သူငယ်ချင်းရေ၊ မင်းငယ်ငယ်က ငါ့ကိုအရမ်းကူညီတယ်၊ နင်လည်းလုပ်ပိုင်ခွင့်ရှိလာပြီ၊ မင်း ရန်ကုန်လိုက်ခဲ့၊ မင်းကိုနိုင်ငံတော်ကောင်စီနေမယ်၊ ကားတွေ အိမ်တွေနဲ့ စမတ်ကျကျနေရမယ်"

"ကျေးဇူးတင်ပါတယ်ကွာ၊ ဒါပေမဲ့ ငါကဒီမှာပဲနေချင်တယ်၊ ငါ့ကိုအောက်တန်းစာရေးတစ်နေရာပဲ ခန့်ပေးပါကွာ"

"ဟာ ဒါတော့မဖြစ်နိုင်ဘူး"

"ဟင် ဘာဖြစ်လို့လဲ"

"အောက်တန်းစာရေးဖြစ်ဖို့ ၁၀ တန်းအောင်ရမယ်ကွ" တဲ့။

cronyism သည် သရော်ထားသည်မဟုတ်ပါ။

ကိုဘသစ်၏သားသည် "Crony" ဖြစ်ချင်ပါသတဲ့။ သစ်လုံးတွေကို ရောင်းတာလည်း "crony capitalism" ပါ။


စုပေါင်းရုံးကိုရောင်းတာကလည်း "crony capitalism" ပါ။

တောင်တွေ၊ မြစ်တွေ၊ ဓာတ်ငွေ့တွေ၊ ကျောက်ထပ်တွေ တာတွေ ရောင်းတာလည်း "crony capitalism" ပါ။

ကိုဘသစ် သားကိုပြောရပေဦးမည်။

ဒေါက်တာခင်မောင်ညို

Ref: Nick Gillespie : The Declaration of Independents: How Libertarian Politics Can Fix What's Wrong with America.





# ဦးဘုန်း(ဓာတု) မန္တလေး

## “ဂေါက်ဖ်” သီးတစ်လုံးရဲ့ သားချော့တေး



## “ဂေါက်ဖ်” သီးတစ်လုံးရဲ့ သားချော့တေး

ကျွန်မက ‘ဂေါက်ဖ်’သီးတစ်လုံးရှင့်…။

‘ဂေါက်ဖ်’သီးဆိုတာ ဟိုလူကရိုက်၊ ဒီလူကရိုက်၊ ကောင်းကင် အမြင့်ကြီးကို အတောင်မပါဘဲ ပျံတက်နိုင်စွမ်းရှိတဲ့သူ၊ တစ်ခါတစ်ရံ မြက်ခင်းစိမ်းပေါ်မှာ လူးလိမ့်ပြီး ဆော့ကစားခွင့်ရတဲ့သူ၊ တစ်ခါတလေ တော့ ချုံပုတ်ထဲ၊ မြက် ကြမ်းတောထဲမှာ မပျော်ချင်ဘဲ ပျော်နေရတဲ့သူ၊ ရံဖန်ရံခါ သဲနုံပေါ်မှာ ပူလောင်ခြင်းကို ဘဝရဲ့အနှစ်အရသာလို့ ခံယူပြီး မျက်ရည်နဲ့ ရေချိုးရတဲ့သူ။

‘ဂေါက်ဖ်’သီးကလေးဟာ အဖြူရောင်ကလေးပါရှင်။ ဒါပေမဲ့ အဲဒီအဖြူရောင်ကို ဆေးဆိုးချင်တဲ့သူတွေကလည်း တစ်ပုံကြီးရှိကြတယ်။ ‘ဂေါက်ဖ်’သီးလေးက ခပ်ငယ်ငယ်…၊ ‘ဂေါက်ဖ်’ရိုက်တံက ခပ်ကြီးကြီး …၊ ကျွန်မရဲ့ ဘဝခရီးဟာ ကြမ်းတမ်းလှပါတယ်။ ‘ဂေါက်ဖ်’သီးဆိုတာ ‘ပင်ပေါင်’ဘောလုံးလေးလို ပြောင်ချောချော မဟုတ်ဘဲ ‘ဂေါက်ဖ်’သီး ရဲ့ မျက်နှာပြင်ပေါ်မှာ ရိုက်တဲ့ တုတ်တံတွေ အဆင်ပြေစေဖို့ အခွက် ကလေးတွေ၊ အချိုင့်ကလေးတွေ သူတို့က ဖန်တီးထားတယ်။ ကျွန်မ ဘဝဟာလည်း ချောမွေ့အဆင်ပြေတယ်ဆိုတာ မရှိခဲ့ပါဘူး။

'ဂေါက်ဖ်'သီးလေးတစ်လုံးရဲ့ ဘဝသီချင်း ဆိုပါရစေ။

• • •

ကျွန်မ အသက် ၁၈ နှစ်၊ ၁၀ တန်း နှစ်ခါကျ ကျောင်းဆက် တက်ချင်ပေမယ့် ဘဝကခွင့်မပြု၊ ဒီလိုနှင့် အရပ်ထဲက ကိုယ့်ထက်ကြီးတဲ့ အစ်မကြီးတွေကြားကို အားကျ နားထောင်ပြီး 'ကယ်ဒီ' လို့ခေါ်တဲ့ 'ဂေါက်ဖ်'အိတ်ထမ်း အမျိုးသမီးတစ်ယောက် ကျွန်မ ဖြစ်ခဲ့ရတယ်။

"နင်ကရုပ်ရည်ရှိတယ်၊ ပြီးတော့ ၁၀ တန်း၊ အရပ်ကလည်း ရှည်တယ်။ အသားကလည်းဖြူဖြူ၊ ဆံပင်ကလည်း ဖြောင့်ဖြောင့်စင်းစင်းနဲ့ နင့်အတွက် အလုပ်မရှားပါဘူး"

သူတို့ ပြောစကားအောက်မှာ ပပေါ့ဆနဲ့တဲ့ ဘဝတစ်ခုကို ကျွန်မ ဖြတ်သန်းခဲ့ရတော့တယ်။

'ဂေါက်ဖ်'ကွင်းကို ကျွန်မ စပြီး ရောက်သွားတဲ့နေ့…။

ကားကြီးကားငယ်အသွယ်သွယ်၊ တကယ့်အပျံစား ကားတန်း ရှည်ကြီးကို ကျွန်မ မြင်တွေ့လိုက်ရတယ်။ 'ဂေါက်ဖ်' ကစားခြင်းဆိုတာ မော်တော်ကား မရှိဘဲ ကစားဖို့ တော်တော်ခက်တာပဲ။ 'ဂေါက်ဖ်' ကစားတဲ့သူတွေကလည်း မင်းသားတွေလိုလောက်ပါတယ်။ အသက်ကြီး ပျက်စီးနေတဲ့ ခန္ဓာကိုယ်ကို အကောင်းစားအဝတ်အထည်တွေနဲ့ ဖုံးအုပ်ထားတဲ့ လူကြီးအများစုကို တွေ့ရတယ်။ စတိုင်လ်ကောင်းဘီရှည်နဲ့၊ ရှူးဖိနပ်နဲ့ တကယ့်နိုင်ငံခြားမင်းသားတွေ ကျနေတာပဲ။

ပထမတော့ အလုပ်ခွင်ထဲမှာ အသားမကျခဲ့ဘူး။ သုံးလေးလ လောက်နေတော့ အလုပ်ခွင်ထဲမှာ ကျွန်မပျော်လာတယ်၊ အဆင်ပြေ လာတယ်။ ဒီလိုနဲ့ အချိန်တွေကြာလာတော့ 'ဂေါက်ဖ်'ကွင်းထဲမှာ ကျွန်မနဲ့ ရင်းနှီးတဲ့ လူကြီးလူကောင်းဆိုသူတွေ အများကြီးရှိလာခဲ့တယ်။ အများ အားဖြင့် 'ဂေါက်ဖ်' ကစားကွင်းထဲမှာ လူအုပ်စုနှစ်မျိုးကို အများဆုံး တွေ့ရတယ်။ တစ်မျိုးက ဌာနဆိုင်ရာအရာရှိကြီးတွေ၊ ဆုံးဖြတ်ခွင့်ရှိသူ



တွေ၊ လုပ်ပိုင်ခွင့်ရှိသူတွေ။ နောက်တစ်မျိုးက အဲဒီလူကြီးတွေနဲ့ ရင်းနှီး ချင်လို့ ကြိုးစားကြတဲ့ စီးပွားရေးလုပ်ငန်းရှင်ပေါက်စတွေ၊ လုပ်ငန်းရှင် ကြီးတွေ ("ဂေါက်ဖ်" အားကစားကို နှစ်သက်ခွဲလမ်းလို့ အားကစား စိတ်ဓာတ်နဲ့ ကစားတဲ့သူတွေကတော့ လျှော့နည်းရပါ)။

'ကယ်ဒီ'ဘဝမှာ သုံးလေးနှစ်…။

ဒီတော့ 'ဂေါက်ဖ်'ကစားနည်းကို အကျွမ်းဝင်နားလည် လာတယ်။ အကျွမ်းကျွင်ကြီးမဟုတ်တောင် ကူညီပြီး ကစားပေးတတ်သူ ဖြစ်ခဲ့ရတယ်။ ဒီတော့ ကျွန်မမှာသိတ်ဆွေမရှားပါ။ ရင်းနှီးကျွမ်းဝင်မှုကြောင့် သူတို့ တွေ့တာကို သူတို့နှင့်အတူတူ စားခွင့်ရသလို မုန့်ဖိုးဆိုတဲ့ စကားလုံး အောက်မှာ ဝင်ငွေတွေ အများကြီး ရှိလာခဲ့ရတယ်။ သူတို့ကြောင့် ကျွန်မတို့ မိသားစုဘဝက အဆင်ပြေလာခဲ့ရတယ်။ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ သူတို့ကို အရမ်းရှည်းမိစား၍ မရပါ။

• • •

ကျွန်မက နှစ်သက်တဲ့၊ ကျွန်မကို 'သာယာ'နေတဲ့ လူကြီးလို့ပဲ ပြောရမလား…။ အစ်ကိုကြီးလို့ပဲ ခေါ်ရမလား…။ ဦးလို့ပဲဆိုရမလား … အဲဒီလို ပုဂ္ဂိုလ်ကြီးသုံးယောက်၊ ကျွန်မမှာ ရှိခဲ့ဖူးတယ်။

အပျံသင်စ ကျွန်မကို အပျံသင်တတ်ဖို့ သင်ပေးတယ်လို့ ခေါ်ရမ လား။ မိန်းကလေးကျွမ်းကျင်ကျင် ဆော့ကစားတတ်အောင် လေ့ကျင့်ပေးတဲ့ သူလို့ ပြောရမလား။ နှလုံးသားဆိုတာ ဒီလိုပဲ တဖြည်းဖြည်းချင်း ရင့်ကျက် အောင် တည်ဆောက်ယူရတယ်ဆိုတဲ့ သင်ခန်းစာကို သင်ပေးနေကြခြင်း ပဲလား၊ ကျွန်မ မပြောတတ်ပါ။ ပျော်ရွှင်ခြင်းဖြင့် ဘဝတစ်ခုကို တည် ဆောက်ခွင့်ကို ရခဲ့သူ ကျွန်မ မဖြစ်ခဲ့။ ကိုယ့်ထက်အသက်ကြီးပြီး ကလေး ဆန်တဲ့ လူကြီးတွေရဲ့ အလိုကို လိုက်လျောခြင်းဖြင့် ဘဝကို ဖန်တီးနေ ရတဲ့သူ ကျွန်မဖြစ်ခဲ့ရတယ်။ သူတို့က ကျွန်မကို ကစား စရာအရုပ်ကလေး တစ်ခုကို သဘောထားတတ်တယ်။ တကယ်တော့ ဒီအရုပ်လေးကလေး



ဟာ စကားလည်းပြောတတ်တယ်၊ အသိဉာဏ်လည်းရှိတယ်၊ ခံစားချက် လည်း ရှိတယ်၊ နှလုံးသားလည်းရှိတယ်။ ဘဝအတွက် မျှော်လင့်ခြင်းတွေ ရှင်သန်ဖို့ မျှော်လင့်နေတတ်တဲ့ ရုပ်တစ်ယောက်ဆိုတာ သူတို့က နားမလည် ခဲ့ပါဘူးရှင်။

ကျွန်မ အသက် ၂၁ ကျော်ကျော်…

ရင်နှစ်ခြင်းတွေကို နိုးယူတတ်တဲ့ လူကြီးလူကောင်းဆိုသူတွေနဲ့ အကြိမ်ကြိမ် တွေ့ခဲ့ရဖူးတယ်။

ဘယ်အချိန်ချိန်ရင် ဘယ်ကွေ့၊ 'ချုံ'ထဲမှာရှိတဲ့ 'ယုန်'ကို ဘယ်လိုဖမ်း၊ သူတို့ကလည်း ကျွမ်းကျင်သလို ကျွန်မကလည်း လွတ် အောင်ရှောင်ဖို့ ကြိုးစားခဲ့ရတယ်။

• • •

သို့သော်…..

ပထမဆုံးတစ်ယောက်…..။

ကျွန်မက သူ့ကို 'အစ်ကိုကြီး'ဟု အလိုက်တသိ ခေါ်ပေး လိုက်တယ်။ အဲဒီလိုခေါ်တာ သူအကြိုက်။ ကျွန်မက 'အကိုကြီး'လို့ခေါ် ပေမယ့် 'ဂေါက်ဖ်'ကစားဖော်ကစားဖက်တွေက သူ့ကို 'အဘ…..အဘ' လို့ခေါ်တတ်ကြတယ်။ ("ဂေါက်ဖ်" ကစားကွင်းထဲမှာ 'အဘ'ဆိုသူတွေ အများကြီးရှိတယ်။ ဘယ်လို 'အဘ'မျိုးတော့ ကျွန်မ မသိပါ။ ဘာကြောင့် 'အဘ'လို့ ခေါ်နေကြလဲဆိုတာ ကျွန်မ အရင်က မတွေးတတ်ခဲ့ပါ။) ကျွန်မရဲ့ 'ပါတနာ'က'အဘ'လို့ခေါ်ရလောက်အောင် အသက်မကြီးသေး လှန်ရော ကျွဲရောရှိမှ အသက်က ၅၀၊ ၅၅ ဝန်းကျင်ပေါ့။ သူ့ပုံစံက အရုပ်ပုပု၊ ဗိုက်ပူပူ၊ ဂုတ်တိုတိုနဲ့ …..။ ရင်ထဲမှာရှိတဲ့အတိုင်း ပြောရရင် တော်တော်ကြည့်ရဆိုးတဲ့သူရှင့်။ 'ဂေါက်ဖ်'ကစားတဲ့ အခါမှာလည်း သိပ်ပြီး မကျွမ်းကျင်လှပါဘူး။ ဘာကြောင့်လဲမသိ 'ဂေါက်ဖ်'ကစားတိုင်း ပွကအမြဲနိုင်တတ်တယ်။ သူနိုးလာတဲ့ကားက သူ့လာစာနဲ့ ဘာမှမဆိုင်ဘူး



ဖော့မြား လက်ဆွဲကြီးကလည်း တစ်နေ့တစ်မျိုး။ ဝတ်ထားစားထားတဲ့ အင်္ကျီဘောင်းဘီဆိုတာ တကယ့် Branded တွေ။ သူကိုင်တဲ့ 'ဂေါက်ဖ်' ဖွဲ့ည်တွေဆိုတာ တကယ့်အကောင်းစားတွေ။ တစ်နေ့……သူ့အတွက် ကျွန်မက ကူညီပြီး ကစားပေးရင်း မေးလိုက်မိတယ်-

"ဒီ'ဂေါက်ဖ်'ပစ္စည်းတွေက အပျံစားပဲနော်….အကိုကြီး။"

အလွန်ကျေနပ်သည့်အမူအရာဖြင့် သူကကျွန်မကို ပြုံးပြတယ်။

"အရမ်းတန်ဖိုးကြီးမှာပဲ…. ဘယ်လောက်ပေးရသလဲ မသိဘူး နော်"

မြက်ခင်းပေါ်တွင် လိမ့်ဆင်းသွားသော 'ဂေါက်ဖ်'သီးကလေးကို ကြည့်ရင်း သူကပြောတယ်။

"လက်ဆောင်ပေးလို့ ရထားတဲ့ပစ္စည်းတွေပါ"

ဤသို့ဖြင့် သူနှင့်ကျွန်မ အရင်းနှီးကြီး ရင်းနှီးခဲ့ရတယ်။ လိုရင်း ပြောရလျှင် ရင်းနှီးသည်ဆိုတာထက်ပို၍…ပို၍ ပိုခဲ့ဖူးပါတယ်။ ဒါ့ကြောင့် တဖြည်းဖြည်းနှင့် သူ့အကြောင်း ပိုပြီးသိလာရတယ်။ တကယ်တော့ သူကအလွန်သနားစရာ ကောင်းတဲ့လူကြီးတစ်ယောက်။ ကျန်းမာရေး ကလည်း ထင်သလောက်မကောင်းရှာ။ အဲ့ရပညာတတ်အရာရှိ တစ်ယောက်လို့ဆိုပေမယ့် ဘာကိုမှ ကျွမ်းကျွမ်းကျင်ကျင် တက်မြောက်ပုံ မရ။ သူ့ဘေးနားက လူတချို့ရဲ့ မြှောက်ပင့်ပြောဆိုမှု အောက်မှာ တစေတစ…ဘဝပျက်နေရတဲ့သူ။ ဘာကိုမှမလုပ်တတ်ပဲ လူကြီးလုပ်စား နေတဲ့သူ။ တစ်နေ့….တစ်နေ့ ဝင်ငွေဘယ်လောက် ရှိမှန်း မသိတဲ့သူ။ ပြီးတော့ သူ့မိန်းမကြီးရဲ့ ဝင်ရောက်စွက်ဖက်မှု အောက်မှာ ဂုဏ်သိက္ခာ မဲ့မြုပ်ပြီး ခေါ်ချသကြိုပ်နေရတဲ့သူ။ လက်မှတ်တစ်ချက်ထိုးမှုနဲ့ ဂုဏ်သိက္ခာမဲ့တဲ့ ငွေတွေအများကြီးရနေတဲ့သူ။ အဲဒီငွေကြောင့် ဘဝတန်ဖိုး ပျက်စီးနေရတဲ့သူ….။

သူ့ကွယ်ရာမှာ ကစားဖော်ကစားဖက်တွေက သူ့ကို အကောင်းမပြောကြ။ ဒါပေမဲ့ သူ့ရဲ့လုပ်ပိုင်ခွင့်ကြောင့် သူ့ကိုရှောင်ရှားပြီး ပေါင်းသင်းနေကြပြန်တယ်။

မကြာလှပါဘူး။ သူတို့ရွာနေတစ်ခုလုံး "ဘာဖြစ်တယ်" ဆိုလားပဲ 'ဂေါက်ဖ်' ကွင်းကို သူရောက်မလာတော့ဘူး။ နှစ်ရှည်ထောင်ကျသွားတယ်လို့တော့ ပြောသံကြားခဲ့ရတယ်။

ဒီလိုနဲ့ ကျွန်မဆိုတဲ့ 'ဂေါက်ဖ်' သီးကလေးဟာ မြက်ခင်းပေါ်မှာ အကြိမ်ကြိမ်အရိုက်ခံ၊ ပုံစံအမျိုးမျိုးနဲ့ လူးလှိမ့်ပြီး အချစ်ဆိုတာ ဘာမှန်းမသိဘဲ ရင်နာစရာတွေကို မြင်နေခဲ့ရပြီးတယ်။

• • •

ဒုတိယတစ်ယောက်…။

သူကတော့ သူ့ကိုယ်သူလုပ်ငန်းရှင်လို့ပြောတာပဲ အိမ်ထောင်ရှိတယ်လို့လည်းဆိုတယ်။ ပြီးတော့ ကျွန်မကိုလည်း တွေ့တွေ့ချင်း ဖြူးသွယ်တယ်။ သူက စကားပြောအလွန်ကျွမ်းကျင်တယ်။ 'ဂေါက်ဖ်' ကစားဖော်ကစားဖက် အရာရှိကြီးတွေကို တွေ့ရင် 'အာ….အာ' လို့ မိုးမွှန်အောင် ခေါ်တတ်တယ်။ တဖြည်းဖြည်း 'အာ' ဆိုတဲ့စကားလုံးကို နားလည်လာခဲ့တယ်။ 'အာဆိုတာ ဂါဝရနဲ့ခေါ်တဲ့ စကားလုံးမဟုတ်၊ အလိုတစ်ခုကို ဖြည့်ဖို့ အလိုလိုက်ပြီး အကြိုက်ဆောင်တဲ့ စကားလုံးပါလား။ သူက 'ဂေါက်ဖ်' ကစားကွင်းထဲကို လာတာ အားကစားအတွက်မဟုတ်၊ ကျန်းမာရေးအတွက်လည်းမဟုတ်၊ စီးပွားရေးအတွက်တဲ့။ လိုချင်တဲ့ ပါမစ်တွေ ရဖို့၊ လုပ်ပိုင်ခွင့်တွေကို အလွယ်နည်းနဲ့ ပိုင်ဆိုင်ဖို့၊ အကျိုးတူဆိုလား၊ ဖက်စပ်ဆိုလား လုပ်ဆောင်ပြီး ဥစ္စာရှာနေတိုးဖို့အတွက်တဲ့…။

သူ့ကို လူတချို့က 'ခရိုနီ'….'ခရိုနီ' လို့ ကွယ်ရာမှာ ခေါ်ကြတယ်။



'ခရိုနီ' ဆိုတာ…..ဘာလဲ၊ ကျွန်မ သိချင်ခဲ့တယ်။

'ခရိုနီ' ဆိုတာ…..ဘာလဲ၊ ကျွန်မ သိချင်ခဲ့တယ်။

'ဂေါက်ဖ်' ကစားကွင်းကိုလာတဲ့ မော်တော်ကားတွေကို စောင့်ရသူ ကျွန်မ အစေအစွယ် လူကြီးသုံးယောက်ကို 'ခရိုနီ' ဆိုတာ ဘာများလဲလို့ ကျွန်မ အကြိမ်ကြိမ် မေးကြည့်ခဲ့ဖူးတယ်။ သူတို့က ဒီလို အမျိုးမျိုးဖြေတတ်ကြပြန်တယ်။

'ခရိုနီ' ဆိုတာ….. အခွန်တွေကို အမျိုးမျိုးတိမ်းရှောင်ပြီး မရိုးသားနဲ့ သူဌေးဘွဲ့ခံယူနေတဲ့သူတွေတဲ့။

'ခရိုနီဆိုတာ….သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးပြီးမှ စီးပွားရှာစားတတ်တဲ့ သူတွေတဲ့။

ခရိုနီဆိုတာ လူထုရဲ့မျက်ရည်နဲ့ မနက်တိုင်း မျက်နှာသစ်နေတဲ့ သူတွေတဲ့။

ခရိုနီဆိုတာ…..သယံဇာတတွေကို လက်ညှိုးထိုးပြီး ဈေးပေါပေါနဲ့ ရောင်းစား၊ လူတစ်စု ကောင်းစားရေးကို အုတ်မြစ် ချပေးနေတဲ့ သူတွေတဲ့။

ခရိုနီဆိုတာ…..ကိုယ့်လူမျိုးအချင်းချင်း ကျွန်ပြုတဲ့ စနစ်ကို သနွေတည်ပေးနေတဲ့သူတွေ တဲ့။

'ခရိုနီ' ဆိုတာ….လုပ်ပိုင်ခွင့်ရှိသူတွေနဲ့ ပူးပေါင်းပြီး တိုင်းပြည်ကို ကျွန်စာတ်သွင်းနေတဲ့သူတွေတဲ့။

'ခရိုနီ' ဆိုတာ…. မိခင်မြေကို ရောင်းပြီး ငွေရှာနေတဲ့ သူတွေတဲ့။

'ခရိုနီ' ဆိုတာ ….. မှောင်ခိုစီးပွားရေးစနစ်တစ်ရပ်ကို ထူထောင်ပြီး စီးပွား ရှာစားနေတဲ့သူတွေတဲ့။

'ခရိုနီ' ဆိုတာ ….နှလုံးသားမဲ့ သူဌေးတွေတဲ့။

'ခရိုနီ' ဆိုတာ……တိုင်းပြည်နယ်ချဲ့တွေတဲ့။

'ခရိုနီ' ဆိုတာ……တိုင်းပြည်တစ်ခုရဲ့ ကင်ဆာရောဂါတဲ့။

'ခရိုနီဆိုတာ….တိုင်းပြည်တစ်ခုရဲ့



သူတို့ပြောတာဘာတွေမှန်းလဲ မသိပါဘူး၊ သူတို့ပြောတဲ့ စကားတွေကို ကျွန်မ ကောင်းကောင်းနားမလည်ဘူး။ ဒါပေမဲ့ 'နှလုံးသားမဲ့ သူဌေး' ဆိုတာကိုတော့ ကျွန်မသဘောကျသလိုလို ဖြစ်ခဲ့မိတယ်။

သူက 'ခရိုနီ' ဆိုတော့ ငွေပေါတယ်၊ ငွေရှိတယ်၊ သူ့နောက်မှာ 'ကယ်ရီ' လုပ်ချင်တဲ့ မိန်းကလေးတွေလည်း တစ်ပုံကြီး…။

ဒါပေမဲ့ သူက ကျွန်မ မှ…..ကျွန်မ၊ ကျွန်မကလည်း နားရှိသစ်ကိုင်းပျောက်နေတဲ့ အကောင်ပဲကျိုး ငှက်တစ်ကောင်၊ သူက ညောင်သီးလည်းစား…..ညောင်ရိပ်ကိုလည်းနိ….. ညောင်ပင်ပေါ်က ငှက်တွေကို မှန်အောင် ပစ်ခတ်နိုင်တဲ့ ကျွမ်းကျင်မုဆိုး၊ အလုပ်လွှပ်နေမဲ့ ဘဝအခြေအနေကြောင့် ယုံကြည်လိုက်မိတဲ့ ကျွန်မ။

ဟင်း…..ရင်းနှီးရပြန်တယ်။

အချစ်ကို ကျွန်မ နားမလည်ပါ၊ ရည်းစားမထားဖူးခဲ့တဲ့ ကျွန်မ အချစ်ဆိုတာ 'ပျော်ပြေမှု' တစ်ခုလား…။

ဒါမှမဟုတ် အချစ်ဆိုတာ ငွေစက္ကူတွေနဲ့ စားလုံးပေါင်းမှ ဖြစ်တတ်တာမျိုးလား…။

ဒါမှမဟုတ် အချစ်ဆိုတာ အစာအိမ်ထဲက ဖော်ဖြည့်ပြီး ထွက်ပေါ်လာတဲ့ ကြွေးကြော်သံလား…။

ဒါမှမဟုတ် အချစ်ဆိုတာ ရှိတဲ့သူနဲ့ ပေါ်များသူအကြား အပေးအယူလုပ်ခြင်းဖြင့် သီးပွင့်လာတဲ့ သဘာဝလွန် သစ်သီးတစ်လုံးလား ကျွန်မ ကောင်းကောင်းမသိပါ။

သူ့ကို ကျွန်မ 'ဦး' လို့ခေါ်လိုက်တယ်။ သူကလည်း ကျွန်မကို 'အငယ်လေး' ဟုခေါ်ပြန်တယ်။ ဘာ'အငယ်'မှန်းတော့ ကျွန်မ မပြောတတ်ပါ။ သူက 'ဂေါက်ဖ်' ကစားရင်း ကျွန်မကို စကားတွေ တရင်းတနှီးကြီးပြောလေ့ရှိတယ်။



"ဒီမယ်….ငယ်လေးရဲ့၊ 'ဂေါက်ဖ်' ကစားကွင်းဆိုတာ ရတနာနှင်း နိုးရာမြေ။ သစ်ပါမစ်တွေရအောင်ယူမလား၊ မြေပါမစ်တွေရအောင် ယူမလား၊ ရွှေလုပ်ကွက်တွေရအောင်ယူမလား၊ ကျောက်စိမ်းလုပ်ကွက် တွေရအောင်ယူမလား၊ မှုံတော့မယ့် အမှုတစ်ခုကို အနိုင်ဖြစ်ချင်သလား၊ 'ဂေါက်ဖ်' ကစားကွင်းရဲ့ မြက်ခင်းစိမ်းစိမ်းပေါ်မှာ အားလုံး ဖန်တီး ရနိုင်တယ်"

ဒီလိုနဲ့ တစ်နေ့…..။ သူ့အတွက် အရေးကြီးတဲ့ လုပ်ကွက် တစ်ခုရဖို့ အရာရှိကြီးတစ်ယောက်နဲ့ အတူနေပေးဖို့ ကျွန်မကို စည်းရုံး တယ်၊ ကျွန်မငိုခဲ့ရတယ်။ ကျွန်မကို ဘယ်လိုမိန်းကလေးများ မှတ်နေတယ် ဆို၊ အိမ်လောက်ထိ ဂုဏ်သိက္ခာမဲ့တဲ့ မိန်းမတစ်ယောက်…. ကျွန်မ မဟုတ်ပါ၊ ကျွန်မကို 'ဂေါက်ဖ်' သီးတစ်လုံးလို ဟိုလူရိုက်…..ဒီလူရိုက်၊ ရက်ရိုက်တဲ့အထဲကို ပို့ဖို့ သူက ကြိုးစားတယ်။

ဩ…..မှန်လိုက်တာရှင်။

'ခရိုနီ' ဆိုတာ နှလုံးသားမရှိတဲ့…..သူဌေးတွေတဲ့။

ဤသို့ဖြင့် လမ်းခွဲခဲ့ရပါတယ်။

• • •

နောက်……တတိယတစ်ယောက်….။

နှပ်ရည်က ခပ်ဖြောင့်ဖြောင့်၊ အရပ်က ရှည်ရှည်၊ နှာတံက စင်းစင်း၊ ရုပ်ရှင်သရုပ်ဆောင် 'နိုင်းနိုင်း' လို ရုပ်ရည်မျိုး။ လူပုံက ခပ်တည်တည်၊ လမ်းလျှောက်ရင်လည်း စမတ်ကျသလားမမေးနဲ့၊ ဘောင်းဘီရှည်၊ စပို့ရှပ်လက်တိုနဲ့ မြက်ခင်းပေါ်မှာ လမ်းလျှောက်နေတဲ့ ပုံစံက တကယ့် 'တိုက်ဂါးဝုဒ်' လိုမျိုး။ တန်ဖိုးအကြီးဆုံး နေကာမျက်မှန်ကို တစ်ခါတလေမြက်ခင်းပေါ်ကို လွှင့်ပစ်တတ်သေးတယ်။ ဒါက သူ့စတိုင်လ်တဲ့၊ သူက 'ဂေါက်ဖ်' ကစားကွင်းထဲကို ရံဖန်ရံခါမှ ရောက်လာတတ်တဲ့သူ၊ ရောက်လာရင်လည်း 'ဂေါက်ဖ်' ကို တကယ် မကစားပါ။

'ဂေါက်ဖ်'သီးလေးကို မြက်ခင်းပေါ်လှိမ့်လိုက်၊ ကစားဖော် ကစားဖက်တွေနဲ့ အလုပ်အကြောင်း၊ စီးပွားရေးအကြောင်း၊ စကားပြောလိုက်...။

ကျွန်မကလည်း 'ဂေါက်ဖ်'ကွင်းထဲမှာ 'ဂေါက်ဖ်'သီးတစ်လုံးပဲ။ အတွေ့အကြုံလည်း အများကြီးရှိနေပြီလေ။ နားလည်သင့်သလောက်လည်း ကျွန်မ နားလည်ခဲ့ပြီ။ သူကလည်း ကျွန်မကို ရင်းနှီးချင်တယ်တဲ့၊ ကျွန်မကလည်း သူ့လိုပါပဲ။ ကောင်းကင်ကို ရှာနေတဲ့ ငှက်နဲ့.....ငှက်ကို ရှာနေတဲ့ ကောင်းကင်၊ ဒီလိုနဲ့ အရင်းနှီးကြီး ရင်းနှီးခဲ့ကြပြန်တယ်။

သူက အရာရှိအကြီးကြီးတစ်ယောက်ရဲ့ 'ကိုယ်ရေးအရာရှိ'တဲ့။

'ကိုယ်ရေးအရာရှိ'ဆိုတာ လူမသိသူမသိ ဆက်သွယ်ဆောင်ရွက်ပေးနိုင်စွမ်းရှိသူ၊ ဖြစ်နိုင်တာတွေ မြန်မြန်ဖြစ်လာဖို့၊ မဖြစ်နိုင်တာတွေကိုလည်း တဖြည်းဖြည်းချင်း ဖြစ်လာစေဖို့ မန်းပေးမှုတ်နိုင်တဲ့သူ။ အလိုက်သိခြင်းကို ထူးမြတ်တဲ့ အရည်အချင်းလို့ မှတ်သားခံစားနားလည်ထားတဲ့သူ၊ နိုင်ငံတော်ရဲ့ လစာကိုစားပြီး ကြားပွဲစားလုပ်၊ ပွဲခကို မြိုးမြိုးမြက်မြက် အချိုကြီး စားခွင့်ရနေတဲ့သူ၊ ဒီတော့ငွေဆိုတာ တရုပေါ..... ပေါမှပေါ။

တစ်နေ ..... ဧည့်ခံပွဲတစ်ခုကို နာမည်ကြီး စားသောက်ဆိုင်တစ်ခုမှာ ကျင်းပကြတယ်။ ထိုဧည့်ခံပွဲက 'ဂေါက်ဖ်'ကစားရင်း 'တစ်ချက်တည်းကျင်းဝင်' အောင်ပွဲတဲ့။ အဲဒီလိုပွဲတွေ အကြိမ်ကြိမ်ကျင်းပတာကို ကျွန်မကြားခဲ့ဖူးတယ်၊ တက်ရောက်ခွင့် မကြုံခဲ့ဖူးပါ။ ဒီနေ့တော့ အဲဒီ 'အစ်ကိုကြီး'က ဘာသဘောနဲ့ ကျွန်မကိုဖိတ်တယ်မသိ၊ မလာရင်စိတ်ဆိုး မယ်ဆိုပြီး တယ်လီဖုန်းထဲမှာ အကြိမ်ကြိမ်ပြောတယ်၊ အိမ်ကိုလည်း ကားလွှတ်ပြီးကြိုပေးတယ်။

အဲဒီဧည့်ခံပွဲက တကယ့်ကိုထူးမှထူး၊ ရှယ်မှရှယ်။ အဲဒီပွဲမှာ လူကြီးလူကောင်း အယောင်ဆောင်ထားတဲ့ လူတွေက အများစုပါ။ သူတို့အားလုံးမှာလည်း ကိုယ်စီကိုယ်စီ 'အတွဲတွေ၊ 'ပါတနာ'တွေနဲ့ပေါ့။ ပျော်လိုက်ကြတာ၊ သီချင်းတွေ ဆိုလိုက်ကြ၊ သိန်း ၂၀ ကျော်တန် ဒီဇေကီပုလင်း





ဈေးကို ထောက်ထောက်ပြီး သောက်လိုက်ကြ၊ မိတ်ဖွဲ့လိုက်ကြ၊ စီးပွားရေးအကြောင်းတွေ၊ လုပ်ငန်းအတွက် 'ချွင်'တွေ ပြောလိုက်ကြ၊ ချပြလိုက်ကြ။

အဲဒီညမှာ ကျောင်းနေဖက် သူငယ်ချင်း 'စီစီ'နဲ့ 'ခင်သီ'ကိုလည်း ဒီဧည့်ခံပွဲမှာ တွေ့လိုက်ရတယ်။

သူတို့ကလည်း ကိုယ့်'ပါတနာ'နဲ့ ကိုယ်လာခဲ့တာ....တဲ့။ သူတို့နဲ့ 'ပါတနာ'တွေက တကယ့်နာမည်ကျော် စီးပွားရေး လုပ်ငန်းရှင်ကြီးတွေတဲ့။ အဲဒီညက သုံးလိုက်ဖြုန်းလိုက်ကြတာ၊ တစ်ညတည်း သိန်း ၁၅၀ ကျော်ပြီ၊ အပြန်မှာ ကျွန်မရဲ့ 'အစ်ကိုကြီး'ကို ကျွန်မ ပြောမိသည်။

"အစ်ကိုကြီးရယ်.....ငွေတွေ နမြောစရာကြီးနော်၊ ဒီနေရာမှာ သုံးမယ့် ဖြုန်းမယ့်အစား သမီးတို့အရပ်ထဲက မူလတန်းကျောင်းကို လာပြီး လှူရင်ကောင်းမယ်။ မူလတန်းကျောင်းမှာ 'ဘလက်ဘုတ်'ကောင်းကောင်း မရှိဘူး၊ အိမ်သာ ကောင်းကောင်းမရှိဘူး၊ စာသင်ခန်းတွေဆိုတာ စုတ်ပြတ်နေတာပဲ.....အစ်ကိုကြီးရယ်"

ကျွန်မကို သူက ဘာမှ ပြန်မပြောပါ၊ ကျွန်မပြောသည်ကိုလည်း စိတ်ဝင်စားဟန်မပြပါ။

"သမီးတို့ အရပ်ထဲမှာ ကျောင်းမနေနိုင်တဲ့ကလေးတွေ တစ်ပုံကြီးပဲ။ တချို့ဆိုရင်တစ်တန်း၊ နှစ်တန်းနဲ့ ကျောင်းထွက်ကြရတယ်။ အဲဒီကလေးတွေအတွက် အစ်ကိုကြီးတို့ စဉ်းစားပေးရင် သိပ်ကောင်းမှာပဲနော်။ အရပ်ထဲမှာ ကလေးကစားကွင်းမရှိဘူး။ ပြီးတော့ သမီးတို့ အရပ်ထဲမှာ ရေကလည်း ရှားတယ်။ ဒီလိုသုံးဖြုန်းနေမယ့်အစား ရေတွင်းလေး တူးပေးရင် သိပ်ကောင်းမှာပဲ အစ်ကိုကြီးရယ်"

ကျွန်မရဲ့ စကားကို သူက အလေးအနက်ထားပုံမပေါ်၊ သီချင်းဆိုမပျက်။

ဒီလိုနှင့် ဆိုကြပါစို့....။





သူနှင့် ကျွန်မလည်း အရင်လူတွေလိုပဲ ထဲထဲဝင်ဝင် အကြိမ်ကြိမ် ရင်းနှီးခဲ့ရတယ်၊ ကျွမ်းဝင်ခဲ့ရပြန်တယ်။

ကျွန်မရဲ့ ရင်ခုန်သံဟာ အချစ်အတွက် လုံးဝမဟုတ်၊ အသက်ရှင်သန်ခြင်းအတွက်မျှသာ...။

ကျွန်မက သစ်ကိုင်းလား၊ သူတို့က သစ်ကိုင်းကို ရွေးပြီးနားတတ်တဲ့ ငှက်ဆိုးတွေလား။

ဒါမှမဟုတ် သူတို့က သစ်ကိုင်းလား...။

ကျွန်မက လေဟုန်စီးပြီး လွင့်ချင်ရာကို လွင့်၊ မျှောချင်ရာကို မျှော၊ လေပြေနဲ့ မှန်တိုင်းကို မကြောက်တတ်တဲ့ ငှက်ရဲ့ တစ်ကောင်လား။

သစ်ကိုင်းပေါ်နားဖူးတဲ့ ငှက်။

သစ်ကိုင်းကလည်း ငှက်ကို မမှတ်မိ.......။

ငှက်ကလည်း သစ်ကိုင်းကို မမှတ်မိ.....။

ဒီလိုနဲ့ ကျွန်မ အသက် ၃၀ ကျော်။ ရင့်ကျက်ခဲ့ရပါပြီ။

* * *

ခေတ်တွေလည်း ပြောင်းလာပြီ။

မိဘများမှာလည်း မရှိကြတော့ဘူး။ မောင်လေး၊ ညီမလေးတွေလည်း သူ့ဘဝနဲ့သူ။ အရောင်းအဝယ်တတ်တဲ့ အမျိုးသားတစ်ယောက်နဲ့ ကျွန်မ အိမ်ထောင်ကျ၊ အိမ်မှာ အိမ်ဆိုင်ကလေးဖွင့်ပြီး ငွေချေးရဲ့ ဘဝတစ်ခုကို ကျွန်မ ပိုင်ဆိုင်ခဲ့ပါပြီ။ အချိန်ပိုတွေ ရှိလာတော့ စာဖတ်ဖြစ်လာခဲ့တယ်။ ဂျာနယ်နဲ့ သတင်းစာတွေကို မလွှတ်တမ်း ဖတ်ဖြစ်လာတယ်။ ဗဟုသုတတချို့လည်း ရှိလာခဲ့တယ်။ အခုဆိုရင် ကျွန်မမှာ ကလေးသုံးယောက်။ အကြီးကောင်က သူငယ်တန်း၊ အလတ်မကသုံးနှစ်သမီး၊ အငယ်ဆုံးကတော့ ပုခက်ထဲမှာ ငိုလို့...။



ပုခက်ထဲက အငယ်ဆုံးသားလေးရဲ့ ပုခက်ကြိုးကို ဆွဲပြီး-

"လူကလေးရဲ့.....ငို

နို့ဖမ်းလို့.....ပေး

နို့ဖြူ၊ နို့ပြာငှက်ကယ်

ဖမ်း.....ခက်လှသေး"

အဲဒီ သားချော့သီချင်းနဲ့ သားလေးကို အကြိမ်ကြိမ် ချော့သိပ်ရင်း စိတ်က 'ဂေါက်ဖ်'ကွင်းဆီကို ရောက်သွားမိတယ်။

ဒီတော့ အဲဒီသားချော့သီချင်းကို ဒီလိုပြင်ပြီး သားငယ်လေးကို ဆိုညည်းချော့သိပ်မိပြန်တယ်-

"လူထုက....ငို

ခရီဖမ်းလို့....ပေး

ခရီနီ ၊ ခရီနက်ကယ်

ဖမ်း.....ခက်လှသေး..."

ကျွန်မက တစ်ချိန်တုန်းက 'ဂေါက်ဖ်'သီးတစ်လုံးလေ...။

ဦးဘုန်း (ဓာတု)

မန္တလေး



သောင်းဝေဦး

# ကြုံခဲ့ဖူးသော ခရိုနီများအကြောင်း

## ကြုံခဲ့ဖူးသော ခရိုနီများအကြောင်း

**ခရိုနီနိဒါန်း**

ယနေ့ မြန်မာ့မီဒီယာ (Media) လောကတွင် ခရိုနီ (Crony) ဟူသော စကားလုံးသည် အလွန်တာစားနေ၏။ အလွန် Popular ဖြစ်နေ၏။ ဟိုမှာလည်းခရိုနီ၊ ဒီမှာလည်းခရိုနီနှင့် တစ်နီတည်းနီနေကြ၏။ နေ့စဉ်ထုတ် ဂျာနယ်များတွင်လည်း ခရိုနီများအကြောင်းရေးလို့မဆုံး၊ သားလို့မဆုံးနှင့် ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်နေ၏။

ခုမှ ခရိုနီတွေ ဘာဖြစ်လို့ ဒါလောက် Popular ဖြစ်လာတာ ပါလိမ့်။ ကျွန်တော်သည် တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံ (Political Science) ဘာသာရပ်ဖြင့် ဘွဲ့ရလာသူတစ်ဦး ဖြစ်ပါသည်။ သို့ရာတွင် ဒီခရိုနီဆိုတာ တွေကို ဂယနဏ မသိခဲ့ပါခင်ဗျာ။

အဲ… ဒါပေမဲ့ပေါ့ခင်ဗျာ၊ ခရိုနီအကြောင်း ရေးပေးပါရန် တောင်းဆိုလာသူက ကျွန်တော်ငြင်းဆန်မရသူဖြစ်နေ၍ ခရိုနီအကြောင်းကို ကျွန်တော် ခံစားနားလည်ထားသလို၊ ကျွန်တော် ရင်ဆိုင်ကြုံတွေ့ခဲ့သလို ကျွန်တော့်အမြင်၊ ကျွန်တော့်အတွေး၊ ကျွန်တော့်အရေးနှင့် ရေးသားလိုက် ပါသည်။

**ခရိုနီဆိုတာ ဘာလဲ**

ခရိုနီဆိုတာ ဘာလဲ၊ ဟုတ်ကဲ့ ခရိုနီ (Crony) ဆိုတာ အင်္ဂလိပ် စကားပေါ့ဗျာ။

မြန်မာလို အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အလွန်ရင်းနှီးသော မိတ်ဆွေ သူငယ်ချင်း၊ အပေါင်းအသင်း၊ ရောင်းရင်းဟု အဓိပ္ပာယ်ရပါသည်။

ဒီစာရေးရင်း Crony ကို အင်္ဂလိပ်အဘိဓာန် လှန်ကြည့်တော့ တစ်ဖက်ပါအတိုင်း တွေ့ရပါသည်-

Crony : A close friend of companion.

အလွန်ရင်းနှီးသော မိတ်ဆွေအပေါင်းအသင်း

He spends every enening drinking in the pub with his cronies.

သူသည် ညနေတိုင်း ယမကာဆိုင်တွင် သူ၏အလွန် ရင်းနှီးသော အပေါင်းအသင်းများနှင့် ယမကာသောက် သုံးလေ့ရှိသည်။

ခရိုနီဆိုတာ ပုလင်းတူဘူးဆို့များဟု အဓိပ္ပာယ်ဖွင့်ဆိုချင်ပုံရပါ၏။

ယခု Media များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာလည်း အထက်ပါ အတိုင်း ခပ်ဆင်ဆင်တူပါ၏။

ခရိုနီဆိုတာ အာဏာရ လူတန်းစားနှင့်နီးကပ်ပြီး ထဲထဲဝင်ဝင် ပေါင်းသင်းပေးကမ်းပြီး သူတို့လိုချင်တဲ့ အခွင့်အရေးကို ရအောင်ယူနေတဲ့ သူတွေ၊ စားမားတွေ၊ လူလည်တွေ၊ ဘယ်သူသေသေ ငေတမာရင် ပြီးရောဆိုသူတွေဖြစ်၏။

ခရိုနီကို အထက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြပါသည်။ မှန်သင့်သလောက် မှန်ပါသည်။ ယနေ့ ကျွန်တော်တို့နိုင်ငံတွင်ခရိုနီ လူတန်းစားသစ် ပေါ်ပေါက်နေပါပြီ။ ထိုလူတန်းစားသည် ၁၉၈၈ ခုနှစ် အရေးအခင်းကြီး ပြီးသည့်နောက်ပိုင်း နဝတ၊ နယက ခေတ်၌ သိသာစွာ



ထင်ရှားလာ၏။ ခရိုနီတွေသည် အာဏာရလူတန်းစားနှင့် ထဲထဲဝင်ဝင် ပေါင်းသင်းကာ အလုပ်အကိုင်တွေ၊ အခွင့်အလမ်းတွေရလာကြသည်။ သူတို့သည် လုပ်တတ်ကိုင်တတ်ကြသည်။ တော်လည်းတော်ကြသည်။ ရက်လည်း ရက်စရာကြသည်။ တောင်မြင်ရင် ရာစွန်ရှိသည်။ အောက်ကျ နောက်ကျခံသည်။ ပြုံးရွှင်ချိုသာသည်။ မျက်နှာပျက်ခံသည်။ အားလုံးမှာ Sharp ဖြစ်သူများချည်း ဖြစ်ကြသည်။ ထို့ကြောင့် ခရိုနီတွေအားလုံး ဆယ်စုနှစ် တစ်စုနှစ်စုအတွင်းမှာ ကျိုက်ကျိုက်တက် ချမ်းသာလာသော မီလျံနာ ဘီလျံနာကြီးများ ဖြစ်လာကြတော့၏။

သို့ရာတွင် ကျွန်တော်တို့ နိုင်ငံ၏လူဦးရေ သန်း ၆၀ ကျော် ကျော်တွင် ခရိုနီဟု အမည်တပ်ရသူ ဘီလျံနာကြီးများကား ဆယ်လေး ငါးဦးထက်တော့ ပိုလိမ့်မည်မထင်ပါ။ သူတို့ထဲမှ အချို့နှင့် ကျွန်တော် ပတ်သက် ဆက်ဆံခဲ့ဖူးပါသည်။ ထိုသို့ပတ်သက် စပ်ဆိုင်ခဲ့ဖူးသူများထဲမှ နှစ်ဦး၊ သုံးဦးကို ကောက်နုတ်တင်ပြလိုပါသည်။

ခရိုနီများမှာ လူတော်များဖြစ်ကြ၍ ယနေ့ ဒီမိုကရေစီ အစိုးရ ခေတ်တွင် အချို့မှာ လွှတ်တော်ကိုယ်စားလှယ်၊ အချို့ဆို ဝန်ကြီးအဆင့် များတောင် ရရှိကြနေကြပြီဖြစ်၍ အမည်ကိုဖော်ပြရန် မသင့်လျော်ပါ။ ကျွန်တော့်မှာ စောင့်ထိန်းရန် ဝတ္တရားရှိပါသည်။ သို့ရာတွင် ကျွန်တော်နှင့် ခရိုနီများကြုံတွေ့ ဆက်ဆိုင်ခဲ့ပုံများမှာ စိတ်ဝင်စားဖွယ်ဟု ယူဆပါသဖြင့် အောက်ပါအတိုင်း ဖော်ပြပေးလိုက်ပါသည်ခင်ဗျား-

**ကျွန်တော် ကြုံတွေ့ခဲ့ဖူးသော ခရိုနီများ**

ကျွန်တော်သည် ၁၉၆၁ ခုနှစ်တွင် ဆယ်တန်းအောင်၍ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှ တက္ကသိုလ်ရောက်သည်။ ၁၉၆၅ ခုနှစ်တွင် ဒုတိယနှစ် ဝိဇ္ဇာတွဲ ရခဲ့သည်။ ပထမကျောင်းဆရာ၊ ဒုတိယက စာရေး၊ တတိယက မြန်မာစီးပွားဝန်ထမ်းဘဝ၌ အနှစ် ၄၀ ကြာခဲ့၏။





ကျွန်တော်တက္ကသိုလ်ရောက်ပြီး တစ်နှစ်အကြာ၌ စစ်တပ်က အာဏာသိမ်း၍ တိုင်းပြည်ကိုအုပ်ချုပ်ခဲ့၏။ လမ်းစဉ်ပါတီကို တည်ထောင် ပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ကြေညာခဲ့၏။ တစ်နိုင်ငံလုံးရှိ လုပ်ငန်း များ၊ အရောင်းအဝယ်များအားလုံးကို ပြည်သူပိုင်သိမ်းကာ အစိုးရမှ ချုပ်ကိုင်ခဲ့၏။ လုပ်ပိုင်ခွင့်အာဏာကို ဗဟိုမှ တင်းကျပ်စွာ ချုပ်ကိုင်ခဲ့ရာ ခရိုနီလူတန်းစားများ ပေါ်ပေါက်ရန်အခွင့်မသာပါ။ အားလုံး ငြိမ်ဝပ် ပိပြားစွာနေခဲ့ရ၏။ သို့ရာတွင် ထိုအုပ်ချုပ်ရေးကြီး ၂၆ နှစ်အကြာ၌မူ ပြည်သူက လက်မခံတော့၍ ဖုံးဖုံးလဲကျဆုံးခဲ့ရတော့၏။ ကမ္ဘာတွင်လည်း ကွန်မြူနစ်များ၊ ဆိုရှယ်လစ်များကျဆုံးရတော့၏။

ဤကိစ္စနှင့်ပတ်သက်၍ စာရေးဆရာကြီး ဒဂုန်တာရာက မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ကို ရေးဆွဲရာတွင် ပါဝင်ခဲ့သော ရဲဘော်ချစ်လှိုင်နှင့် သခင်တင်မြတို့ကို တွေ့ဆုံရာ၌-

"ဟေ့လူတွေ… ခင်ဗျားတို့ လမ်းစဉ်ကြီးက လန်ဒန်ဂိုးဖလိပ် လောက်တောင် မခံပါလားဗျာ။ လန်ဒန်ဂိုးဖလိပ်က အနှစ်တစ်ရာပြည့် ပွဲကြီး ပွဲချီးကျင်းပချိန်မှာ ခင်ဗျားတို့လမ်းစဉ်ကြီးက ဖုံးဖုံးလဲပြိုကျ ပျက်စီးပြီး ဘင်္ဂလားအော်ထဲ ရောသွားပြီ"

ဟု ရယ်သွမ်းသွေးကာ ပြောခဲ့သည်ဆို၏။ မှန် မမှန်တော့ ကျွန်တော် အတိအကျမသိပါ၊ ကြားဖူးနားဝသာ ဖြစ်ပါ၏။

၁၉၈၈ ခုနှစ်တွင် တပ်မတော်က အာဏာသိမ်းကာ တပ်မတော် အစိုးရ သို့မဟုတ် နဝတအစိုးရကို ဖွဲ့စည်းပြီး တိုင်းပြည်ကို အုပ်ချုပ်ခဲ့၏။ စီးပွားရေးတံခါးဖွင့်ဝါဒကို ကျင့်သုံးလာ၏။ ပုဂ္ဂလိကစီးပွားရေးများကို ခွင့်ပြုခဲ့၏။ ဗဟိုချုပ်ကိုင်မှုကို အတိုင်းအတာတစ်ခုအထိ လျှော့ချပေးခဲ့၏။ လမ်း၊ တံတား၊ စက်ရုံ၊ အလုပ်ရုံများ ကို တည်ဆောက်ပေး၏။ ထိုအခါ နှစ်ပေါင်း ၂၀၊ ၂၅ နှစ်ကြာ ငြိမ်ဝပ်ပိပြားနေသော ခရိုနီများတစ်ဦးပြီး တစ်ဦးအလျှို အလျှိုပေါ်ပေါက်လာလေသည်။ ကျွန်တော်သည်လည်း





တပ်မတော်တွင် Grade One ခေါ် အရာရှိကြီးအဆင့်ကို ရောက်ရှိလာ၏။ နေရာကလည်း မြို့တော်ရန်ကုန်မှာ၊ ထိုအခါ ယနေ့ခရိုနီအုပ်စုတွင် ပါဝင်နေသူတစ်ဦးနှင့် တောင်ကြုံဆုံရပါသည်ခင်ဗျား။

**ကျွန်တော်နှင့် ခရိုနီနံပါတ်တစ်**

၁၉၈၉-၁၉၉၀ ပြည့်နှစ်လောက်က ဖြစ်သည်၊ ကျွန်တော်သည် ရန်ကုန် ရွှေပြည်သာတစ်တွင် တပ်ရင်းမှူး တာဝန်ထမ်းဆောင်နေ၏။

တစ်ရက် ရှေ့တန်းမှတပ်ပြန်အရောက် ညီငယ်လိုချစ်ခင်နေသည့် ရကတမှ ဦးစီးအရာရှိ ဒုတိယတန်းတစ်ဦးမှ ကျွန်တော့်ကို ထမင်းစား ဖိတ်သည်။ သူသည် ကျွန်တော်နှင့် တစ်မြို့တည်းသားဖြစ်၏။ သူက ကျွန်တော်ထက် အသက်လေးငါးနှစ်ငယ်ပေသည်။

"အစ်ကို… ကျွန်တော့်မိတ်ဆွေတစ်ယောက်က အစ်ကိုကို ထမင်းစားဖိတ်တယ်၊ ကျွန်တော်တို့နဲ့ တစ်နယ်တည်းကပဲ၊ အစ်ကိုလိုက်ခဲ့ ဗျာ၊ အပျင်းပြေစကားလည်းပြောရအောင်၊ စိတ်လွတ်ပေါက်ရတာပေါ့"

"လုပ်လေ"

ကျွန်တော်သည် ယခု အခေါက် စစ်ဆင်ရေးတွင် ခနယ် တောင်တန်းပေါ်၌ ဓားပြအဖွဲ့ ရလလယအိမ်များနှင့် ပွဲပေါင်းအတော်များ အောင် ခုခံရသဖြင့် အတော်မောနေပါပြီ၊ ထို့ကြောင့် အပန်းဖြေသူတို့ ထမင်းစားပွဲကို လက်ခံလိုက်သည်။ ချိန်းဆိုသည့်နေ့တွင် မြို့ထဲက နာမည်ကြီး ဟိုတယ်ကြီးတစ်ခု၌ ထမင်းစားဖြစ်ကြ၏။

Sponsor ပုဂ္ဂိုလ်မှာ ကျွန်တော်ထက် သုံးလေးနှစ်ငယ်သည်။ အသားညိုညို တောင့်တောင့် မောင်းမောင်းနှင့် တကယ့်အညာသားစစ်။ သူက ကျွန်တော်ကို ဝိဇကီအကောင်းစားနှင့် ဧည့်ခံသည်။ သူသည် စကားပြောလည်းကောင်း၏။ ပြုံးရွှင်ချိုသာ၏။ ချစ်ခင်နှစ်လိုဖွယ် အမူအရာလည်းရှိ၏။ တစ်ခါတွေ့ရုံ နှင့် ကျွန်တော် သူ့ကိုခင်မင်သွားသည်။ စစ်ဆင်ရေးပြန်မရောက်မီ နောက်တစ်ခါ ထမင်းကျွေးပါရစေဦးဟု အဆိုပြု၏။

"နောက်တစ်ခါ ထမင်းစားရင် အစ်မပါခေါ်ခဲ့ပါ တပ်ရင်းမှူး" ဟုပြောသည်။

နောက်တစ်ခါ ထမင်းစားပွဲကို ရန်ကုန်မြို့ထဲမှ ပန်းပါဟိုတယ်တွင် ကျွေးသည်။

ထမင်းစားရင်း သူက

"တပ်ရင်းမှူး… ကျွန်တော်က ဆန်စက်တွေ ထိန်းရတာ၊ ဆန်ကောင်းတွေရှိတယ်၊ အဲဒါ တပ်ရင်းမှူး တစ်လ ဆန်တစ်အိတ်ပေးချင်တယ်"

"မပေးပါနဲ့၊ ကျွန်တော်တို့တပ်မှာ ဆန်တွေရှိပါတယ်"

"ကျွန်တော့်ဆန်လောက်တော့ ဘယ်ကောင်းမလဲ တပ်ရင်းမှူးရယ်၊ ကျွန်တော့်အတွက် တစ်လဆန်တစ်အိတ်က ဘာမှ အပန်းမကြီးပါဘူး၊ ယူပါ"

ထိုအခါ ဘေးနား နားထောင်နေသူ ဇနီးသည်က

"ပေး…ပေး…ကောင်းတယ်၊ ဘုန်းကြီးလှူရတာပေါ့" ဟု ဝင်ပြောတော့၏။

ဤသို့နှင့် ထိုပုဂ္ဂိုလ်သည် ကျွန်တော် တပ်ရင်းမှူးလုပ်ခဲ့သည့် နှစ်နှစ်၊ သုံးနှစ်အတွင်း ကျွန်တော့်ကို တစ်လဆန်တစ်အိတ်ပေးခဲ့ပါသည် ခင်ဗျား။

သူသည် အတန်းပညာကို အထက်တန်းလောက်သာ သင်လာခဲ့သူဖြစ်၏။ ယခုကြီးပွားလာသောအခါ နိုင်ငံခြားသို့ မကြာခဏ သွားရသည်။ အင်္ဂလိပ်လိုတွေ ဘာတွေ ပြောရ၏။ ထိုအခါ ထိုပုဂ္ဂိုလ်သည် အင်္ဂလိပ်စာဆရာအား အိမ်ခေါ်၍ အင်္ဂလိပ်စာနဲ့ စကားပြောကို တတ်အောင် သင်ယူသည်။ အတော်ပြောတတ် ဆိုတတ်သွားပါသည်။ သူသည် ငယ်စဉ်က တောတွင်ကျည်းသားရိုက်လာသူဖြစ်၏။ ယခု ရန်ကုန်ရောက်တော့ ဂေါက်သီးရိုက်သည်။ ဂေါက်သီးကိုလည်း ကျွမ်းကျင်သူ



ကြီးစားဂေါက်သမားနှင့် စနစ်တကျ သင်ယူသည်။ ဂေါက်ကစားပြီး နှစ်အနည်းငယ်အတွင်းမှာပင် သူ၏ Handicap က ၆ လောက်ဖြစ်သွား၏။ ကျွန်တော်နှင့်အတူ ကစားကြတော့ ကျွန်တော့်ကို တစ်ကျင်းတစ်ချက် ပေးပါသည်။ ဒါတောင် ကျွန်တော် သူ့ကို ရှုံးပါသည်။ သူနှင့်ကျွန်တော် အဆွေခင်သွားကြ၏။ ၁၉၉၅-၉၆ ခုနှစ် ကျွန်တော်ရန်ကုန် YCDC ရောက်တော့ သူသည်ကျော်ကြားသော ဇီရိုတစ်ယောက်ဖြစ်နေပါပြီ။ သူသည် အလှူအတန်း၊ အပေးအကမ်းရက်ရောလှ၏။ မည်သူ့မဆို ကူညီ၏၊ လှူချင်လှူငင်ပေါလှ၏။ အဖွဲ့အစည်းပေါင်းစုံတွင် သူပါဝင်၏။ ယခု ကျွန်တော်ကိုလည်း သူတတ်နိုင်တာတွေ မကြာမကြာကူညီခဲ့၏။ ယခု အချိန်ထိ သူနှင့်ကျွန်တော် ခင်မင်နေဆဲဖြစ်၏။

ယခုအခါတွင်မူ သူသည် ပြည်ထောင်စု အစိုးရအဖွဲ့တွင် ပြည်ထောင်စုဝန်ကြီးတစ်ဦး ဖြစ်နေပါပြီ။ သူ မည်သူဆိုသည်ကိုတော့ စာရှုသူများ ကိုယ်ဟာကိုယ် စဉ်းစားကြရန် ဖြစ်ပါသည်ခင်ဗျား။

**ကျွန်တော်နှင့် ဇီရိုနံပါတ်နှစ်**

ဒီတစ်ယောက်ကတော့ ကျွန်တော်ထက် အသက်များစွာ ငယ်၏။ ၁၉၉၈ ခုနှစ်တွင် ကျွန်တော် UDO ၌ စီမံကိန်းတာဝန်ခံလုပ်နေချိန်တွင် ကျွန်တော့်ထံရောက်လာသည်။ Earth Work ကန်ထရိုက်လုပ်ငန်းလာ လုပ်ခြင်းဖြစ်၏။ ထိုအချိန်က သူသည် ဂျပန်မှမြေထိုးမြေကော်စက်များ တင်သွင်းလာပြီး မြေကြီးလုပ်ငန်းများ လိုက်လံလုပ်ဆောင်နေသူ ဖြစ်၏။ သူသည် ဂျပန်နိုင်ငံတွင် ခြောက်နှစ်၊ ခုနှစ်နှစ်နေလာခဲ့သူဖြစ်ရာ ဂျပ… စကားကို ဂျပန်နှင့်မခြားပြောနိုင်၏။ ဂျပန်စာလည်းတတ်၏။ သူသ… လည်း ယခင်ပုဂ္ဂိုလ်လို အပြောအဆိုချိုသာသည်၊ လူရည်လည်သ… အပေးအကမ်း ရက်ရောသည်၊ နှမြောတွန့်တိုမှုမရှိ၊ အလိုက်ကန်းဆိုးအ… သိသည်။ ထုံးစံအတိုင်း ကျွန်တော်ကိုမကြာခဏ ထမင်းခေါ်ကျွေးသ… ဂျပန်ဆိုင် အစားအသောက်များကို ကိုယ်တိုင်ချက်ပြုတ်ကြော်…



ကျွေးသည်။ အိမ်ကိုမကြာမကြာ လာလည်သည်။ ကျွန်တော်နှင့်သားမယား မိသားစုနှင့်ပါခင်မင်သည်။

သူ၏ အထူးခြားဆုံးအချက်မှာ ဂေါက်သီးရိုက် အလွန်တော်ခြင်းပင်တည်း။ သူ့အရပ်က ၆ ပေလောက် ရှိရာ အားကောင်းမောင်းသန်နှင့် First Drive ကို ကိုက် ၃၀၀ ကျော် ရောက်အောင် ရိုက်နိုင်၏။ Handicap မှာ မယုံကြည်နိုင်စရာ Zero ဖြစ်၏။

ထိုအားကစားကြောင့် သူသည် လူကြီးတွေနှင့် လျှင်မြန်စွာ ရင်းနှီးသွား၏။ လယ်ဆည်တွင် အလုပ်တွေရ၏။ နေပြည်တော် တည်ဆောက်ရေးတွင် အလုပ်တွေရ၏။ မြန်မာနိုင်ငံအားကစား အဖွဲ့ချုပ်တွင်ပါဝင်လာရ၏။ နှစ်အနည်းငယ်အတွင်းမှာပင် ကျိုက်ကျိုတက် ချမ်းသာသွားပြီး မြန်မာလူထုတစ်ရပ်လုံး စိတ်ဝင်စားသည့် အားကစားနည်းကြီးတစ်ခု၌ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ကာ အောင်မြင်မှုကိုခံယူလျက်ရှိ၏။ ယခုအခါတွင် သူ့ကျွန်ကအပေးပြောင်းလဲမကြီးများကိုလည်း တာဝန်ယူလျက်ရှိ၏။ ကျွန်တော် အငြိမ်းစားယူပြီးနောက် သူနှင့်အဆက်အဆံ မရှိတော့ပါ။ သို့ရာတွင် မနေ့တစ်နေ့က နေပြည်တော်၌ ကျွန်တော့်ဇနီးနှင့်တွေ့ဆုံရာတွင် သူက

"အိုး… စိတ်မဆိုးနဲ့နော်" ဟုပြောပြီး ကျွန်တော့်ဇနီး ပိုက်ဆံအိတ်အတွင်းသို့ ငွေစက္ကူတစ်ထပ် အတင်းထည့်ပေးလိုက်ပါသည်။

ဇီရိုဆိုတာ ဒီလိုလူမျိုး ဖြစ်ပါ၏။

သူ ဘယ်သူလဲဆိုတာကို စာရှုသူများ ကိုယ်ဟာကိုယ် စဉ်းစားကြရန် ဖြစ်ပါသည် ခင်ဗျား။

**ကျွန်တော်နှင့်ဇီရို နံပါတ်သုံး**

ဒီပုဂ္ဂိုလ်ကတော့ ဗမာမဟုတ်ပါ၊ ရှမ်း-တရုတ်ဖြစ်၏။ သူသည် နဝတ၊ နယကခေတ် ဆောက်လုပ်ရေးလောက၌ နာမည်ကြီးတစ်ယောက် ဖြစ်၏။



သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်လောက်က ဖြစ်သည်။ ကျွန်တော်သည် တစ်ညတွင် မြို့တော်ခန်းမ၌ Duty Officer တာဝန်ကျနေ၏။

"ဗိုလ်မှူးကြီး… ထရိတ်ဒါးဟိုတယ်မှာ ညစာစားပွဲ ဖိတ်ထားပါတယ်။ YCDC လူကြီးတွေ အားလုံးဖိတ်ထားတာ တစ်ယောက် မှ မရောက်လာကြဘူး။ ဗိုလ်မှူးကြီး အပန်းမကြီးရင် ကြွရောက်ချီးမြှင့်ပေးပါခင်ဗျား"

အင်ကျင်နီယာ အဆောက်အအုံဌာနမှူးက ဖုန်းလှမ်းဆက်၏။

မြို့တော်ခန်းမနှင့် ထရိတ်ဒါးဟော်တယ် မဝေးလှသဖြင့် ကျွန်တော် သွားလိုက်ပါသည်။ ကမန်းကတန်းမို့ ယူနီဖောင်းအစိမ်းပင် မချွတ်မိပါ။ ညစာလည်း အိမ်က မစားလာခဲ့မိပါ။

"ဟာ … ဗိုလ်မှူးကြီး … ကြွပါခင်ဗျာ၊ ကြွပါ၊ ကျွန်တော်က လူကြီးတွေ ဘယ်သူမှမလာတော့ဘူး ထင်ပြီး စိတ်မကောင်းဖြစ်နေတာ၊ ဗိုလ်မှူးကြီးရောက်လာတော့ သိပ်ဝမ်းသာတယ်"

ထိုပုဂ္ဂိုလ်က ပြောသည်။ အင်ဂျင်နီယာဌာနမှူးနှင့် ဝန်ထမ်းများကလည်း ဝမ်းသာကြ၏။ ကျွန်တော်သည် သူတို့ဌာနနှင့် ဘာမှမဆိုင်ပါ။ ဖိတ်၍သွားခဲ့ခြင်းသာ ဖြစ်၏။ ညစာကို Blue Label ဖြင့် ဧည့်ခံပါသည်။ တကယ့်ပြင်ဆင်ထားသည့် Great Banqute ကြီး ဖြစ်၏။ တာဝန်ရှိနေသဖြင့် ထမင်း ခပ်သုတ်သုတ်စား၊ ဝီစကီ တစ်ခွက် နှစ်ခွက်သောက်ပြီး ကျွန်တော် ထပြန်ခဲ့သည်။

"ကဲ … Duty ရှိသေးတယ်ဗျာ၊ ပြန်ပြီ"

ထိုအခါ ထိုပုဂ္ဂိုလ်က ကမန်းကတန်း ပြေးလိုက်ပြီး အထုပ်ကြီး တစ်ထုပ် အတင်းလိုက်ပေး၏။ ငွေစက္ကူထုပ်ကြီး၊ ဘာမှန်းတော့မသိပါ။ လမ်းရောက်မှ အထုပ်ကြီးကို နည်းနည်းဖွင့်ကြည့်ရာ တဘက်အနီကြီး တစ်ထည် ဖြစ်နေပါသည်ခင်ဗျား။

"အင်း … ဒီတစ်ခါက တဘက်အနီကြီး ဘာလို့ပေးတာလဲ လိမ့်" စဉ်းစားရင် တဘက်ထုပ်ကို နှုံးဒီရိုထဲ ထည့်ထားလိုက်ပါသည်။

နောက်လေးငါးခြောက်လကြာသွားသည်။ မြို့တော်ခန်းမတွင် ကျွန်တော် Duty ကျပြန်၏။ မိုးလင်းတော့ မျက်နှာသုတ်ပါ မပါတော့ အကူရဲဘော်အား ဒီရိုထဲမှ တဘက်အနီကြီးကို သွားယူခိုင်းလိုက်သည်။ တပည့်က တဘက်ထုပ် ဖြေတော့ အတွင်းမှ ပလတ်စတစ်ထုပ်အနီတစ်လုံး ထွက်လာ၏။

"ဟာ … အဘ …အဘ ဗိုက်အောင့်တတ်မှန်းသိလို့ ဆေးတစ်ဘူး ထည့်ပေးလိုက်တယ် ထင်တယ်" ဟု ဆိုလာ၏။ ဘူးမြင်တော့ ကျွန်တော် ပြုံးမိပါသည်။

"ကဲ … ပေး …ပေး …မင်း ဆေးဘူး"

ဘူးကိုဖွင့်လိုက်တော့ ပြေစာတစ်စောင်နှင့် ရွှေချဲကြိုးကြီးတစ်ကုံး ထွက်လာ၏။ ပြေစာပါ ပါလာပါသည်။ ရွှေချဲကြိုးက ငါးကျပ်သား တောင်ရှိပါသည်ခင်ဗျား။

ခရိုနီဆိုတာ အဲဒီလို လူစားမျိုးတွေပါ။

**နိဂုံး**

ကဲ … စာရှုသူများခင်ဗျား။

ကျွန်တော်သိသော ခရိုနီများအကြောင်းကတော့ ရေးရင် ရေးကုန်မည် မဟုတ်ပါ။ ကျောင်းဆရာကနေ ခရိုနီ ဖြစ်လာ၏။ ကိုးဒီတန် ထောက်ကလေးမှ ခရိုနီဖြစ်လာ၏။ ပင်စင်စားလေးမှ ခရိုနီဖြစ်လာ၏။ စစ်ဗိုလ် လူထွက်မှ ခရိုနီဖြစ်လာ၏။ ဆရာဝန်လူထွက်မှ ခရိုနီဖြစ်လာ၏။ ဘဝပေါင်းစုံမှ ခရိုနီများဖြစ်လာကြ၏။ သူတို့သည် IQ မြင့်သူများဖြစ်၏။ အားကစားထူးချွန်သူများဖြစ်၏။ အပေါင်းအသင်း ဆုံသူများဖြစ်၏။ အပေးအကမ်း ရက်ရော၏။ ထောင်မြင်ရင် ရာစွန့်၏။ အတွေးအခေါ် ကောင်းသူများဖြစ်၏။ အများအကျိုးကိုလည်း တတ်နိုင်သမျှ သယ်ပိုး





တတ်ကြ၏။ ဟိုပါတီ ဒီပါတီများသို့လည်း လှူတတ်တန်းတတ်၏။ ရေဘေး လေဘေး မီးဘေးများတွင်လည်း ရန်ပုံငွေများထည့်ဝင်ကြ၏။ ဘာသာရေး၊ သာသနာရေးတွင်လည်း ဟန်ပြလည်းကောင်းကြ၏။ ပါဝင်လှူဒါန်းတတ်၏။

ဒါ ကျွန်တော်တို့ဆီမှာသာ မဟုတ်ပါ။ ကမ္ဘာ့ အနိုင်နိုင်ငံတွင်လည်း ဒီအတိုင်းသာဖြစ်ပါသည်။ အမေရိကန်က ဒိုဘားမားသမ္မတဖြစ်အောင် သူ့ခရိုနီတွေက ဝိုင်းဝန်းပံ့ပိုးကြ၏။ ငွေထုတ်ပေး၏။ ဂျော့ချ်ဘုရှ် သမ္မတ ဖြစ်ခဲ့တာလည်း သူ့ခရိုနီများ ကောင်းမှုက အဓိကဖြစ်ခဲ့၏။ ရုရှားက ပလာဒီမာပူတင်လည်း ဒီအတိုင်းပါပဲ။ KGB Chief ကနေပြီး ခရိုနီတွေ နင်းကာပြီး ဒီရာထူးကိုရလာတော့ ခရိုနီတွေရဲ့ ပံ့ပိုးမှုကို ယူခဲ့ကြသူများ သာဖြစ်သည်။ ခရိုနီဆိုတာ ဗုဒ္ဓဘာသာတရားတော်အရတော့ သူ့ကုသိုလ် နှင့်သူသာဟု ဆိုရမည်ထင်ပါသည်။

စာရှုသူများရော ဘယ်လိုမြင်ပါသလဲခင်ဗျာ။ နိုင်ငံတော် တည် ဆောက်ရေးတွင် ခရိုနီများကို လမ်းမှန် ကမ်းမှန်အတိုင်း ပါဝင်ပြီး ဝိုင်းဝန် လုပ်ဆောင်စေရင်ရော မကောင်းဘူးလားခင်ဗျာ။ ဒါက ကျွန်တော့်အမြင် ပါ။ စာရှုသူများကတော့ နှစ်သက်သလိုသာ ဆုံးဖြတ်ကြရန်ဖြစ်ပါသည် ခင်ဗျား။

**ရွှင်လန်းချမ်းမြေ့ကြပါစေ**

သောင်းဝေဦး

# ကိုသင်း(ပန်ဆိုင်း)

## မြင်းရိုင်းဆိုတာ ဇက်သတ်ထားနိုင်မှ

## မြင်းရိုင်းဆိုတာ ဇက်သတ်ထားနိုင်မှ

နယ်မှာနေရတဲ့သူတစ်ယောက်အနေနဲ့ ဂျာနယ်တွေ၊ သတင်းစာတွေမှာမှန်မှန်ဖတ်ရလို့ နားမယဉ်သေးတဲ့ စကားတစ်ခွန်းကိုသတိထားမိတယ်။ ခရိုနီတဲ့။ ဒါကြောင့်ခရိုနီဆိုတာကိုသိချင်လို့ လက်လှမ်းမီသမျှ ရှာဖတ်ရတယ်။ သတင်းစာဆရာတစ်ဦးရေးတဲ့ "ခရိုနီများရဲ့ရှေ့ခရီး" ဆိုတဲ့ဆောင်းပါး၊ "ဒီမိုကရေစီစီးပွားရေးမှာ ခရိုနီတွေလိုသေးသလား" အစရှိတဲ့ဆောင်းပါးတွေကို ဖတ်ရတော့မှ ခရိုနီဆိုတဲ့ စကားရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ရေးရေးမြင်လာရတယ်။ ဒါတောင်အဓိပ္ပာယ်အတိအကျ မဟုတ်သေးဘူး။

အာဏာရှိသူတွေနဲ့ပေါင်းပြီး ချမ်းသာကြွယ်ဝလာကြတဲ့ သူတွေလို့ဆိုလိုပါတယ်လို့ အဓိပ္ပာယ်ဖွင့်ကြတယ်။ အရင်ကဘာမှမရှိဘဲ သူ့ရဲ့အတတ်ပညာနဲ့စီးပွားရှာပြီး ချမ်းသာကြွယ်ဝလာတာမဟုတ်ဘဲ အာဏာရှင်တွေကို ဆရာမွေး၊ အာဏာရှင်ကလည်း သူတို့ကို တပည့်မွေးပြီး ချမ်းသာမှုရလာကြတဲ့သူတွေပဲ၊ မူပေါက်ကိုချပေးတဲ့ အာဏာရှိသူနဲ့ပေါင်းစားခွင့်ရခဲ့သူတို့သာဖြစ်တယ်လို့ ဆိုပါတယ်။



**မဆန်းတဲ့လုပ်ဟန်တွေ**

အာဏာရှင်ကိုဖားပြီဆိုတာကလည်း တစ်ဖက်က အာဏာရှင်သူလုပ်ချင်သလိုလုပ်ဖို့၊ အစိုးရအဖွဲ့ဝင်ဆိုတာ စီးပွားရေးမလုပ်ရဘူး။ တိုင်းပြည်ရဲ့အခွန်ဘဏ္ဍာကရတဲ့ လစာကိုသာ စံယူခွင့်ရှိတယ်ဆိုတဲ့ ယေဘုယျ သတ်မှတ်ချက်ရှိလေတော့ ဒီအာဏာရှင်ကချမ်းသာပြီး တိုင်းသူပြည်သားရဲ့အကျိုးကို လိုလားတဲ့အစိုးရ (နိုင်ငံတော်လို့လည်း သုံးကြတယ်) ဆိုတာမျိုး မင်္ဂလာယူချင်တယ်၊ ဒါပေမဲ့လစာနဲ့မတင်းတိမ်နိုင်ဘဲ ချမ်းသာချင်တယ်။ ဒီတော့ချမ်းသာအောင်လုပ်ပေးမယ့် တပည့်မွေးကြရတယ်။ သူတို့ကိုယ်တိုင်က ရိုးသားလေဟန်၊ ပြည်သူနဲ့တိုင်းပြည် ကောင်းကျိုးကိုဆောင်ရွက်ပေးလေဟန် အပေါ်ယံဆောင်ရွက်ကြတယ်။ ခရိုနီပေါ်ပေါက်လာတာ ဒီကစတယ်လို့ပြောရမှာဖြစ်ပါတယ်။ တပည့်ခရိုနီတွေကသူတို့ရဲ့ဆရာတွေရဲ့ မစမှုနဲ့ လုပ်ရင်းကိုင်ရင်း အချိန်တိုအတွင်း ချမ်းသာကြွယ်ဝပြီး ဘီလျံနာတွေဖြစ်လာတော့တာပါပဲ။

**အကျိုးတူပူးပေါင်း**

ခရိုနီတွေက အာဏာရှိသူကိုတည့်အောင်ပေါင်းတယ်။ တည့်အောင်ပေါင်းတယ်ဆိုတာမှာလည်း ငွေကအဓိကပါ၊ အဲဒီလူတွေကို တပည့်တွေက ကြိုက်သကန်တော့ပစ္စည်းတွေ (ငွေအနေနဲ့ ရာခိုင်နှုန်းအလိုက်၊ သည်ထက်ပိုချင်ပို လျှော့လို့တော့မရ)နဲ့ ကန်တော့ကြရတယ်။ ဒါတွေကအကျိုးတူပူးပေါင်းဆောင်ရွက်တယ်ဆိုတာ ဒီနေရာမှာ သုံးသင့်တဲ့၊ အလွန်လိုက်ဖက်တဲ့စကားပါ။ ဒီလိုဆောင်ရွက်တဲ့နေရာမှာလည်း ဒေသအလိုက်၊ တစ်နိုင်ငံလုံးအတိုင်းအတာအလိုက် သူ့အဆင့်နဲ့သူ အာဏာလက်ကိုင်ရှိတဲ့သူတွေနဲ့ပေါင်းကြရတယ်။ နည်းမျိုးစုံနဲ့ ရင်းနှီးအောင်ကပ်ကြရတယ်။ ဘယ်လောက်များရင်းနှီးသလဲဆို နောက်ဆုံးရှင်းရှင်းပြောရရင် သမီးပေးသမက်ယူတဲ့ အထိဆိုတာ လူတွေသိပြီးသားဖြစ်ပါလိမ့်မယ်။ ရသာရလျှင် ဘာနဖူးသိုက်တူးတယ်ဆိုတာပါ။ သူတို့ရဲ့



သမီးတွေ သားတွေဟာ ဟင်းရွက်ကန်စွန်းလောက်အထိအဆင့်ကျသွားတယ်။ ဆန်ကောထဲထည့်မရောင်းရုံသာကျန်တော့တယ်။ ဒါကစိတ်မာတ်နဲ့ သိကျွာပိုင်းပါ၊ ရေပိုင်းကတော့ ဟိုထိပ်အထိ တက်ရောက်နေပါတော့တယ်။ ဒါကို တချို့က အပြစ်မပြောကြဘူး၊ အားတောင်ကျနေကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ငွေစကားပြောတဲ့ခေတ်၊ အာဏာရှင်ကိုကြောက်ကြရတဲ့ ခေတ်မို့ ငွေနဲ့အာဏာက အရာရာကို လွှမ်းမိုးချုပ်ချယ်ထားလို့ပါ။

**အပြောကရွှေမန်း**

ခရိုနီတွေချမ်းသာသည်ထက်ချမ်းသာအောင် အစိုးရာထူးကြီးတွေက ငွေတွေကို အကြောင်းအမျိုးမျိုးပြပြီး အတိုးနှုန်းသက်သာစွာနဲ့ ချေးယူကြပါတယ်။ မဆလခေတ်ကစပြီး တဖြည်းဖြည်းနဲ့ ဆုတ်ယုတ်လာလို့ LDC ဖြစ်ခဲ့ရတာကို infrastructure မြှင့်တင်ဖို့ဆိုပြီး ခရိုနီတွေက တိုင်းပြည်ရဲ့ ဒေသအနှံ့အပြားကိုသွား၊ ဘယ်နေရာမှာဘာလုပ်မယ်ဆိုပြီး စီမံကိန်းတွေဖြစ်ကတတ်ဆန်းရေးသားတင်ပြ၊ အာဏာရှင်ကလည်း သူတို့လက်ထဲရှိတဲ့ဘဏ်ကငွေတွေ ချေးယူခွင့်ပြုပါတယ်။ ဒီလိုနဲ့ အပေးအယူအပေါက်အလမ်းတည့်ပြီး ချမ်းသာပြီးရင်း ချမ်းသာရင်း ဖြစ်ပါတယ်။ အာဏာရှင်ကလည်းသူတို့အတွက် တွက်ခြေကိုက်မယ့်စီမံကိန်းမို့ခွင့်ပြုခဲ့တာတွေ ခဲ့ရပါတယ်။ ဒါကြောင့် တည်ဆောက်ခဲ့တဲ့ ဆည်တွေ၊ တမံတွေဟာ အကျိုးပြုမှု အလွန်နည်းပါးတယ်ဆိုတာ ဥပမာတစ်ခုပါ။ ဒီလိုအဘက်ဘက်ကစီမံကိန်းတွေ ဘယ်လောက်ရှိလိမ့်မယ်ဆိုတာ ထင်သာမြင်သာမဟုတ်ခဲ့လို့ တိတိကျကျမသိနိုင်ပါဘူး၊ ဒီအထဲကထင်ရှားတာ တစ်ခုပြောရရင် ကြက်ဆူစီမံကိန်း၊ ဒါတွေက လူအားလုံးသိ၊ ပြည်နယ်တိုင်းတစ်ခုမှာ စက လေးသိန်းစိုက်ရမယ်လို့ မှတ်သားဖူးပါတယ်။ အဆိုးဆုံးက လယ်ယာမြေကို စီမံကိန်း သီးနှံနဲ့ ဆန်စပါးစိုက်ပျိုးဖို့ဆိုပြီး လုပ်ခွင့်လျှောက်၊ အတင်းအကျပ်သိမ်းယူခဲ့လို့ တောင်သူလယ်သမားတွေလယ်မျောက်၊ ယာမျောက် အလုပ်လုပ်မစားနိုင် ဆင်းရဲတွင်းနက်ပြီး

စားဝတ်နေရေးအဆင်မပြေလို့ ခုလူရောက်ကြတာ ဒီနေ့အထိ ဥပမာနဲ့ ပြောနိုင်ပါတယ်။ လက်ပံတောင်းတောင်နဲ့မဆွယ် လေက်တိုရွာတွေကိစ္စက မပြီးသေးသော ပန်းဆိုးကားတွေပါ။

**ဖန်တီးထားတဲ့ စာရွက်ပေါ်ကလုပ်ကွက်**

ခရိုနီတွေက လုပ်ကွက်တွေမရမကဖန်တီးပြီး ချေးတဲ့ဘဏ်က ငွေတွေကိုလည်း စည်းကမ်းစည်းမျဉ်းနဲ့အညီ သုံးစွဲတာတွေ၊ ဖြန့်ဆင်တာတွေ မလုပ်ခဲ့ကြဘူးလို့လည်း သိရတယ်။ နာမည်ကြီး (မြန်မာပြည်မှာ တစ်ဦးတည်းထိက) ကုမ္ပဏီများပိုင်ရှင်ကြီးတစ်ဦးက အစိုးရဘဏ်က ငွေချေးယူပြီး ချေးယူစဉ်ကတင်ပြတဲ့ စီမံကိန်းအစည်နဲ့ လုပ်ငန်းနေရာမှာ အဲဒီငွေကို မသုံးဘဲ ဘယ်မှာသုံးမှန်းမသိအောင် စာရင်းတွေရှုပ်၊ အဖယ် ဘုတ်ကယ်သူ့ရှည်ခင်ဖြစ်နေလို့ စာရင်းစစ်မရပါဘူးတဲ့၊ သူ့ကုမ္ပဏီရဲ့ လုပ်ငန်းတစ်ခုဖြစ်တဲ့ လေကြောင်းလိုင်းတစ်ခုသာ စာရင်းစစ်လို့ရပါတယ်လို့ Audit Farm တစ်ခုရဲ့စာရင်းစစ်တစ်ဦးက ပြောပြလို့ သိနေရပါတယ်။ ဒါကလည်း လေကြောင်းအဝင်အထွက်ပတ်စ်ပို့၊ လူဝင်မှုကြီးကြပ်ရေးရုံးတွေရဲ့ စာရင်းတွေက အတိအကျရှိလို့သာဖြစ်ပါသတဲ့၊ အခုတော့ အဲဒီကုမ္ပဏီက ရှယ်ယာတွေခွဲဝေပြီး အများပြည်သူအကျိုးအတွက်ဆိုပြီး ပြောနေပြန်သေးတယ်။

**အထိန်းအကွပ်ရှိဖို့**

ဒီမိုကရေစီခေတ်မှာ ခရိုနီတွေကို ဘယ်လိုသဘောထားမှာပါလဲ၊ ဒီနေရာမှာ ဘာပဲဖြစ်ဖြစ်လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ အကောင်အထည်ဖော်မှာဆိုတော့ သူတို့လည်း မလွဲမရှောင်သာပါဝင်လာမှာသေချာပါတယ်။ အခုတော်မှ သူတို့ကအများအကျိုးဆိုပြီး လေသံပစ်နေပြီမဟုတ်လား၊ လွတ်လပ်တဲ့ စီးပွားရေးစနစ်မှာ အများနည်းတူမှန်ကန်တဲ့ယှဉ်ပြိုင်နည်းနဲ့ ယှဉ်ပြိုင်စီးပွားရေး ဆောင်ရွက်ရင်တော့ သူတို့ဝင်ပါနိုင်ပါလိမ့်မယ်။ အခုတော်မှ



ဒီခရိုနီတွေလက်ဦးမှုရယူ စောစောစီးစီးနေရာရလို့ လွတ်တော်ထဲထိရောက်မပြီလားမသိဘူး။ ဒါပေမဲ့ ဖြင်းရိုင်းတွေကတ်ကြီးမတပ်ဘဲ ခေါင်းက လွတ်ပေးတာမျိုး မဖြစ်အောင်တော့ ထိန်းကွပ်ရပါလိမ့်မယ်။ တင်းကျပ်တဲ့ အထိန်းအကွပ်နဲ့ ဘက်ပေါင်းစုံက ထိန်းရမယ်လို့ နားလည်ပါတယ်။ သူတို့ရဲ့ကုမ္ပဏီတွေ လုပ်ငန်းတွေ နှစ်ချုပ်၊ လချုပ်စာရင်းတွေ တိတိကျကျ ပြုလုပ်စေရပါမယ်။ စာရင်းစစ်ဆေးရင်လည်း အစိုးရကိုတရားဝင် မှတ်ပုံတင်ထားတဲ့ Audif Farm က Public Auditor တွေနဲ့ စစ်ဆေးစေရမှာဖြစ်ပါတယ်။ စစ်ဆေးလို့ရတဲ့အချက်အလက်တွေကိုလည်း နိုင်ငံတော်စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးစာရင်းရုံးတွေကိုတင်ပြ မိတ္တူ ပေးရစေမှာဖြစ်ပါတယ်။ အစီရင်ခံစာကိုလည်း Confidential ပေးရင် ပိုကောင်းပါတယ်။ စစ်ဆေးရတဲ့အချက်တွေကို တစ်ချိန်တည်းမှာပဲ ပြည်တွင်းအခွန်၊ သူတို့ငွေချေးထားတဲ့ဘဏ် တွေကိုလည်း မိတ္တူ ပေးရမှာ ဖြစ်ပါတယ်။ ဒါဟာလွတ်လပ်တဲ့ ဈေးကွက် စီးပွားရေးစနစ်မှာ အလွန်လိုအပ်ပါတယ်၊ ဒါမှသာနှစ်ပေါင်းများစွာ မတရားစီးပွားရှာတဲ့ နေရာကို ဥပဒေနဲ့အညီ စီးပွားရေးဆောင်ရွက်တဲ့သဘောသက်ရောက်မှာ ဖြစ်ပါတယ်။ သူတို့နဲ့ပတ်သက်တဲ့ဘဏ်ဝန်ထမ်းတွေ၊ ပြည်တွင်းအခွန်ဝန်ထမ်းတွေနဲ့ Audit Farm ကစာရင်းစစ်တွေကိုလည်း စည်းမျဉ်းစည်းကမ်းနဲ့အညီ အကာတိလိုက်စားမှုမရှိအောင် ထိန်းပေးရမှာလည်း ဖြစ်ပါတယ်။ အဲဒီလိုမှမဟုတ်ရင် ခရိုနီတွေရဲ့လက်ဝေခံ၊ ခရိုနီတွေရဲ တပည့်လက်သား၊ လက်ပုပ်ထဲကရေဖြစ်သွားပါလိမ့်မယ်။

**နမူနာတသဆိုတာ**

သက်ရှိသတ္တဝါဘယ်သူမဆို လောဘရှိတယ်ဆိုတာ ငြင်းဝ မရဘူး၊ ဒါပေမဲ့ တစ်ယောက်ကောင်းစားပြီး အများဆင်းရဲနေတာမ ဖြစ်နေရင် အဲဒီလိုလူမျိုးကို ထိန်းချုပ်ရမှာဖြစ်ပါတယ်၊ တစ်ယောက် အများဆိုရင် ဘယ်သူ့ကိုကြည့်ရ၊ ဦးစားပေးရမှာပါလဲ။ ဒီနေရာ





ဖရုဇ်တာစိတ်ထားနဲ့ဆင်းရဲသူတွေကိုထောက်ပံ့တာ၊ ကူညီတာ တစ်ကဏ္ဍပါ၊ အားလုံးသိတဲ့အတိုင်း ခေတ်မျက်မှာ သူဌေးဖြစ်လာတဲ့ ခရိုနီတွေဟာ အများအကျိုး ကြည့်တဲ့သူဆိုလို့ ရှားမှရှားပါ။ အရေးအတွက် အနည်းအကျဉ်းသာရှိနိုင်ပါတယ်။ ပြည်သူဆင်းရဲသားကို လူမယုံအောင် အထာရှိ သူကိုသာ ကန်တော့မှာပါ။ ဒါမှသာ သူ့အတွက်အကျိုးရှိမှာ မဟုတ်လား၊ အနည်းဆုံးသူ့တစ်ခုတော့ ရနိုင်၊ မျှော်လင့်နိုင်တယ်လေ။ ဒါကြောင့် ဒီလို လှူတာကို နမူနာတသလို့ ဟာသဖောက်ခဲ့ကြဖူးပါတယ်။

အခွင့်အရေးတောင်းကောင်းအောင်လှူတယ်၊ အခွင့်အရေးရတယ်၊ အဲဒီရတဲ့အခွင့်အရေးရဲ့ အလွန်နည်းတဲ့ အလှူအတန်းကို (ဒါမှမဟုတ် ရာနိုင်နှုန်းနဲ့)လှူရတယ်၊ ဒါကလည်း တောင်မြင် ရာမှနဲ့သဘောပါ၊ ဒီအလှူကို တစ်ခါစနီးပြီး ထပ်အခွင့်အရေးယူကြပြန်တယ်။ ဒီလိုလုံးချာပတ်ချာလိုက်နေတဲ့ ခရိုနီတွေရဲ့ လုပ်ရပ်ကြောင့် ပြည်သူတွေ အိုးမဲ့ပျောက်၊ အိမ်မဲ့ပျောက် ဆင်းရဲသားထက်ဆင်းရဲလာကြတယ်လို့ တွေ့မိတယ်။

**ပြည်သူ့အခက် ခရိုနီအချက်**

ရှေးကအင်္ဂလိပ်အခေါ်၊ မြန်မာ့(ဗမာ့)အချက်ဆိုတဲ့ စကားတစ်ခု ရှိခဲ့တယ်။ အခုလည်း နိုင်ငံအတွင်းမှာ သဘာဝဘေးအန္တရာယ်ပဲဖြစ်ဖြစ်၊ အကြောင်းတစ်ခုကြောင့်ပဲဖြစ်ဖြစ် ခရိုနီတွေအတွက်အချက်ပါ၊ အရင်ကလို အာဏာရှင်ခေတ်မဟုတ်တော့လို့၊ အာဏာရှင်ကို ဖြေကာလုပ်ဖို့ မလိုတော့သော်လည်း အဲဒီအခက်အခဲကို အခွင့်အရေးယူပြီး (ချက်ချင်းအကျိုးအတွက်မဟုတ်ဘဲ) ငွေကြေးနဲ့အခြားအလှူတွေကို လှူကြပြန်ပါတယ်။ နိုင်ငံရေးပါတီကိုပဲ ဖြစ်ဖြစ်၊ NGO နဲ့အဖွဲ့အစည်းတွေကိုဖြစ်ဖြစ်ပါ၊ ဒီအခါမှာ မီဒီယာနဲ့ပြည်သူအချို့က ဒီလိုအလှူတွေကို လက်မခံစေချင်ကြဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့အလှူက မေ့ဖြူလေးမှမဟုတ်လို့၊ နောင်အဲဒီပါတီတက်လာရင် အခွင့်အရေးယူဖို့၊ နောင်ကြီးမကောင်းတဲ့





အလှူလို့သိထားကြတာကြောင့်ပါ၊ ဒါကလည်း မပြေးသော်ကံရာရှိခဲ့ကြ လို့မဟုတ်ပါလား အခွင့်အရေးရဖို့ ရှုသီထည့်တာလို့မြင်တာကြောင့်ပါ။ သာဓကတွေက အများကြီးကို တွေ့ကြည့်ရင်သိမှာဖြစ်ပါတယ်။

ဟိုတုန်းကစိုလ်ချုပ်အောင်ဆန်းနဲ့ ဗိုလ်ထွန်းလှရုံးကိုသွားတော့ စီးတဲ့ကားပျက်လို့ ရုံးကို ခြေလျင်သွားပါသတဲ့။ ကန်တော်ကြီးဘေးမှာ ကုန်သည်တစ်ဦးက သူ့ကားကိုရပ်ပြီး ဗိုလ်ချုပ်ကို ရုံးလိုက်ပို့မယ်လို့ ခေါ်ပါတယ်။ ဗိုလ်ချုပ်ကမလိုက်လိုကြောင်း အကြောက်အကန်ငြင်းလို့ အဲဒီကုန်သည် လက်လျှော့သွားပါတယ်။ ဒီတော့မှ ဗိုလ်ချုပ်ကဗိုလ်ထွန်းလှကို ကုန်သည်အကူအညီပေးတာကိုယူလိုက်ရင် နောက်တော့သူ့(ဗိုလ်ချုပ်)ကို ကုန်သည်အကူအညီတောင်းလိမ့်မယ်၊ သူကလည်း ဘာအကူအညီမှ ကိုပြန်ပြီး အကူအညီတောင်းလိမ့်မယ်၊ သူကလည်း ဘာအကူအညီမှ ပေးနိုင်သူမဟုတ်ဘူးတဲ့၊ ဒါကြောင့် အဲဒီကုန်သည်ရဲ့အကူအညီကို မယူဘူးလို့ပြောတယ်။ မှတ်သားစရာ မကောင်းဘူးလား။ တစ်ခါရုပ်ရှင်ကို ရွေးဆုံးတန်းကထိုင်ကြည့်လို့ ရုပ်ရှင်ရုံပိုင်ရှင်က ဒီစီကကြည့်ဖို့ပြောတာ လည်း အားလုံးသိကြမှာပါ။

ဒီတော့ ခရိုနီတွေလှူတဲ့ အလှူကို သတိနဲ့လက်ခံသင့်၊ မခံသင့် စဉ်းစားစရာမကောင်းပေဘူးလား။ အားလုံးသိခဲ့ဖူးတဲ့အကြောင်းအရာ ဖြစ်ပေမယ့် သတိမေ့ရှုမမြင် မဖြစ်အောင် ပြောရတာဖြစ်ပါတယ်။

**လက်နက်စက်ရုံတွေ**

အမေရိကမှာရှိတဲ့ ခရိုနီတွေလိုလက်နက်စက်ရုံတွေ တည်ထောင်ပြီး တိုင်းငယ်ပြည်ငယ်တွေအတွင်း စစ်ပွဲတွေဖြစ်ပွားအောင်မလုပ်တာ တစ်ခုပဲ ကျန်တော့တယ်လို့တွက်ဆရမှာဖြစ်ပါတယ်။ ဒါကလည်း မြန်မာနိုင်ငံလို နိုင်ငံငယ်ရဲ့အနေအထားကြောင့်လို့ ပြောနိုင်ပါတယ်။ အဲဒီလို မဟုတ်လို့ကတော့ သူ့ထက်ကဲစာတော်လမ်းခင်းမှာပါ။

ဒါကိုတေမာစိတ်တာတ်လို့ခေါ်နိုင်ပါတယ်။ ဒီလိုစိတ်ဓာတ်မျိုး ဘယ်သူမှမထားသင့်ပါဘူး။ ထားတဲ့သူကိုလည်းခွင့်မပြုသင့်ပါဘူး။

မပြုရုံသာမဟုတ်ပါဘူး၊ ကွယ်ပျောက်သွားအောင်လုပ်ရမှာပါ။ ဘယ်ပုံဘယ်နည်း လုပ်သင့်သလဲဆိုတာ စဉ်းစားရမှာပါ၊ အများအကျိုးကို မှန်မှန်ကန်ကန်မဆောင်ရွက်နိုင်ရင်တောင်မှ မဖျက်ဆီးသင့်ပါဘူး၊ ဒီမိုကရေစီခေတ်မှာ လွတ်လပ်တဲ့စီးပွားရေးစနစ် ပီပြင်ရမှာကတော့ အမှန်ပါ။ ဒါပေမဲ့ ကိုယ်လွတ်လပ်တာဟာ အများပြည်သူထိခိုက်တာမျိုး၊ ဟသ်ာတစ္ဆာ လူသွားလမ်းဘေး ဆေးလှမ်းတာမျိုးမဖြစ်စေဖို့ အရေးကြီးပါတယ်၊ အတ္တ-ပရဟိတရမှာဖြစ်ပါတယ်၊ ဥပဒေဘောင်ရဲ့အောက်က ကြီးပွားချမ်းသာတာမျိုး ဖြစ်သင့်တယ်၊ အဲဒီလိုဖြစ်ရင် ဘယ်သူမှ မေးမငေါ့ကြပါဘူး၊ လွတ်လပ်တဲ့စီးပွားရေးစနစ်ဟာ အကန့်အသတ်မဲ့မဟုတ်ပါဘူး၊ စည်းကမ်းစည်းမျဉ်းနဲ့အညီ လွတ်လပ်ခြင်းမျိုးသာဖြစ် ရပါမယ်။

ဒါကြောင့်လွတ်လပ်တဲ့စီးပွားရေးစနစ်မှာ အများနည်းတူပါဝင်မယ်ဆိုရင် ခရိုနီတွေကို ဘယ်လိုထိန်းချုပ် မလဲဆိုတာ၊ ဘယ်လိုသဘောထားမလဲဆိုတာ ကြိုတင်စဉ်းစားသင့်ပြီဖြစ်ပါတယ်လို့ယူဆပါတယ်။

ကိုသင်း(ပန်ဆိုင်း)

